# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် | ၂၀၂၁ ခုနှစ်၊ ဧပြီ ၁၆ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၉၅)




မဟာသင်္ကြန် (အကြတ်နေ့) တွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ လေ့ခွင်းတောင်အပန်းဖြေစခန်း၌ ပြည်သူများ အပန်းဖြေအနားယူနေမှုကို တွေ့ရစဉ်။

# မဟာသင်္ကြန် (အကြတ်နေ့) တွင် နေပြည်တော်၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားကြ၍ အတာရေသဘင်ပွဲဆင်နွှဲ

နေပြည်တော် ဧပြီ ၁၅

၂၀၂၁ ခုနှစ် ဧပြီ ၁၅ ရက် (၁၃၈၂ ခု တန်ခူးလဆန်း ၄ ရက်) မြန်မာ့ရိုးရာမဟာသင်္ကြန် (အကြတ်နေ့) တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ရေပက်ခံကားများ၊ ရေပက်ခံထွက်ကြသူများ၊ စတုဒိသာ ကျွေးမွေး အလှူဒါနပြုကြသူများနှင့် ကုသိုလ်ကောင်းမှုပြုသူများကို တွေ့ရသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ လေ့ခွင်းတောင်တန်ခိုးကြီးဘုရား၊ အခြားတန်ခိုးကြီး ဘုရားကျောင်းကန်များနှင့် တရားစခန်းများတွင် တရားဘာဝနာပွားများအားထုတ်ကြသူများနှင့် သီတင်းသီလဆောက်တည်ကြသူများလည်း များပြားခဲ့သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်အားလုံး စနစ်တကျ လုပ်ငန်းများဆောင်ရွက်ရန် အနီးကပ် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ဘဏ်များအပေါ် စိတ်ချယုံကြည်စွာ ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ရယူသုံးစွဲရန် ပြည်သူလူထုသို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါတွင် လုပ်ငန်းရှင်အချို့သည် ဘဏ်များသို့ ငွေသားအပ်နှံမှုမပြုဘဲ လက်ဝယ်ငွေသား ထားရှိ၍ ငွေသားလိုအပ်ချက်ရှိသူများနှင့် ချိတ်ဆက်ပြီး ရာခိုင်နှုန်းတစ်ခု အကျိုးအမြတ် ရယူဆောင်ရွက်သော ဈေးကွက်ဖြစ်ပေါ်လာသည်ကို သိရှိရပါသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေသော ငွေစက္ကူကို အကျိုးအမြတ် ရယူလိုခြင်းငှာ ရောင်းဝယ်ဖောက်ကား ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ အခန်း(၁၆) တားမြစ်ချက်များ၊ ပုဒ်မ ၉၉ (ခ)နှင့် ငြိစွန်းလျက်ရှိပါသဖြင့် ဆောင်ရွက်ခြင်းမပြုကြပါရန်နှင့် လိုက်နာဆောင်ရွက်မှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁၅-၄-၂၀၂၁)

မြန်မာ့အလင်း

## ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းထမ်းဆောင်

ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်၏ ပုံရိပ်များတွင် မြို့ကြီးပြကြီးများ၌ မြင်နေကျဖြစ်သည့် ရေကစားမဏ္ဍပ်ကြီးများ၊ အဆိုအတီးအက စင်မြင့်ဖျော်ဖြေမှုများစသည့် မြင်ကွင်းများအစား ဘုရားကျောင်းကန်များ၌ ကုသိုလ်ယူကောင်းမှုပြုသည့် မြင်ကွင်းများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသည့်မြင်ကွင်းများ၊ ဒေသအလိုက်တည်ရှိနေသည့် အပန်းဖြေအနားယူစရာနေရာများတွင် အပန်းဖြေရေကစားကြသည့် မြင်ကွင်းများကို တွေ့မြင်ကြရသည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကြောင့် မဆင်နွှဲခဲ့ကြရသည့် ယမန်နှစ်ထက် ယခုနှစ်သင်္ကြန်တွင် ပျော်ရွှင်မှုရကြသည်ဟု ဆိုရမည်ဖြစ်သည်။

သင်္ကြန်ကာလ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကုသိုလ်ကောင်းမှုပြုခြင်းနှင့် အပန်းဖြေရေကစားခြင်းတို့ဖြင့် မြို့ရွာဒေသအနှံ့ အပြားဆင်နွှဲနေကြသည့်ရက်များအတွင်းမှာပင် အချို့မြို့ရွာဒေသများတွင် ဆူပူမှု၊ အကြမ်းဖက်တိုက်ခိုက်မှုနှင့် သတ်ဖြတ်မှုတို့ ဖြစ်ပေါ်အောင် မသမာသူတို့က ပြုလုပ်နေကြသည်ကိုလည်း သတင်းများတွင် တွေ့ရှိရသည်။ ၎င်းတို့၏ အဓိကရည်ရွယ်ချက်မှာ အေးချမ်းတည်ငြိမ်မှု ပျက်ပြားအောင် နှောင့်ယှက်ခြင်း၊ ပြည်သူလူထုအတွင်း ထိတ်လန့်ချောက်ချားစေလိုခြင်း၊ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားတွင် အခြေခံအကျဆုံးဖြစ်သော ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးယန္တရားများကို ပျက်စီးစေလိုခြင်းတို့ပင်ဖြစ်သည်။ ဒီမိုကရေစီရေးနှင့် စစ်အာဏာရှင်ဆန့်ကျင်ရေးတို့ကို အကြောင်းပြခဲ့သည့် ဆူပူအကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှုတို့မှာ အချိန်ကြာလာသည်နှင့်အမျှ ပြည်သူနှင့်ပို၍ ပို၍ ကင်းကွာလာခဲ့သည်။ အုပ်စုဖွဲ့အနိုင်ကျင့်မှု၊ ကိုယ့်ဘက်မပါသူကို ကိုယ့်ရန်သူအဖြစ် သတ်မှတ်မှု၊ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်မှုတို့ကဲ့သို့သော လုပ်ရပ်များမှာ "ဒီမိုကရေစီ" ဟူ၍ နှုတ်က မည်မျှပင် အော်နေစေကာမူ ဒီမိုကရေစီနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း လားလားမျှမဆိုင်ဟူ၍ သတ်မှတ်ကာ ဒီမိုကရေစီကို မြတ်နိုးသူတိုင်းက ဝိုင်းဝန်းဆန့်ကျင်ကြရမှာ ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ကာ ပြည်သူလူထု၏ နိုင်ငံသားအခွင့်အရေးတို့ ဆုံးရှုံးသွားသည့် အခြေအနေမဟုတ်။ တက်လာသည့် အစိုးရသည်လည်း တပ်မတော်အစိုးရ (ဝါ) စစ်အစိုးရဟု ဆိုနိုင်သည့် အစိုးရမျိုးမဟုတ်။ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) တည်ရှိနေသလို အစိုးရသည်လည်း တပ်မတော်နှင့် အရပ်ဘက်တို့ ပူးပေါင်းထားသည့် အစိုးရမျိုးဖြစ်သည်။ တပ်မတော်က ဦးဆောင်နေသည်မှန်သော်လည်း အချိုးအစားအရ အရပ်ဘက်က တပ်ဘက်ထက် ပိုမိုများပြားသလို တစ်သွေးတစ်သံတစ်မိန့်ဖြင့် စီမံအုပ်ချုပ်နေခြင်းမဟုတ်ဘဲ စုပေါင်း ဆွေးနွေးညှိနှိုင်းခြင်း၊ ဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းတို့ဖြင့် အရေးပေါ်ကာလတာဝန်များကို ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းထမ်းဆောင်နေကြခြင်းဖြစ်သည်။

"တပ်မတော်၏ တာဝန်သည် ပြည်သူကို ကာကွယ်ရန်၊ တိုင်းပြည်၏ရန်ကို ကာကွယ်ပေးရန်ဖြစ်ပြီး ပြည်သူကို အုပ်ချုပ်သည့် အဖွဲ့အစည်းမဟုတ်ကြောင်း၊ ယခုအခါ နိုင်ငံ့အရေးကိစ္စရပ်များကြောင့်သာ ဝင်ရောက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှစ၍ တပ်မတော်အနေဖြင့် နိုင်ငံ့တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရသည်များရှိကြောင်း၊ အဆိုပါကာလများအတွင်း ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကိုလည်း ဖြေရှင်းခဲ့ရကြောင်း၊ တပ်မတော်သည် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေက ပေးအပ်ထားသည့် ကောင်းမွန်သည့် အမွေဖြစ်သဖြင့် မိမိတို့အနေဖြင့် စည်းကမ်းတကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း" စသည်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ တပ်မတော်၏ အခန်းကဏ္ဍနှင့် တာဝန်ထမ်းရွက်ရသည့် သာဓကတို့ကို ထင်ရှားစေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးတည်ချက်(၉)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တို့ဖြင့် အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်သည့် အခြေအနေအရပ်ရပ်တို့ ဖြစ်ပေါ်လာစေရေးအတွက် ဒီမိုကရေစီအစစ်အမှန်ကို လိုလားသူနိုင်ငံသားတိုင်းက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## လှိုင်းဘွဲ့မြို့နှင့် မင်္ဂလာဒုံမြို့နယ်တို့ရှိကျောင်းတိုက်များ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၁၅**

ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ်



လှိုင်းဘွဲ့မြို့ မဟာသုမေဓာရာမ တောရကျောင်းတိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက်ရှိ သိမ်ကုန်းကျောင်းတိုက်မှ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ Covid- 19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) သတင်းစဉ်

## ပြေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်

**နေပြည်တော် ဧပြီ ၁၅**

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် ပြေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့် လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ ရေပြင်လေသည် တစ်နာရီလျှင် (၃၅)မိုင်မှ မိုင်(၄၀)အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် ပြေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြု နေထိုင်သွားကြပါရန် ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်စာရင်းတွင် မိုလိုတော့ဗ် (Molotov) စာစောင် မပါဝင်ပါ။

အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။

ထိုကဲ့သို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

(၁၂-၄-၂၀၂၁)

**○ လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရှယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

## မဲစာရင်းဖော်ပွဲအောင်လုပ်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်

NLD ပါတီသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲမသမာမှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြို့နယ် ၃၁၅ မြို့နယ်တွင် မဲမသမာမှုဟုယူဆရသည့် အရေအတွက် ၁၀ သန်းကျော်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ မဲစာရင်းဖောင်းပွအောင်လုပ်မှုသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့်စာမေးပွဲကို မတန်တဆအမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေပါကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့များနှင့် တွေ့ဆုံ

နေပြည်တော် မေ ၁၅

**ရှမ်းပြည်နယ် လားရှိုးမြို့တွင် ရောက်ရှိလျက်ရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် မေ ၁၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး စုပေါင်းခန်းမတွင် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံသည်။** (ယာပုံ)



**အလေးထားဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရသည့်အခြေအနေများ၊ လက်ရှိနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့်အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ၊ နိုင်ငံတော်အတွင်း ဆန္ဒပြမှုအခြေအနေမှ ဆူပူဆန္ဒပြမှု၊ ယင်းမှ အကြမ်းဖက်လှုပ်ရှားဆောင်ရွက်မှုများ၊ ထိုအဆင့်မှ အဖျက်အမှောင့် လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လာမှုအခြေအနေများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အေးချမ်းလုံခြုံမှုကို လိုလားသည့် ပြည်သူလူထု၏ မျက်နှာကိုထောက်ရှု၍ လူစုလူဝေး ကိုင်တွယ်ထိန်းသိမ်းဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လုံခြုံရေးဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ရေး ရဲတပ်ဖွဲ့ဝင်များဆောင်ရန်/ ရှောင်ရန်ကိစ္စရပ်များ၊ တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်ရေးကိစ္စရပ်များ၊ ကောလာဟလများထုတ်လွှင့်နေမှုများကို ဂရုပြုရှောင်ကြဉ်ရေး စသည်တို့ကို အသေးစိတ်မှာကြားခဲ့ပြီး မိသားစုများကို ဆန်၊ ဆီ၊ ပဲ၊ ကြက်သွန်၊ ကြက်ဥစသည့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

**ပေါင်းစပ်ဖြည့်ဆည်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမတွင် ပြည်နယ်/ ခရိုင်/ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့များကို တွေ့ဆုံ၍ နိုင်ငံတော်၏ လက်ရှိအခြေအနေအရပ်ရပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ၊ နိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ရပ်များ၊ ဆူပူအကြမ်းဖက်အဖွဲ့အစည်းများ၏ အဖျက်အမှောင့် ဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးရေး ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် ဆက်လက်လုပ်ဆောင်ရမည့် အစီအမံများ၊ ဌာနဆိုင်ရာများ ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် တင်ပြလာသည့် လုပ်ငန်းအခက်အခဲများကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ပင်စင်စားမိဘပြည်သူများသို့ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်တွင် Wave Pay ၊ MPT Pay စနစ်တို့ဖြင့် ပင်စင်လစာထုတ်ယူနေသော ပင်စင်စားမိဘပြည်သူများအနေဖြင့် လတ်တလောအခြေအနေများကြောင့် ၂၀၂၁ ခုနှစ်၊ ဧပြီလအတွက် အငြိမ်းစားလစာငွေများကို Mobile Agents များတွင် ထုတ်ယူနေခြင်းအစား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် E-Pension ကတ် အသုံးပြု၍ ထုတ်ယူပေးပါရန်နှင့် COVID-19 ကူးစက် ရောဂါကာကွယ်နိုင်ရေးအတွက် ၂၁-၄-၂၀၂၁ ရက်နေ့ တစ်ရက်တည်းထုတ်ယူခြင်းအစား ယင်းနေ့နောက်ပိုင်း ဘဏ်ဖွင့်ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လွယ်ကူစွာထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဒုတိယမြို့တော်ဝန်တို့ နေပြည်တော်အတွင်းရှိ တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်

**နေပြည်တော် ဧပြီ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တန်ခိုးကြီးဘုရားစေတီများသို့ ယနေ့ (မဟာသင်္ကြန် အကြတ်နေ့) နံနက် ၆ နာရီခွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများက သွားရောက်၍ ဆွမ်း၊ ရေချမ်း၊ တံခွန်ကုက္ကားနှင့် ရွှေသင်္ကန်းများ လှူဒါန်းပူဇော်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပုဗ္ဗသီရိမြို့နယ်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်နှင့် လက်လုပ်တောင်စေတီ၊ ဥတ္တရသီရိမြို့နယ်ရှိ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး၊ ဇေယျာသီရိမြို့နယ်ရှိ လေ့ခွင်းတောင်ဘုရားတို့ကိုသွားရောက်၍ ဆွမ်း၊ ရေချမ်း၊ တံခွန်ကုက္ကားနှင့် ရွှေသင်္ကန်းများကို လှူဒါန်းပူဇော်ကြသည်။

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်က ပျဉ်းမနားမြို့နယ်ရှိ ဘုရားကိုးဆူစေတီ၊ လောကမာရဇိန်စေတီနှင့် လောကရန်နှိမ်စေတီ၊ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ရွှေလက်လှဘုရားတို့တွင်လည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက တပ်ကုန်းမြို့နယ်ရှိ မိုးဃ်းကောင်းစေတီနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ သတ္တသတ္တာဟသံဝေဇနိယလေးဌာနစေတီတို့တွင် လည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုဇယဓာတ်ပေါင်းစုစေတီနှင့် လယ်ဝေးမြို့နယ်ရှိ ဖောင်တော်ချက်မစေတီတို့တွင် လည်းကောင်း အသီးသီးသွားရောက်၍ ဆွမ်း၊ ရေချမ်း၊ တံခွန်ကုက္ကားနှင့် ရွှေသင်္ကန်းများကို လှူဒါန်းပူဇော်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ မဟာသင်္ကြန်ပွဲတော် ဝန်ထမ်းမိသားစုသင်္ကြန်ပွဲကျင်းပ

**မြစ်ကြီးနား ဧပြီ ၁၅**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူး၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ရုံးဝင်းအတွင်း မြန်မာ့ရိုးရာမိသားစုသင်္ကြန်ပွဲတော်ကို ဝန်ထမ်းမိသားစု မဟာသင်္ကြန်ပွဲတော်အဖြစ် ဧပြီ ၁၄ ရက် (တန်ခူးလဆန်း ၃ ရက်) မဟာသင်္ကြန်အကျနေ့တွင်ကျင်းပရာ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့သည်။

### ဖွင့်လှစ်ပေး

မဟာသင်္ကြန်ပွဲတော်အကျနေ့ကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန် နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီးတို့ တက်ရောက်ကြပြီး မဟာသင်္ကြန်ပွဲတော် ယိမ်းအကအလှအဖွဲ့များက ပိတောက်လက်ဆောင် တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ ဖွင့်လှစ်ပေးကြသည်။

### နှုတ်ခွန်းဆက်စကား

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာနှင့်အညီ မဟာသင်္ကြန်ပွဲတော်ကို ခြိမ့်ခြိမ့်သဲ ကျင်းပပြုလုပ်ခွင့်မရသော်လည်း မိသားစုသင်္ကြန်အနေဖြင့် ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ မဟာသင်္ကြန်ကာလတွင် နှစ်ဟောင်းက အညစ်အကြေးမှန်သမျှကို ကိုယ်ရောစိတ်ပါ စင်ကြယ်သန့်ရှင်းပြီး နှစ်သစ်မှာ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယိမ်းအဖွဲ့များက အကအလှများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြပြီး **(အောက်ပုံ)** မဟာသင်္ကြန်ပွဲတော် အကျနေ့အား ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြကာ ဌာနဆိုင်ရာများ၏ စုပေါင်းစတုဒိသာကျွေးမွေးညှော်ခံမှုကို လိုက်လံအားပေး သုံးဆောင်ခဲ့ကြသည်။ **ပြည်နယ် (ပြန်/ဆက်)**



**❊ ရှေ့ဖုံးမှ**

ထို့ပြင် နေပြည်တော်အတွင်းရှိ အထင်ကရနေရာများဖြစ်သည့် ဇေယျာသီရိမြို့နယ်ရှိ လေ့ခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း၊ ကျည်တောင်ရေဆိပ်၊ ပျဉ်းမနားမြို့နယ်ရှိ အဝေရာကမ်းခြေ ရေကစားအပန်းဖြေစခန်း၊ ပေါင်းလောင်းရေလွှဲဆည်တို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

### လှည့်ကင်းများဖြင့် စောင့်ရှောက်

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ခြင်းမရှိစေရန် စစ်ဆေးခြင်း၊ အပန်းဖြေစခန်းများတွင် လာရောက်အပန်းဖြေကြသူများ အန္တရာယ်မရှိစေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များက သတိပေးနှိုးဆော်ခြင်းများနှင့် လှည့်ကင်းများဖြင့် စောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

### လာရောက်အနားယူအပန်းဖြေ

အဝေရာအပန်းဖြေစခန်းသို့ လာရောက်အနားယူ အပန်းဖြေသူ လူငယ်တစ်ဦးက “သူငယ်ချင်းတွေနဲ့ လာရောက်အပန်းဖြေ အနားယူခြင်းဖြစ်ပါတယ်။ အပန်းဖြေစခန်းမှာလည်း လူငယ်တွေအပြင် အရွယ်စုံ လာရောက်အပန်းဖြေအနားယူတာ တွေ့ရပါတယ်။ လာရောက်အပန်းဖြေသူအားလုံးက တစ်ဦးနဲ့တစ်ဦး ရင်းနှီးချစ်ခင်စွာနဲ့ အပန်းဖြေကြတာ တွေ့ရပါတယ်။ သင်္ကြန်ဆိုတာက တစ်နှစ်မှ တစ်ကြိမ်ပဲ ပျော်ရွှင်ရတဲ့ မြန်မာ့ရိုးရာပွဲတော်ဖြစ်တဲ့အတွက် ပါဝင်ဆင်နွှဲရတာ စိတ်ကြည်နူးမိပါတယ်။ ပြည်သူတွေအားလုံးလည်း နေပြည်တော်က အထင်ကရအပန်းဖြေစခန်းတွေကို လာရောက်အနားယူအပန်းဖြေဖို့ ဖိတ်ခေါ်ပါတယ်” ဟု ပြောသည်။

### မဏ္ဍပ်ငယ်များ ဆောက်လုပ်

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌လည်း မဏ္ဍပ်ငယ်များ ဆောက်လုပ်၍ ရေပက်ကြသူများ၊ စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်များဖြင့် လည်ပတ်ရေပက်ခံ ရေကစားကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများနှင့် လမ်းလျှောက်ရေပက်ခံကစားကြသူများကို တွေ့မြင်ခဲ့ရသည်။

**သတင်း-နိုင်အောင်၊ ဓာတ်ပုံ-ကိုဆွေ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှမ်းပြည်နယ် တာချီလိတ်ခရိုင်အတွင်း ခရီးသွားရွာ ဖော်ဆောင်နိုင်မည့်အခြေအနေများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၁၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဧပြီ ၁၁ ရက်က ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားအနီး ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်ဖူးမြော်လေ့ရှိသည့် ရန်ကုန်ရွှေတိဂုံပုံစံတူ စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။

အဆိုပါစေတီတော်မှာ ၁၉၉၈ ခုနှစ်တွင် စတင်တည်ထားကိုးကွယ်ခဲ့ပြီး ဉာဏ်တော် အမြင့် ၁၀၈ ပေ ရှိ၍ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်မှ မြို့၏ သဘာဝအလှအပများကို တွေ့မြင်ခံစားနိုင်သည့်အတွက် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သော နေရာတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်အတွင်း ခရီးသွားရွာ ၁၂ ရွာ ဖော်ဆောင်မည့် စီမံချက်များအနက် တစ်ခုဖြစ်သည့် တာချီလိတ်ခရိုင်အတွင်းရှိ ဟွေယုန်းကျေးရွာသို့ သွားရောက်ကြည့်ရှုသည်။ အဆိုပါကျေးရွာသည် ဒေသခံ အာခါတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို လေ့လာနိုင်သော လူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism – CBT) ကို အကောင်အထည်ဖော်ဆောင်ရွက်မည့်နေရာဖြစ်ကြောင်းသိရသည်။ ၎င်းကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀၀ ကျော်တွင်တည်ရှိပြီး တောတောင်ရေမြေသဘာဝနှင့် ရှုမျှော်ခင်းများ ကြည့်ရှုခံစားနိုင်သည့်အပြင် လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များ အနေဖြင့် ကျေးရွာပတ်ဝန်းကျင်တစ်လျှောက်တွင် Trekking ပြုလုပ်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်ခရိုင်အတွင်းရှိ Phalan Resort Hotel သို့ သွားရောက်ကာ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် လွယ်စတုံကျေးရွာအတွင်း၌ ပြည်တွင်းခရီးစဉ်များ ပြန်လည်စတင်ချိန်တွင် ခရီးသွားဧည့်သည်များ လာရောက်အနားယူ အပန်းဖြေလည်ပတ်နိုင်မည့် ခရီးသွားဆွဲဆောင်ရာနေရာများ၊ လားဟူငါးကန်တို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

**နေပြည်တော် ဧပြီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ (၃) စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www.issuu.com/myanmarnewspaper ၊ https://www.moi.gov.mm/mal၊ https://www.moi.gov.mm/km နှင့် https://www.moi.gov.mm/nlm တို့တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

### အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင် ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

### ပန်းတောင်းမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများကို ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်း ဧပြီ ၁၄ ရက် ညနေပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် တုံကင်းချင်းကျေးရွာ၊ ရွာထောင်ချင်းကျေးရွာ၊ ရွာထောင်ဗမာကျေးရွာ၊ ထောက်ကြံ့ကုန်းကျေးရွာနှင့် ရေနောင်ကျေးရွာများရှိ လူနေအိမ် ၂၉ လုံးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ အမိုးလန်ပျက်စီးခြင်း၊ နေအိမ်ပြိုလဲ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်ခဲ့သည့် ကျေးရွာများသို့ ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပန်းတောင်းတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက သွားရောက်၍ အမိုးလန်ပျက်စီးခဲ့သည့် နေအိမ်များကို ပြန်လည်ပြုပြင်ပေးခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်းနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပန်းတောင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အတာတန်ခူး နှစ်ဦးကိုကြိုဆိုခြင်း

**သိန်းထွန်း(IR)**

မြန်မာနှစ်ဟောင်းတစ်နှစ် ကုန်ဆုံးပေတော့မည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်ရောက်ချိန်တွင် ဇရာအားဖြင့်လည်း တစ်နှစ် ကြီးလာလေပြီ။ တစ်နှစ်နှင့် တစ်နှစ်သည် ကြာသည်မထင်ရ၊ ပို၍မြန်လာသလားဟုပင် ထင်မိသည်။ အချိန်တွေ၊ ရက်တွေ၊ လတွေ၊ နှစ်တွေ ကုန်ဆုံးချိန်မြန်နေသည်ဟု မိမိတို့စိတ်တွင် ထင်မိနေခြင်းသာ ဖြစ်ပေလိမ့်မည်။ ကာလ သတ်မှတ်ချက်တို့က ပြောင်းလဲသွားခြင်းမဟုတ်ဘဲ မိမိစိတ်တို့ကသာ ပြောင်းလဲနေခြင်းလည်း ဖြစ်နိုင်၏။ ထိုသို့နှင့်ပင် နှစ်သစ်တစ်နှစ် ကူးပေတော့မည်။

ရာသီဥတုသည်လည်း ထိုသို့ပင်။ ဧပြီလထဲ ရောက်လာချိန်တွင် အပူချိန်သည် နေ့ရောညပါ တိုးလာနေသည်။ အပူချိန်တိုးလာသည်မှာ ယခုနှစ်မှတော့ မဟုတ်။ နှစ်တိုင်းလိုလိုပင် ဖြစ်လာသည်။ လူသားများသာမဟုတ်။ ကမ္ဘာလောကကြီးလည်း ပြောင်းလဲနေပါ၏။ ကောင်းသောပြောင်းလဲခြင်း ဖြစ်ပါစေဟု ဆန္ဒပြုမိသည်။

ယခင်ကာလများကတည်းကပင် ပူပြင်းလှသော နွေသည် ယခုအခါ ပို၍ ဆိုးလာနေလေပြီ။ ယခုအချိန် ရောက်လာပြီဆိုပါလျှင် ကြည့်လေရာ နေရာတိုင်းသည် ပူပြင်းခြောက်သွေ့သော နေရောင်အောက်တွင် အပင်များမှာ အရိုးပြိုင်းပြိုင်းနှင့်။ ပင်ယံထက်ဆီမှ ရွက်ဝါတို့သည်လည်း လေတိုက်တိုင်း တဖြုတ်ဖြုတ်နှင့် ကြွေကျနေကြသည်။ ရွက်ဝါတို့မှာ သိင်္ဂီအဆင်းဟုဆိုရန် ခက်လှသည်။ ဖုန်အလိမ်းလိမ်းနှင့် ရွှေရောင်အဆင်းဟု မဆိုနိုင်တော့။ လောကဓံကို အလူးအလဲ ခံနေကြရဟန်တူသည်။

အပင်တို့မှာလည်း တလှပ်လှပ်ထနေသော တံလျှပ်တို့အောက်တွင် ယိမ်းထိုးကနေဟန် မြင်ရသည်။ တံလျှပ်တို့အောက်တွင် အမြင်အာရုံ၊ အသိအာရုံတို့ မှားတတ်ကြသည့် သဘောပင်။ နွေဦးလေရူးနှင့်အတူ တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေတို့သည်လည်း အပူငွေ့များ ရောယှက်လျက်။ နေက ပူ၊ မြေက ပူသည်သာမက လေတို့ကပါ ပူလွန်းလှသည်။ အထက်မီး အောက်မီး မုန့်သဖွယ်။ ရင်တွင်းအပူနှင့် ဩကာသလောကအပူ အပူချင်းပြိုင်နေသလားဟုပင် ထင်မှတ်စရာ။ အေးချမ်းသော လောကဝန်းကျင်၊ လူ့ဝန်းကျင်ကို တမ်းတမိသည်။

### နွေကာလနှင့် သင်္ကြန်

ငယ်စဉ်က ယခုလိုအချိန်များတွင် အပူကိုလည်း အာရုံမရောက်တတ်ခဲ့ကြ။ အတာသင်္ကြန် ပျော်ရွှင်ရန်သာ စိတ်စောနေလေ့ရှိကြသည်။ ယခုနှစ်တွင်မူ ထိုသို့မဟုတ်။ နှစ်သစ်နွေဦး သင်္ကြန်ချိန်ခါ ဖြစ်သော်လည်း တူးပို့သံ တိတ်ဆိတ်နေသည်။ နှစ်ဦးတွင် မိမိတို့ပတ်ဝန်းကျင်၌ ကြားရမြဲ လွမ်းလွမ်းဆွေးဆွေး ဥဩငှက်ငယ်၏ အသံကိုပင် မကြားရ။ တိတ်ဆိတ်လွန်းလှသည်။ အလွမ်းသည် ဥဩငှက်ငယ်လည်း နှစ်သစ်နွေဦးကိုကြိုဆိုရန် မေ့နေပြီလား မဆိုတတ်။ ဥဩငှက်ငယ်၏ လွမ်းဖွယ်အသံ ကြားရလေမလား သတိရတိုင်း နားစွင့်မိသည်။ ဥဩငှက်ငယ်၏အသံကို မကြားရတော့ ပို၍ပင် လွမ်းသလိုလို။ ဥဩသံမကြားရသော နွေဦးသည် မပြည့်စုံသကဲ့သို့ ခံစားရ၏။ သို့သော် မိမိ မည်သို့တတ်နိုင်ပါမည်နည်း။ လူငယ်တို့ ဘာသာဘာဝ ရေကစားမြူးတူးသံများလည်း တိတ်ဆိတ်နေကြပါ၏။ ခြောက်သွေ့လွန်း၊ တိတ်ဆိတ်လွန်းသည့် နွေဦးနှင့် အတာတန်ခူးဟု ဆိုရမလိုပင်။



**ရွှံ့ညွန်သည် ရေကြောင့် ဖြစ်ရ၏၊ ရေဖြင့်သာ စင်ကြယ်၏။ မကောင်းမှုသည် စိတ်ကြောင့်ဖြစ်ရ၏၊ စိတ်ဖြင့်သာလျှင် စင်ကြယ်၏။ စိတ်ကြောင့်ဖြစ်လာရသော မကောင်းမှု အညစ်အကြေးကို စိတ်ဖြင့် ဆေးကြောမှသာလျှင် ဖြူစင်နိုင်ပေသည်ဟု ဆိုပါ၏။ သို့ဆိုပါလျှင် မိမိကို သန့်စင်ကြရမည်မှာ မိမိတို့ကိုယ်တိုင်၊ မိမိတို့၏စိတ်ပင် ဖြစ်ပါ၏။ မိမိတို့၏ စိတ်အညစ်အကြေးတို့ကို သန့်စင်ရန် အကောင်း / အဆိုး ခွဲခြားရန်မှာမူ မိမိ၏ ဉာဏ်ပညာဖြင့်သာ ဆန်းစစ်ကြရပါမည်။**

### သင်္ကြန်နှင့် ပိတောက်

ယခင်နှစ်များကတော့ သင်္ကြန်ရောက်လေတိုင်း သင်္ကြန်မိုးနှင့်အတူ ပန်းပိတောက်မင်းတို့ကို နေရာတိုင်းလိုလို တွေ့ရသော်လည်း ယခုမူ ရှာရပင် ခက်နေလေပြီ။ အတာသင်္ကြန်နှင့် ပန်းပိတောက်နှင့် ပတ်သက်၍ ဆရာဇော်ဂျီက **"ခေါင်းကြွကာ ဆာဝေဝေနဲ့၊ သူလည်းလေ လောကီသားလိုပဲ့၊ ကြွားချင်လှ ပေလိမ့်မယ်"**ဟု စပ်ဆိုခဲ့ပါ၏။ စာဆိုရှင် ဦးကြော့ကမူ **"တစ်နှစ်တွင် သည်တစ်လပေပ၊ တစ်လတွင် တစ်ရက်ထဲ၊ ခက်ခဲတဲ့ရက်ဗုဒ္ဓါ၊ ပွင့်ရှာကြ စုံမြိုင်တွင်း"**ဟု စပ်ဆိုခဲ့၏။ ယခုမူ ထိုသို့ မဟုတ်တော့ချေ။ ရာသီတွေပြောင်းလဲခြင်းနှင့်အတူ အခြေအနေများ မတူနိုင်ကြတော့။

နွေဦးပေါက်လာလျှင် နှစ်ကူးသင်္ကြန်ကို မျှော်ကြရသည်။ ပျော်ကြရသည်။ ကဲကြရသည်။ ကောင်းမှုကုသိုလ် ယူကြရသည်။ အတိတ်ကောင်း နိမိတ်ကောင်း ယူကြရသည်။ သင်္ကြားမင်း၏ ခွေးသားရေပုရပိုက်ထဲတွင် မှတ်တမ်းတင်မခံရရန် လိုသည်။ ကောင်းမှုကုသိုလ်ပြု၍ ရွှေပုရပိုက်တွင် မှတ်တမ်းဝင်ဖို့လိုသည်။ သို့အတွက် ကောင်းမှုယူကြသည်၊ ကုသိုလ်ပြုကြသည်။

အတာသင်္ကြန်ဆိုသည်က ကောင်းမှုကုသိုလ်များ ပြည့်နေသလို ပျော်ရွှင်မှုများကလည်း နေ့နေ့ညည အပြည့်ပင်။ သူ့အချိန်၊ သူ့ရာသီ၊ သူ့အခြေအနေ ဖြစ်နေသည်ကိုး။ ယခုနောက်ပိုင်း သင်္ကြန်မလည်နိုင်၊ မသွားနိုင်သော်လည်း တစ်ခါတစ်ရံ လေထဲလွင့်ပျံ့လာသည့် နွေဦးတေးသံများ ကြားမိလျှင် ကြည်နူးမိ၊ ပျော်ရွှင်မိသည်ကတော့ အမှန်ပင်။ ပျော်ရွှင်မြူးတူးနေသည့် ကလေး၊ လူငယ်၊ လူရွယ်များကိုသာမက အရွယ်သုံးပါးအားလုံးကို မြင်ရတိုင်းလည်း ကျေနပ်မိသည်။ သူတို့လေးတွေ တစ်နှစ်မှ တစ်ခါ နှစ်သစ်ကို ပျော်ရွှင်စွာ ကူးပြောင်းစေလိုသည်။ ကလေးငယ်များသည် အိမ်တစ်အိမ်၏ ဆည်းလည်းဟုဆိုလျှင် လူငယ်၊ လူရွယ်များသည်လည်း နိုင်ငံ၏ ဆည်းလည်းများဟု ဆိုရပေလိမ့်မည်။

သို့သော် လောကသုံးပါး၏ စည်းချက်၊ လူ့ပတ်ဝန်းကျင်၏ ဟန်ချက်အောက်တွင် အရာရာသည် မိမိဆန္ဒအတိုင်းဖြစ်သည်လည်း ရှိနိုင်သလို၊ မိမိဆန္ဒနှင့် မကိုက်ညီသည်များလည်း ရှိနိုင်သည်ကို ဆင်ခြင်ရပေလိမ့်မည်။ နှစ်ဦးတွင် ပျော်ရွှင်ရမြဲ အတာသင်္ကြန်ကို ယမန်နှစ်က မကျင်းပနိုင်သလို ယခုနှစ်တွင်လည်း မကျင်းပနိုင်။ မည်သို့တတ်နိုင်ပါမည်နည်း။ ကံကိုတော့ ပုံမချချင်၊ ကံဆိုသည်က အလုပ်လို့ ဆိုသည်ကိုး။

### ရုပ်ပိုင်း စိတ်ပိုင်း အညစ်အကြေးများ

နှစ်သစ်တွင် နှစ်ဟောင်းအညစ်အကြေးများကို အတာရေဖြင့် ဆေးကြောကြသည်ဟု ဆိုကြလျှင် နှစ်ဟောင်းအညစ်အကြေးများကို မဆေးကြောမသန့်စင်ကြတော့ဘူးလားဟု တွေးစရာပင်။ အတာရေတို့ဖြင့် ရုပ်အညစ်အကြေးတို့ကို သန့်စင်နိုင်ပါ၏၊ ဆေးကြောနိုင်ပါ၏။ ထို့အတူ နှစ်သစ်တွင် လူသစ်၊ စိတ်သစ်ဖြစ်ရန်ဆိုပါမူ စိတ်တို့ကိုလည်း ဆေးကြောကြဖို့ လိုအပ်မည်ထင်သည်။ သင်္ကြန်ဆိုသည်က ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရပါသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်း ဆိုရာတွင် အချိန်ကာလ သတ်မှတ်ချက် ပြောင်းလဲခြင်းထက် ပိုပါသည်။ နှစ်သစ်တွင် နှစ်ဟောင်းမှ ရုပ်ပိုင်း၊ စိတ်ပိုင်း အညစ်အကြေးများ ပါမလာစေချင်။ နှစ်သစ် စိတ်သစ်တို့ဖြင့် မိမိကိုယ်ကို တည်ဆောက်ခြင်း၊ လူမှုဝန်းကျင် တည်ဆောက်ခြင်းဖြင့် မိမိအကျိုး၊ အများအကျိုး ပြုကြမည်ဆိုလျှင် နတ်လူသာခုခေါ်ပေလိမ့်မည်။

နွေဦးတွင် ကြုံတွေ့ခံစားနေရသည့် နွေအပူတို့ ဆိုသည်က အချိန်တန်၍ နွေကုန်လျှင် ပျောက်သွားပေလိမ့်မည်။ သဘာဝ စည်းချက်နှင့်အညီ ရာသီအလိုက် အေးလိုက်၊ ပူလိုက်၊ မိုးရွာလိုက်ဖြင့် သံသရာလည်နေကြပေလိမ့်မည်။ မိုးရာသီရောက်လျှင် အပူများ ကုန်သွားပေလိမ့်မည်။ မိုးများကုန်၍ ဆောင်းရောက်လျှင် အေးမြလာပေဦးမည်။ သူ့စည်းချက်နှင့်သူ။ ပုထုဇဉ်လူသား၏ ရင်တွင်းမှအပူဆိုသည်က ထိုသို့မဟုတ်။ အကုသိုလ်တရားများ တိုးလာလေ ရာသီမရွေး၊ အချိန်မရွေး၊ နေရာမရွေး၊ လူမျိုးမရွေး အပူများက တိုးလာလေပင် မဟုတ်ပါလား။

မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော်၏ သုတ်ငါးဆယ်တွင် သတ္တမမြောက်သုတ်ဖြစ်သည့် ဝတ္ထသုတ်တွင် ဖော်ပြထားသော အကုသိုလ်တရားဆိုး စိတ်ညစ်ညူးကြောင်းတရားတို့တွင် သူတစ်ပါးစည်းစိမ်ကို ရှေးရှုကြံစည်ခြင်း(အဘိဇ္ဈာ)၊ မသင့်လျော်ရာ၌ လိုချင်တပ်မက်ခြင်း (ဝိသမလောဘ)၊ သူတစ်ပါး ပျက်စီးစေလိုခြင်း(ဗျာပါဒ)၊ အမျက်ထွက်ခြင်း (ကောဓ)၊ ရန်ငြိုးဖွဲ့ခြင်း(ဥပနာဟ)၊ ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း(မက္ခ)၊ ဂုဏ်ပြိုင်ခြင်း(ပဠာသ)၊ ငြူစူခြင်း(ဣဿာ)၊ ဝန်တိုခြင်း(မစ္ဆရိယ)၊ လှည့်ပတ်ခြင်း (မာယာ)၊ စဉ်းလဲခြင်း(သာဌေယျ)၊ စိတ်ခက်ထန်ခြင်း (ထမ္ဘ)၊ ချုပ်ချယ်ခြင်း(သာရမ္ဘ)၊ မောက်မာခြင်း(မာန)၊ အလွန်မောက်မာခြင်း(အတိမာန)၊ မာန်ယစ်ခြင်း (မဒ)၊ သတိမေ့လျော့ခြင်း(ပမာဒ)ဟု ဖော်ပြထား၏။

ထိုအကုသိုလ်တရားတို့သည် မိမိကိုယ်ကိုလည်း လောင်စေ၏၊ သူတပါးကိုလည်း လောင်စေပါလိမ့်မည်။ ထိုအကုသိုလ်တရားများကို မည်သူတို့က ပယ်သတ်ကြမည်နည်း။

စာမျက်နှာ ၇ သို့


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ


နေပြည်တော် ဧပြီ ၁၅

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။**

အဆိုပါ မိန့်ခွန်းစာအုပ်တွင် ၂၀၂၂ ခုနှစ် မတ်လအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့် အထိမ်းအမှတ် အခမ်းအနားများသို့ ပေးပို့သည့် သဝဏ်လွှာများ စုစုပေါင်း ၁၇ ပုဒ်ကို စုစည်းဖော်ပြထားသည်။

မတ်လ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၂)တွင် "နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးမည်ဆိုသည့်အချက် ပါဝင်ကြောင်း၊ သို့ဖြစ်၍ အသက်ပြည့်ပြီး မဲပေးခွင့်ရှိသူတိုင်း ဥပဒေနှင့်အညီ မဲပေးနိုင်ရေးအတွက် မှတ်ပုံတင် (သို့မဟုတ်) သက်သေခံကတ်ပြား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အသက်ပြည့်သူတိုင်း မဲပေးနိုင်ရေး အထူးစီမံချက်ဖြင့် မှတ်ပုံတင်နှင့် သက်သေခံကတ်ပြားများ လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း" ပြောကြားခဲ့သည့် အမှာစကား၊ မတ်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၃/၂၀၂၂)တွင် "စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကလုပ်ရန်၊ ဈေးကွက်စီးပွားရေးကို ပီပီပြင်ပြင် ဖော်ဆောင်၍ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်နှင့် အဆိုပါအချက်များနှင့် ဆက်စပ်သည့် ပြည်တွင်းစီးပွားရေးလုပ်ငန်း SME များကိုလည်း အားပေးကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ရရှိအောင် မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ စီးပွားရေးကောင်းမွန်လာပါက ဝယ်လိုအားများ ကောင်းမွန်လာပြီး ရောင်းလိုအားကောင်း၍ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း" စသည့်အကြောင်းအရာများ အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းများ၊ သဝဏ်လွှာများနှင့် အမှာစကားများကို စုစည်းထုတ်နုတ်ထားသည်။



ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

သတင်းစဉ်

# အချစ်ပန်းတွေ ပွင့်စေချင်

❖ မနက်ဖန် တစ်နှစ်ဆန်းတော့မှာမို့
အချစ်ပန်းတို့ ပွင့်စေချင်။

❖ အမုန်းတရားတွေနဲ့
နှလုံးသားကို မညစ်ထေးစေနဲ့
အသစ် အတွေးကိုယ်စီဆင်လို့
ပြည်တစ်ခွင်
ကြည်လင်အေးစေကြောင်း
အကောင်းမြင် မနောအလှရယ်နှင့်
ဒေါသဖယ်နှင်။

❖ သူလည်းလေ သူ့အကြောင်း
ကိုယ်လည်းလေ ကိုယ့်အကြောင်း
အကြောင်းစုံ ပေါင်းဆုံအပ်ပါလို့
ဆက်စပ်ကာ အကြည့်မမှားလေမှ
အရှိတရားကို အမှန်မြင်
ကင်းစင်လိမ့် သံသယများ။

❖ တရားသတိ ဉာဏ်ယှဉ်
အမှားရှိလျှင် အမှန်ပြင်လို့
နက်ဖန်တွင် ခရီးဆက်လေမှ
အခက်မပွေ အဆင်ချောပေလိမ့်
ချစ်သောဆွေ ရက်မရွှေ့လိုက်ပါနဲ့
အတက်နေ့မှာ အချစ်ပန်းတွေနှင့်
နှစ်ဆန်းကို အကြိုထောက်ပါလို့
ဝမ်းမြောက်စို့တကား။ ။

**မြင်းမူမောင်နိုင်မိုး**

*စာမျက်နှာ ၆ မှ*

ဉာဏ်ပညာဖြင့်သာ

ရွှံ့ညွန်သည် ရေကြောင့်ဖြစ်ရ၏၊ ရေဖြင့်သာ စင်ကြယ်၏။ မကောင်းမှုသည် စိတ်ကြောင့်ဖြစ်ရ၏၊ စိတ်ဖြင့်သာလျှင် စင်ကြယ်၏။ စိတ်ကြောင့် ဖြစ်လာရသော မကောင်းမှုအညစ်အကြေးကို စိတ်ဖြင့် ဆေးကြောမှသာလျှင် ဖြူစင်နိုင်ပေသည်ဟု ဆိုပါ၏။ သို့ဆိုပါလျှင် မိမိကို သန့်စင်ကြရမည်မှာ မိမိတို့ကိုယ်တိုင်၊ မိမိတို့၏ စိတ်ပင်ဖြစ်ပါ၏။ မိမိတို့၏ စိတ်အညစ်အကြေးတို့ကို သန့်စင်ရန် အကောင်း/ အဆိုး ခွဲခြားရန်မှာမူ မိမိ၏ ဉာဏ်ပညာဖြင့်သာ ဆန်းစစ်ကြရပါမည်။

ဉာဏ်ပညာဟူသော သဘောသည် သိမြင်နားလည်ခြင်း၊ ကျွမ်းကျင်တတ်မြောက်ခြင်း၊ ခွဲခြမ်းဝေဖန်တတ်ခြင်းဟူသော ဉာဏ်ရည်ဉာဏ်သွေးရှိရုံသာမဟုတ်၊ အသိတစ်ခုကို အကျိုးအကြောင်း ဆက်စပ်၍ ဆင်ခြင်တွေးတောတတ်ခြင်း၊ ထိုအသိတရားမှတစ်ဆင့် ဖြစ်ထွန်းပေါ်ပေါက်လာမည့်အကျိုးဆက်များကို မျှော်မှန်းကောက်ချက်ချနိုင်ခြင်း၊ ထိုအသိကို မိမိသိသကဲ့သို့ အခြားသူများ နားလည်သိရှိအောင် ရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ပြောဆို ရေးသားတတ်ခြင်း၊ မောဟဟူသော အမိုက်တိုက်ကြားတွင် စမ်းတဝါးဝါး လျှောက်လှမ်းနေသူ ဘဝခရီးဖော်တို့အား အမှောင်ကို ပယ်ခွင်း၍ ဉာဏ်အလင်းကို ဆောင်ကြဉ်းပေးနိုင်ခြင်း စသောအရည်အသွေးကောင်းများနှင့် ပြည့်စုံသော ဉာဏ်ပညာမျိုးသည်သာလျှင် မိမိအကျိုး၊ လောကအကျိုးကို ထိရောက်စွာ သယ်ပိုးပေးနိုင်မည်ဟု လေ့လာမှတ်သားဖူးပါသည်။

**ထိုဉာဏ်ပညာတို့ဖြင့် နှစ်သစ်ကို ကြိုဆိုလိုပါသည်။ အယုတ်အလတ် အမြတ်မရွေး အားလုံးပျော်ရွှင်စေလိုပါ၏။ ကျန်းမာချမ်းသာကြစေလိုပါ၏။ တစ်ဦး၏ မေတ္တာရိပ်အောက်တွင် တစ်ဦးအေးချမ်းစေလိုပါ၏။ လောကနိယာမ ပြောင်းလဲခြင်းဆိုရာတွင် ကောင်းသော ပြောင်းလဲခြင်း၊ အားလုံးပျော်ရွှင်ကြည်နူးရသော နှစ်သစ်ကူးခြင်း ဖြစ်ပါစေကြောင်း နှစ်သစ်အတွက် ဆုမွန်တောင်း၍ ကြိုဆိုလိုက်ရပါသည်။ ။**

❖*ကျောဖုံးမှ*

ပြည်နယ်သူ၊ ပြည်နယ်သားတွေလည်း အခုထက်ပျော်ရွှင်နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်" ဟု ပြောသည်။

ယနေ့တွင် စစ်တွေမြို့ လမ်းမကြီး၊ မင်းဗာကြီးလမ်းနှင့် မေယုလမ်းတို့မှာ မဟာသင်္ကြန် အကျနေ့ထက် အထူးစည်ကားလျက်ရှိပြီး စစ်တွေမြို့ ရှုခင်းသာလမ်း၊ စစ်တွေဟိုတယ်ကမ်းခြေတို့တွင် ရေကစားသူများ၊ အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ ထို့အပြင် မြို့ပေါ်ရပ်ကွက်အသီးသီးတွင်လည်း ရိုးရာရေကစားမဏ္ဍပ်ငယ်များ ဆောက်လုပ်ကာ အေးချမ်းစွာရေပက် ကစားလျက်ရှိကြပြီး သင်္ကြန်ရေပက်ကစားကြသူများ လမ်းသွားလမ်းလာများကို စတုဒိသာအဖြစ် ရခိုင်မုန့်တီများ ချက်ပြုတ်ကျွေးမွေးလျက်ရှိကာ စစ်တွေမြို့တွင် မဟာသင်္ကြန် အကြတ်နေ့၌ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။


**တင်ထွန်း(ပြန်/ဆက်)**

●*ကျောဖုံးမှ*

နှစ်ကျော့ပေါင်း ရလဒ်ဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သော ရီးရဲမက်ဒရစ်အသင်းသည် ဆီမီးဖိုင်နယ်တွင် ပရီမီယာလိဂ်ကလပ် ချယ်ဆီးအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

အခြားသော ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဖြစ် ဒေါ့မွန်အသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် မန်စီးတီးအသင်း နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ ထို့ကြောင့် မန်စီးတီးအသင်းသည် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်တွင် ပြင်သစ်နာမည်ကြီး ပီအက်စ်ဂျီအသင်းနှင့် ရင်ဆိုင်သွားရမည်ဖြစ်သည်။ အဆိုပါ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၂၇ရက်နှင့် မေ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲကို မေ ၂၉ ရက်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **အောင်ဇော်**

# နေပြည်တော်ရှိ အပန်းဖြေစခန်းများ၌ မဟာသင်္ကြန်အကြတ်နေ့ မြင်ကွင်းပုံရိပ်များ





လေ့ခွင်းတောင် ကမ်းခြေအပန်းဖြေစခန်းတွင် အပန်းဖြေရေကစားနေကြသူများဖြင့် စည်ကားနေစဉ်။





ပေါင်းလောင်း ရေလွှဲဆည်တွင် ပျော်ရွှင်စွာ ရေကစားနေကြသူများကို တွေ့ရစဉ်။





လေ့ခွင်းတောင် အပန်းဖြေစခန်းတွင် လာရောက်အပန်းဖြေကြသူများကိုတွေ့ရစဉ်။



ပေါင်းလောင်း ရေလွှဲဆည်တွင် လာရောက်အပန်းဖြေကြသူများကို တွေ့ရစဉ်။



လေ့ခွင်းတောင် အပန်းဖြေစခန်းတွင် ပျော်ရွှင်စွာ ရေကစားနေကြသူများကို တွေ့ရစဉ်။

# နိုင်ငံတစ်ဝန်း မြို့နယ်အချို့၌ မဟာသင်္ကြန်အကြတ်နေ့ မြင်ကွင်းပုံရိပ်များ



နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများကို တွေ့ရစဉ်။ သတင်းစဉ်




နေပြည်တော် ညောင်ပင်ကြီးစု ရှေးဟောင်းဘုရားများတွင် ပြည်သူများ လာရောက်ဖူးမြော်ကြစဉ်။ သတင်းစဉ်



မကွေးမြို့၌ ပျော်ရွှင်စွာ ရေကစားနေကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-(၁၄၃)



ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်တွင် သင်္ကြန်ကုသိုလ်အဖြစ် စတုဒိသာများ ကျွေးမွေးလှူဒါန်းရန် ပြင်ဆင်နေကြစဉ်။ ဓာတ်ပုံ-အေကေလင်း



ပွင့်ဖြူမြို့နယ် အညာကျေးလက်ဒေသတွင် ပြည်သူများ ပျော်ရွှင်စွာ ရေပက်ကစားနေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ရဲဝင်းနိုင်




စစ်တွေမြို့၌ ရေကစားနေကြသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားနေစဉ်။ ဓာတ်ပုံ-တင်ထွန်း

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်နှင့် မင်းလှမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် မဲရုံ ၁၀၇ ရုံ | ၁၂၅၈၂၀ | ၁၀၉၈၈၉ | ၂၁၁၁၁ | ၁၁၇၂ | ၁၄၃၀၈ |
| ၂ | ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် မဲရုံ ၁၁၇ ရုံ | ၉၉၆၃၁ | ၉၅၂၉၇ | ၉၆၆၁ | ၉၆၆ | ၁၁၇၅၈ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်နှင့် မင်းလှမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၂၄၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၄၈၉၀၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၈၂၆၁ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၀၆၄၂ ၊ မြေပြင်လက်ကျန် ၇၀၄၄၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်း ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၃၅၇၂ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၃၃၇၄ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | သာယာဝတီ | ၁၀၇ | ၁၃၈၀၅၉ | ၉၃၀၆၄ | ၄၄၉၉၅ | ၃၅၅၉၆ | ၁၀၉၃၃ | ၁၅၃၄ |
| ၂ | မင်းလှ | ၁၁၇ | ၁၁၀၈၄၄ | ၇၅၁၉၇ | ၃၅၆၄၇ | ၃၄၈၄၈ | ၂၆၃၉ | ၁၈၄၀ |
| | စုစုပေါင်း | ၂၂၄ | ၂၄၈၉၀၃ | ၁၆၈၂၆၁ | ၈၀၆၄၂ | ၇၀၄၄၄ | ၁၃၅၇၂ | ၃၃၇၄ |

### သာယာဝတီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်တွင် ရပ်ကွက် ၂၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ မဲရုံပေါင်း ၁၀၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၃၈၀၅၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၃၀၆၄ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၄၉၉၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၅၅၉၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၃၃၁၀၂ | ၉၂၅၃၈ | ၄၀၅၆၄ | ၃၁၂၁၅ | ၁၀၇၅၂ | ၁၄၀၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၂၆ | ၅၂၆ | | ၁၃၁ | | ၁၃၁ |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၄၄၃၁ | | ၄၄၃၁ | ၄၂၅၀ | ၁၈၁ | |
| | စုစုပေါင်း | ၁၃၈၀၅၉ | ၉၃၀၆၄ | ၄၄၉၉၅ | ၃၅၅၉၆ | ၁၀၉၃၃ | ၁၅၃၄ |

၆။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ရပ်ကွက် ၂၁ ရပ်ကွက် ၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ မဲရုံပေါင်း ၁၀၇ ရုံ တို့တွင် မဲလက်မှတ်အရေအတွက် ၁၀၇၅၂ ပျောက်ဆုံးနေပြီး ၁၄၀၃ ပိုမိုသုံးထားကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲ လက်မှတ်မှာ ၅၂၆ ၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၂၆ ဖြစ်သော်လည်း မြေပြင်လက်ကျန်တွင် ၁၃၁ စောင် အပိုတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လက်ကျန်ဆန္ဒမဲလက်မှတ် ၄၄၃၁ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်စစ်ဆေးချက်တွင် ၄၂၅၀ သာ ကျန်ရှိသဖြင့် ၁၈၁ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။

၇။ သာယာဝတီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန် ရမည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အလယ်ကုန်းရပ်ကွက် | ၃ | ၄၅၅၂ | ၂၈၈၉ | ၁၆၆၃ | ၁၁၁၁ | ၅၅၂ | |
| ၂ | အနောက်လက်ပံခုန်ရပ်ကွက် | ၁ | ၁၅၀၀ | ၁၀၂၂ | ၄၇၈ | ၄၇၈ | | |
| ၃ | အရှေ့လက်ပံခုန်ရပ်ကွက် | ၁ | ၁၃၀၀ | ၈၆၁ | ၄၃၉ | ၂၃၉ | ၂၀၀ | |
| ၄ | သခွတ်ကုန်းရပ်ကွက် | ၁ | ၁၄၀၀ | ၇၈၆ | ၆၁၄ | ၂၁၄ | ၄၀၀ | |
| ၅ | အရှေ့သပြေကုန်းရပ်ကွက် | ၁ | ၁၆၀၀ | ၁၂၁၃ | ၃၈၇ | ၃၃၇ | ၅၀ | |
| ၆ | အနောက်သပြေကုန်း ရပ်ကွက် | ၁ | ၉၀၀ | ၂၃၄ | ၆၆၆ | ၂၁၆ | ၄၅၀ | |
| ၇ | ဘုရားကြီးလမ်းရပ်ကွက် | ၁ | ၈၅၀ | ၅၈၀ | ၂၇၀ | ၁၁၈ | ၁၅၂ | |
| ၈ | စံရွှေးတန်းရပ်ကွက် | ၁ | ၈၀၀ | ၅၇၁ | ၂၂၉ | ၂၃၁ | | ၂ |
| ၉ | ဈေး(သုံးဆယ်)ရပ်ကွက် | ၁ | ၈၅၀ | ၅၇၄ | ၂၇၆ | ၁၇၆ | ၁၀၀ | |
| ၁၀ | ပေပင်ကုန်းရပ်ကွက် | ၁ | ၇၀၀ | ၄၉၀ | ၂၁၀ | ၁၆၀ | ၅၀ | |
| ၁၁ | အနောက်ရိုးကြီးရပ်ကွက် | ၁ | ၁၄၅၀ | ၉၉၃ | ၄၅၇ | ၄၀၇ | ၅၀ | |
| ၁၂ | အရှေ့ရိုးကြီးရပ်ကွက် | ၁ | ၁၈၀၀ | ၁၂၇၉ | ၅၂၁ | ၂၇၁ | ၂၅၀ | |
| ၁၃ | ဗေဒင်ကုန်းရပ်ကွက် | ၁ | ၂၄၅၀ | ၁၂၅၈ | ၁၁၉၂ | ၃၉၂ | ၈၀၀ | |
| ၁၄ | ဇီးပွဲကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၄၆၈ | ၆၈၂ | ၅၃၂ | ၁၅၀ | |
| ၁၅ | ဖိုးခေါင်ကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၃၄၉ | ၅၀၁ | ၂၅၁ | ၂၅၀ | |
| ၁၆ | ဒေါဝိကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၇၂၉ | ၈၂၁ | ၆၇၁ | ၁၅၀ | |
| ၁၇ | ကျွန်းကလေးကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၈၀ | ၁၇၀ | ၁၇၀ | | |
| ၁၈ | သဇင်အိုင်ကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၅၀၇ | ၅၉၃ | ၃၉၃ | ၂၀၀ | |
| ၁၉ | အိုင်ကဒုန်ကျေးရွာအုပ်စု | ၃ | ၂၇၅၀ | ၁၉၁၀ | ၈၄၀ | ၇၉၀ | ၅၀ | |
| ၂၀ | မြစ်ကျိုးကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၅၂၂ | ၆၂၈ | ၇၇၈ | | ၁၅၀ |
| ၂၁ | လက်ပံခုန်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၁၅၁၆ | -၃၁၆ | ၇၈၄ | | ၁၁၀၀ |
| ၂၂ | ကုန်းမီးနင်းကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၁၃၄ | ၆၁၆ | ၄၆၆ | ၁၅၀ | |
| ၂၃ | ငဖြူကလေးကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၂၁၅၆ | ၉၉၄ | ၇၄၄ | ၂၅၀ | |
| ၂၄ | ရွာမကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၃၄၈ | ၄၅၂ | ၂၅၂ | ၂၀၀ | |
| ၂၅ | ရေတွင်းကုန်းကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၂၀ | ၂၃၀ | ၁၈၀ | ၅၀ | |
| ၂၆ | ကျွဲခြံအင်းကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၈၂၅ | ၄၇၅ | ၂၇၅ | ၂၀၀ | |
| ၂၇ | ညောင်ကောက်ကွေး ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၂၉ | ၃၇၁ | ၃၂၁ | ၅၀ | |
| ၂၈ | မြောက်ပန်းဆွဲကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၃၅၃ | ၄၄၇ | ၄၄၇ | | |
| ၂၉ | တောင်ပန်းဆွဲကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၁၉၃ | ၃၀၇ | ၂၅၇ | ၅၀ | |
| ၃၀ | လက်ပံတုန်းကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၃၉၃ | ၅၀၇ | ၄၅၇ | ၅၀ | |
| ၃၁ | စည်ပင်ကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၅၄၀ | ၈၁၀ | ၆၁၀ | ၂၀၀ | |
| ၃၂ | ချမ်းသာကုန်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၇၀၃ | ၆၄၇ | ၅၉၇ | ၅၀ | |
| ၃၃ | ကြို့ကုန်းကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၉၄ | ၄၀၆ | ၃၅၆ | ၅၀ | |
| ၃၄ | သစ်ရာကုန်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၉၈၀ | ၃၇၀ | ၃၂၂ | ၄၈ | |
| ၃၅ | မကြီးကွင်းကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၃၁၈ | ၄၃၂ | ၅၃၂ | | ၁၀၀ |
| ၃၆ | တောင်ဘို့ရှည်ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၇၈၅ | ၄၆၅ | ၃၆၅ | ၁၀၀ | |
| ၃၇ | ချိုကြီးကွင်းကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၇၉၈ | ၅၀၂ | ၃၉၂ | ၁၁၀ | |
| ၃၈ | စံရွှေးကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၂၀၉၄ | ၇၀၆ | ၄၀၆ | ၃၀၀ | |

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၃၉ | ဈေး(သာ)ရပ်ကွက် | ၁ | ၁၂၅၀ | ၇၅၃ | ၄၉၇ | ၂၄၇ | ၂၅၀ | |
| ၄၀ | ကွက်သစ်ရပ်ကွက် | ၁ | ၂၂၀၀ | ၁၅၈၂ | ၆၁၈ | ၅၆၈ | ၅၀ | |
| ၄၁ | အလယ်ပိုင်းရပ်ကွက် | ၁ | ၉၀၀ | ၆၃၁ | ၂၆၉ | ၂၁၉ | ၅၀ | |
| ၄၂ | ကျောင်းစုရပ်ကွက် | ၁ | ၂၂၀၀ | ၁၅၉၆ | ၆၀၄ | ၄၅၄ | ၁၅၀ | |
| ၄၃ | ကရင်စုရပ်ကွက် | ၂ | ၁၁၀၀ | ၆၀၂ | ၄၉၈ | ၂၉၈ | ၂၀၀ | |
| ၄၄ | ရေဝေရပ်ကွက် | ၂ | ၂၄၅၀ | ၁၆၆၆ | ၇၈၄ | ၃၈၄ | ၄၀၀ | |
| ၄၅ | ရွာကြီးကုန်းရပ်ကွက် | ၁ | ၁၅၅၀ | ၁၁၅၆ | ၃၉၄ | ၂၉၄ | ၁၀၀ | |
| ၄၆ | ပြည်တော်သာရပ်ကွက် | ၁ | ၁၂၀၀ | ၈၉၆ | ၃၀၄ | ၂၀၄ | ၁၀၀ | |
| ၄၇ | အသရော်ကျေးရွာအုပ်စု | ၄ | ၄၉၅၀ | ၃၄၁၈ | ၁၅၃၂ | ၁၄၈၁ | ၅၁ | |
| ၄၈ | ဘီးလင်းကျေးရွာအုပ်စု | ၅ | ၄၆၀၀ | ၃၂၁၂ | ၁၃၈၈ | ၁၁၈၈ | ၂၀၀ | |
| ၄၉ | အိပ်လဟာကျေးရွာအုပ်စု | ၅ | ၄၅၅၀ | ၃၄၅၈ | ၁၀၉၂ | ၅၉၂ | ၅၀၀ | |
| ၅၀ | ညောင်ဝိုင်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၁၁ | ၂၃၉ | ၂၃၉ | | |
| ၅၁ | အောက်လက်ပံခုန် ကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၂၅၉ | ၄၄၁ | ၁၄၁ | ၃၀၀ | |
| ၅၂ | ကံကလေးကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၄၈၈ | ၅၁၂ | ၄၁၂ | ၁၀၀ | |
| ၅၃ | သင်တောရိုးကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၄၀၆ | ၅၄၄ | ၂၉၄ | ၂၅၀ | |
| ၅၄ | ကျွဲသတ်ကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၂၄၀၄ | ၉၉၆ | ၃၉၆ | ၆၀၀ | |
| ၅၅ | အင်းရွာကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၈၉၃ | ၃၅၇ | ၃၅၇ | | |
| ၅၆ | ကျွန်းကုန်းကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၇၃ | ၂၇၇ | ၂၇၇ | | |
| ၅၇ | သဲဖြူကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၂၆၁ | ၅၃၉ | ၅၃၈ | ၁ | |
| ၅၈ | ချောင်းသုံးခွကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၅၀ | ၂၀၀ | ၂၅၀ | | ၅၀ |
| ၅၉ | သုံးဒေါင့်ကန်ကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၂၉၈ | ၅၀၂ | ၅၀၃ | | ၁ |
| ၆၀ | သပြေကုန်းကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၇၆၉ | ၇၈၁ | ၃၃၁ | ၄၅၀ | |
| ၆၁ | ကျောက်တွင်းကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၁၂ | ၄၃၈ | ၄၃၈ | | |
| ၆၂ | ဖားရွှေကျော်ကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၂၃၈၄ | ၉၆၆ | ၅၆၆ | ၄၀၀ | |
| ၆၃ | ဆင်စခန်းကြီးကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၄၉ | ၃၅၁ | ၂၅၁ | ၁၀၀ | |
| ၆၄ | လှည်းလမ်းကူး ကျေးရွာအုပ်စု | ၃ | ၄၇၀၀ | ၂၇၉၂ | ၁၉၀၈ | ၁၈၀၈ | ၁၀၀ | |
| ၆၅ | စခမ်းကြီးကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၁၂၄ | ၄၂၆ | ၃၇၆ | ၅၀ | |
| ၆၆ | ကြောင်ညှာကုန်း ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၃၆၃ | ၇၃၇ | ၄၈၀ | ၂၅၇ | |
| ၆၇ | ဖိမ်ဇာကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၂၇၉ | ၅၂၁ | ၃၇၁ | ၁၅၀ | |
| ၆၈ | ဂုံမင်းမြောင်ကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၈၄၅ | ၇၀၅ | ၆၀၅ | ၁၀၀ | |
| ၆၉ | သာယာအေးကျေးရွာအုပ်စု | ၂ | ၃၆၀၀ | ၂၅၁၄ | ၁၀၈၆ | ၉၅၅ | ၁၃၁ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၀၇ | ၁၃၃၁၀၂ | ၉၂၅၃၈ | ၄၀၅၆၄ | ၃၁၂၁၅ | ၁၀၇၅၂ | ၁၄၀၃ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၅၂၆ | ၅၂၆ | | ၁၃၁ | | ၁၃၁ |
| | မြို့နယ်လက်ကျန် မဲလက်မှတ် | | ၄၄၃၁ | | ၄၄၃၁ | ၄၂၅၀ | ၁၈၁ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၀၇ | ၁၃၈၀၅၉ | ၉၃၀၆၄ | ၄၄၉၉၅ | ၃၅၅၉၆ | ၁၀၉၃၃ | ၁၅၃၄ |

## မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ မဲရုံအရေအတွက် ၁၁၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ **၁၁၀၈၄၄** ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ **၇၅၁၉၇**၊ ကျန်ရှိရမည့်အရေအတွက်မှာ **၃၅၆၄၇** ဖြစ်သော်လည်း မြေပြင်လက်ကျန် **၃၄၈၄၈** ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန် ရမည့် မဲ လက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၀၈၉၃၇ | ၇၄၇၇၄ | ၃၄၁၆၃ | ၃၃၃၆၄ | ၂၄၀၅ | ၁၆၀၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၂၃ | ၄၂၃ | | ၂၃၄ | | ၂၃၄ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၄၈၄ | | ၁၄၈၄ | ၁၂၅၀ | ၂၃၄ | |
| | စုစုပေါင်း | ၁၁၀၈၄၄ | ၇၅၁၉၇ | ၃၅၆၄၇ | ၃၄၈၄၈ | ၂၆၃၉ | ၁၈၄၀ |

၉။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စု၊ မဲရုံအရေအတွက် ၁၁၇ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၂၄၀၅ ပျောက်ဆုံးနေပြီး ၁၆၀၆ ပိုမိုသုံးထားကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲ လက်မှတ်မှာ ၄၂၃ ၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၂၃ ဖြစ်သော်လည်း မြေပြင် လက်ကျန်တွင် ၂၃၄ စောင် အပိုတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၁၄၈၄ ဖြစ်ပြီး မြေပြင်စစ်ဆေးချက်တွင် ၁၂၅၀ ကျန်ရှိနေသဖြင့် ၂၃၄ စောင် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။

၁၀။ မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပြည်တော်သာရပ်ကွက် | ၂ | ၂၈၅၀ | ၁၉၁၇ | ၉၃၃ | ၁၀၈၃ | | ၁၅၀ |
| ၂ | ဝဇီယာရပ်ကွက် | ၁ | ၁၃၅၀ | ၉၂၆ | ၄၂၄ | ၄၂၅ | | ၁ |
| ၃ | မြောက်စုရပ်ကွက် | ၁ | ၁၂၀၀ | ၈၂၂ | ၃၇၈ | ၃၂၈ | ၅၀ | |
| ၄ | မြို့မရပ်ကွက် | ၁ | ၁၈၀၀ | ၁၂၇၇ | ၅၂၃ | ၅၂၃ | | |
| ၅ | ရွှေတောင်တန်းရပ်ကွက် | ၁ | ၈၅၀ | ၅၂၅ | ၃၂၅ | ၂၇၅ | ၅၀ | |
| ၆ | လက်ဆက်ကျေးရွာအုပ်စု | ၅ | ၆၀၀၀ | ၃၈၁၄ | ၂၁၈၆ | ၂၃၃၆ | | ၁၅၀ |
| ၇ | သရော(အမ်)ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၀၅၄ | ၅၄၆ | ၂၄၆ | ၃၀၀ | |
| ၈ | လှည်းပြင်တင်ကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၃၆၁ | ၆၈၉ | ၆၈၉ | | |
| ၉ | ထောက်ကြန့်ကွင်း(အမ်) ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၇၄ | ၅၂၆ | ၄၇၆ | ၅၀ | |
| ၁၀ | သရက်တပင်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၆၁၆ | ၄၈၄ | ၅၃၄ | | ၅၀ |
| ၁၁ | စမ်းတောင်ကွေ့ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၇၆၈ | ၅၃၂ | ၅၃၂ | | |
| ၁၂ | ဘွတ်စိန်ဘုကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၉၃ | ၃၀၇ | ၃၀၈ | | ၁ |
| ၁၃ | ခွက်မကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၂၂၉ | ၆၂၁ | ၆၂၁ | | |
| ၁၄ | ကိုင်းပြင်ကြီးကျေးရွာအုပ်စု | ၂ | ၉၆၀ | ၆၀၆ | ၃၅၄ | ၁၉၅ | ၁၅၉ | |
| ၁၅ | စမ်းဘုတ်ကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၀၅၃ | ၄၄၇ | ၄၄၇ | | |
| ၁၆ | ဝက်လှကြီးကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၀၀၉ | ၄၄၁ | ၄၉၁ | | ၅၀ |
| ၁၇ | ဦးတိုကညင်ပင်ကျေးရွာအုပ်စု | ၁ | ၂၂၀၀ | ၁၄၁၁ | ၇၈၉ | ၇၈၉ | | |
| ၁၈ | စီကုန်းကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၀၁၅ | ၆၃၅ | ၆၈၆ | | ၅၁ |
| ၁၉ | သင်အိုင်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၂၇၅ | ၄၇၅ | ၄၇၅ | | |
| ၂၀ | ရွေးကုန်းကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၄၉၈ | ၇၅၂ | ၇၅၉ | | ၇ |
| ၂၁ | ဇရစ်ချောင်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၆၈ | ၄၃၂ | ၃၃၂ | ၁၀၀ | |
| ၂၂ | အင်ကြင်းကုန်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၃၆ | ၃၆၄ | ၄၁၄ | | ၅၀ |
| ၂၃ | ပတ်တန်းကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၁၄၇ | ၅၅၃ | ၄၅၃ | ၁၀၀ | |
| ၂၄ | ထောက်ကြန့်ကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၅၁၃ | ၉၈၇ | ၇၃၇ | ၂၅၀ | |
| ၂၅ | ညောင်သုံးပင်ကျေးရွာအုပ်စု | ၁ | ၁၈၁၀ | ၁၃၆၉ | ၄၄၁ | ၆၃၁ | | ၁၉၀ |
| ၂၆ | စာနီစုကျေးရွာအုပ်စု | ၁ | ၅၉၀ | ၃၂၀ | ၂၇၀ | ၁၈၀ | ၉၀ | |
| ၂၇ | အိုးကွဲကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၁၀ | ၂၉၀ | ၂၄၀ | ၅၀ | |
| ၂၈ | ကျောင်းရွာကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၆၄ | ၂၃၆ | ၄၃၆ | | ၂၀၀ |
| ၂၉ | ဂန့်ဂေါ်ပင်ကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၆၀၉ | ၁၀၄၁ | ၈၄၁ | ၂၀၀ | |
| ၃၀ | ကြို့ကုန်း(၂)ကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၈၁၈ | ၄၃၂ | ၃၈၂ | ၅၀ | |
| ၃၁ | ဝက်လှကလေးကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၈၃၂ | ၅၁၈ | ၄၆၉ | ၄၉ | |
| ၃၂ | အုတ်တွင်းကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၉၈၄ | ၅၁၆ | ၅၁၆ | | |
| ၃၃ | ဇီးကုန်းလေးရပ်ကွက် | ၁ | ၁၀၀၀ | ၇၄၀ | ၂၆၀ | ၂၆၂ | | ၂ |
| ၃၄ | ကန်ကြီးတန်းရပ်ကွက် | ၁ | ၁၀၀၀ | ၇၇၇ | ၂၂၃ | ၂၂၃ | | |
| ၃၅ | လမ်းမတော်ရပ်ကွက် | ၁ | ၈၀၀ | ၅၂၇ | ၂၇၃ | ၃၂၃ | | ၅၀ |
| ၃၆ | မင်းတန်းရပ်ကွက် | ၁ | ၆၅၀ | ၄၀၆ | ၂၄၄ | ၁၉၄ | ၅၀ | |
| ၃၇ | ရုံးလမ်းရပ်ကွက် | ၁ | ၁၀၀၀ | ၇၁၃ | ၂၈၇ | ၂၃၇ | ၅၀ | |
| ၃၈ | ဈေးချိုတန်းရပ်ကွက် | ၁ | ၁၇၅၀ | ၁၁၉၈ | ၅၅၂ | ၆၅၂ | | ၁၀၀ |
| ၃၉ | ပန်းဘဲချောင်ရပ်ကွက် | ၁ | ၁၄၅၀ | ၁၀၀၃ | ၄၄၇ | ၃၉၇ | ၅၀ | |
| ၄၀ | သရော(ဂျီ)ကျေးရွာအုပ်စု | ၂ | ၂၀၆၀ | ၁၅၄၇ | ၅၁၃ | ၅၅၃ | | ၄၀ |

*စာမျက်နှာ ၁၂ သို့*

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက် လူစုလူဝေးများကို ဖြိုခွဲထိန်းသိမ်း

**နေပြည်တော် မေ ၁၅**

လယ်ဝေးမြို့၊ ပေါက်မြိုင်ကျေးရွာလမ်းဆုံ၌ ယမန်နေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၂၀ ခန့်မှ ဆူပူအော်ဟစ်ကာ ဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရာ နံနက် ၉ နာရီ မိနစ် ၂၀ တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ ဆိုင်ကယ်တစ်စီးနှင့် ခွပ်ဒေါင်းအလံ နှစ်ခု သိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်ကွက် ၇၆ x ၃၄ လမ်းတွင် ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၁၀၀ ခန့်မှ ဆူပူအော်ဟစ်ကာ ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ခဲ့ပြီး လူစုခွဲနိုင်ရေး ညှိနှိုင်းဖြေလျှော့မှုပြုလုပ်ခဲ့သော်လည်း ဆူပူအကြမ်းဖက်သူလူအုပ်စုမှ လေးခွ၊ ဂျင်ကလိ၊ လက်လုပ်မိုင်းများဖြင့် ပစ်ခတ်ရန်ပြု တိုက်ခိုက်သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁၀ နာရီခွဲတွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူလူအုပ်စုအတွင်းမှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၉ ဦးတို့ကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်လုပ်မိုင်း နှစ်လုံး၊ ဂျင်ကလိ ရှစ်ချောင်း၊ ဆိုင်ကယ်မျိုးစုံ ၁၆ စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အတူမွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ဆူပူဆန္ဒပြရာတွင် ဦးဆောင်ပါဝင်သူ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာနေ နေဇော်အောင် (စိစစ်ဆဲ) ၏ နေအိမ်ကို ဝင်ရောက်ဖမ်းဆီးရာ နေဇော်အောင်အား နေအိမ်၌ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သပြေကုန်းရဲကင်းစခန်း၌ ထိန်းသိမ်းထားရှိစဉ် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် သပြေကုန်းကျေးရွာနေ ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၅၀ ခန့် ရောက်ရှိလာပြီး ရဲကင်းစခန်းကို ဝိုင်းဝန်းရန်ပြုလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတိပေးခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် လူစုကွဲသွားကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပူးပေါင်းပါဝင်သူများကိုလည်း ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကြည့်မြင်တိုင် ဗဟိုလဟာပြင်ညဈေး စတားရုပ်ရှင်ရုံမီးလောင်မှုဖြစ်

**ရန်ကုန် မေ ၁၅**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အရှေ့ရပ်ကွက်ဈေးကြီး လမ်းမလဟာပြင်ညဈေးအပေါ်ထပ်ရှိ စတားရုပ်ရှင်ရုံ၌ မေ ၁၅ ရက် နံနက် ၇ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်သည့်နေရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ ဦးဆောင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးအရာရှိ ဦးကိုကိုလတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးငြိမ်းသတ်ရေးယာဉ် ၂၅ စီး၊ ရေသယ်ယာဉ် ရှစ်စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၃၀၀ ကျော်တို့က မီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၇ နာရီ ၄၈ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုဖြစ်သည့်နေရာသို့ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများက လာရောက်အကူအညီပေးခဲ့ကြသည်။

မီးလောင်မှုကြောင့် ရုပ်ရှင်ရုံ အပေါ်ထပ်တစ်ခုတည်းသာ လောင်ကျွမ်းခဲ့ပြီး အောက်ထပ်ရှိ ဈေးဆိုင်ခန်းများသို့ ကူးစက်လောင်ကျွမ်းမှု မရှိကြောင်း၊ မီးလောင်မှု အကြောင်းရင်းကို စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့၍ စစ်ဆေးလျက်ရှိပြီး မီးလောင်မှုနှင့်ပတ်သက်၍ ရုပ်ရှင်ရုံတာဝန်ခံ ဦးဖြိုးမင်းထွဋ်အား ကြည့်မြင်တိုင်မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ထားကြောင်း သိရသည်။

**ရွှေတိုင်သား**






သာယာဝတီမြို့နယ်နှင့် မင်းလှမြို့နယ်တို့၏ ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၁ မှ*

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၄၁ | ပန်းတောကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၃၅ | ၁၁၅ | ၁၁၅ | | |
| ၄၂ | လက်ပံရေကျော် ကျေးရွာအုပ်စု | ၃ | ၃၉၅၀ | ၂၈၁၂ | ၁၁၃၈ | ၁၂၃၈ | | ၁၀၀ |
| ၄၃ | ညောင်ဝင်းကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၁၀၄ | ၃၉၆ | ၃၉၆ | | |
| ၄၄ | ကျွဲတလင်းကျေးရွာအုပ်စု | ၁ | ၉၅၀ | ၅၆၃ | ၃၈၇ | ၃၃၇ | ၅၀ | |
| ၄၅ | ပေါက်ကုန်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၁၉၆ | ၆၀၄ | ၅၅၄ | ၅၀ | |
| ၄၆ | ရှားတောကွင်းကျေးရွာ အုပ်စု | ၃ | ၂၇၀၀ | ၁၉၉၂ | ၇၀၈ | ၈၅၈ | | ၁၅၀ |
| ၄၇ | ဖျက်ကြီးကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၁၄ | ၂၃၆ | ၂၈၆ | | ၅၀ |
| ၄၈ | သာယာကုန်းကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၇၁ | ၃၇၉ | ၃၇၉ | | |
| ၄၉ | သနပ်ပိုကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၀၄၂ | ၅၀၈ | ၅၀၈ | | |
| ၅၀ | ကံသာယာကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၅၀ | ၃၀၀ | ၃၀၀ | | |
| ၅၁ | သင်တောကန်ကျေးရွာ အုပ်စု | ၁ | ၆၀၀ | ၄၀၂ | ၁၉၈ | ၁၉၈ | | |
| ၅၂ | ရှမ်းကုန်းကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၈၂ | ၂၁၈ | ၁၆၈ | ၅၀ | |
| ၅၃ | ပေပင်တန်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၂၇ | ၂၇၃ | ၁၇၃ | ၁၀၀ | |
| ၅၄ | ညောင်ကုန်းကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၇၄၃ | ၅၀၇ | ၄၅၇ | ၅၀ | |
| ၅၅ | သဲကောကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၉၄၄ | ၆၅၆ | ၅၁၇ | ၁၃၉ | |
| ၅၆ | ရွှေလောင်းကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၈၆၂ | ၇၃၈ | ၈၃၈ | | ၁၀၀ |
| ၅၇ | ကြို့ကုန်း(၁)ကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၇၉၃ | ၆၀၇ | ၅၅၇ | ၅၀ | |
| ၅၈ | လှည်းကူးကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၆၆၁ | ၇၃၉ | ၆၆၉ | ၇၀ | |
| ၅၉ | ဒီလှိုင်းကျေးရွာအုပ်စု | ၃ | ၂၇၀၀ | ၁၈၈၆ | ၈၁၄ | ၉၁၄ | | ၁၀၀ |
| ၆၀ | စိန်ဘုကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၃၉ | ၅၁၁ | ၄၆၁ | ၅၀ | |
| ၆၁ | ထန်းပင်ကုန်းကျေးရွာ အုပ်စု | ၃ | ၂၆၅၀ | ၁၉၅၉ | ၆၉၁ | ၇၀၅ | | ၁၄ |
| ၆၂ | ဆင်တဲကုန်းကျေးရွာအုပ်စု | ၂ | ၂၃၆၀ | ၁၇၇၆ | ၅၈၄ | ၅၇၄ | ၁၀ | |
| ၆၃ | သင်တောရိုးကျေးရွာအုပ်စု | ၃ | ၁၅၅၇ | ၁၀၆၂ | ၄၉၅ | ၃၈၈ | ၁၀၇ | |
| ၆၄ | အလယ်ကုန်းကျေးရွာ အုပ်စု | ၁ | ၁၇၀၀ | ၁၁၃၀ | ၅၇၀ | ၅၇၀ | | |
| ၆၅ | အင်းဘုတ်ကုန်းကျေးရွာ အုပ်စု | ၁ | ၁၂၅၀ | ၈၉၀ | ၃၆၀ | ၃၂၉ | ၃၁ | |
| ၆၆ | အုန်းပင်ပေါက်ကျေးရွာ အုပ်စု | ၁ | ၅၀၀ | ၃၁၅ | ၁၈၅ | ၁၈၅ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၁၇ | ၁၀၈၉၃၇ | ၇၄၇၇၄ | ၃၄၁၆၃ | ၃၃၃၆၄ | ၂၄၀၅ | ၁၆၀၆ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၄၂၃ | ၄၂၃ | | ၂၃၄ | | ၂၃၄ |
| | မြို့နယ်လက်ကျန် မဲလက်မှတ် | | ၁၄၈၄ | | ၁၄၈၄ | ၁၂၅၀ | ၂၃၄ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၁၇ | ၁၁၀၈၄၄ | ၇၅၁၉၇ | ၃၅၆၄၇ | ၃၄၈၄၈ | ၂၆၃၉ | ၁၈၄၀ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့ခြင်းကို ထိန်းချုပ်ရန် မြို့တော်ဖနောင်ပင်နှင့် အိမ်နီးချင်းပြည်နယ်တို့ကို ၁၄ ရက်ကြာ ကန့်သတ်ပိတ်ဆို့လိုက်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ကြေညာ

ဖနောင်ပင် ဧပြီ ၁၅

**ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကမ္ဘောဒီးယားနိုင်ငံသည် မြို့တော်ဖနောင်ပင်နှင့် အိမ်နီးချင်း တာကာမူမြို့တို့ကို ၁၄ ရက်ကြာ ကန့်သတ်ပိတ်ဆို့လိုက်ကြောင်း ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆင်က ဧပြီ ၁၄ ရက် ညက ပြောကြားလိုက်သည်။**



ဖနောင်ပင်သို့ ဝင်ရောက်မည့်သူများကို ရဲများက တားမြစ်နေသည်ကို တွေ့ရစဉ်။

တာကာမူမြို့သည် ကန်ဒယ်ပြည်နယ်ရှိ မြို့တစ်မြို့ ဖြစ်ပြီး ဖနောင်ပင်တောင်ပိုင်း ၁၀ ကီလိုမီတာခန့် ကွာဝေးကြောင်း သိရသည်။ ကန့်သတ်ပိတ်ဆို့မှုသည် ဧပြီ ၁၅ ရက်မှ ဧပြီ ၂၈ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း ဟွန်ဆင်က ပြောကြားလိုက်သည်။

ကန့်သတ်ပိတ်ဆို့မှုကာလအတွင်း ဒေသခံများ အနေဖြင့် မလိုအပ်ဘဲ အိမ်ထဲမှထွက်ခွာခြင်းကို တားမြစ်ထားသည်။ သို့သော်လည်း ဒေသဆိုင်ရာ အာဏာပိုင် သို့မဟုတ် သက်ဆိုင်ရာ ကုမ္ပဏီ၏ ထောက်ခံစာဖြင့် အလုပ်ကိစ္စခရီးသွားခြင်းမျိုးကို ခွင့်ပြုချက်ပေးထားသည်။

ပြည်သူများအနေဖြင့် အစားအစာ သို့မဟုတ် လိုအပ်သောပစ္စည်းပစ္စယများ ဝယ်ယူနိုင်ကြောင်းနှင့် အိမ်တစ်အိမ်တွင် လူနှစ်ဦးကို တစ်ပတ်လျှင် သုံးကြိမ်ထက်မပိုဘဲ ခွင့်ပြုပေးထားကြောင်း သိရသည်။ ထို့အပြင် ၎င်းတို့သည် အနီးဆုံးဈေးကို မှတ်ပုံတင်နှင့်တကွ သွားရောက်နိုင်ကြောင်း ဟွန်ဆင်က ပြောသည်။

ပြည်သူများအနေဖြင့် ကျန်းမာရေးကိစ္စသို့မဟုတ် အရေးပေါ်အခြေအနေအရသာ အိမ်ပြင်ထွက်နိုင်ပြီး ထိုသို့ထွက်ခွာရာတွင်လည်း ကျန်းမာရေးဆိုင်ရာ လုံခြုံစိတ်ချရမည့် ဆောင်ရွက်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် နှာခေါင်းစည်း ဝတ်ဆင်ရမည်ဖြစ်ပြီး လူမှုဝေးကွာစည်းမျဉ်း စည်းကမ်းများကိုလိုက်နာရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ထပ်မံပြောကြားထားသည်။

ဖနောင်ပင်နှင့် တာကာမူ စည်ပင်သာယာနယ်နိမိတ်အတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန်နှင့် တခြားဒေသများသို့ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့ခြင်းမရှိရန် ရည်ရွယ်ပြီး ယခုလိုကန့်သတ်ပိတ်ဆို့မှု ပြုလုပ်ခြင်းဖြစ်ကြောင်း ဟွန်ဆင်က ပြောသည်။

ဝန်ကြီးချုပ်၏ ကန့်သတ်ပိတ်ဆို့မှု ကြေညာချက် ပေါက်ကြားမှုဖြစ်ပြီးနောက် ပြည်သူများသည် အစားအစာနှင့် တခြားအရေးကြီးပစ္စည်းများ ဝယ်ယူရန် ဈေးများသို့ အစုလိုက်အပြုံလိုက် သွားခဲ့ကြသည်။ ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အော်ဗန်ဒင်းက ပြည်သူများကိုစိတ်အေးအေးထားကြရန်နှင့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု အန္တရာယ်ပိုမိုတိုးလာနိုင်သဖြင့် ဈေးများသို့ အစုလိုက်အပြုံလိုက် ဈေးဝယ်ထွက်ခြင်းကို ရှောင်ကြဉ်ရန် တိုက်တွန်းပြောကြားလိုက်သည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံတွင် ခရိုင်လေးခုကို ကိုဗစ်-၁၉ ကန့်သတ်ချက်များပြုလုပ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ပြော

**တိုကျို ဧပြီ ၁၅**

ကိုဗစ်-၁၉ ကပ်ရောဂါသည် ဂျပန်နိုင်ငံတစ်ဝန်း ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိရာ ဝန်ကြီးချုပ် ဆူဂါယိုရှိ ဟီဒဲအနေဖြင့် နိုင်ငံတော်အရေးပေါ် အခြေအနေ ကြေညာခြင်းမပြုဘဲ နောက်ထပ် ခရိုင်လေးခုကို ကိုဗစ်-၁၉ တားဆီးကန့်သတ် ဆောင်ရွက်ချက်များ ပိုမိုဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးသွားမည်ဖြစ်သည်။



ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှိဟီဒဲ

မြို့တော်တိုကျိုတွင် ဧပြီ ၁၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၀၀ ကျော်ရှိကြောင်း မြို့တော်အရာရှိများက ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်မှုအခြေအနေသည် ဆက်လက်တိုးလာမည်ဖြစ်သည်။ သီတင်းပတ်နှစ်ပတ်အတွင်း စတင်တော့မည့် အမျိုးသား အားလပ်ရက်များ မတိုင်မီ မြို့တော်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ခန့်မှန်းထားသည့် ပမာဏအထိရောက်ရှိလာနိုင်ကြောင်း သိရသည်။

အမေရိကန် ခရီးစဉ်မတိုင်မီ ဝန်ကြီးချုပ် ဆူဂါက ၎င်း၏ စိတ်ကူးများကို သင့်တော်သော ဝန်ကြီးများနှင့် ဆွေးနွေးခဲ့သည်။ ဆုံးဖြတ်ချက် အတည်ဖြစ်လာမည်ဆိုပါက အဆိုပါဆုံးဖြတ်ချက်သည် တိုကျိုအိမ်နီးချင်းခရိုင်များဖြစ်ကြသည့် ဆိုင်တာမာ၊ ချီဘာ၊ ကာနာဂါဝါနှင့် အိုင်ချီစီရင်စုများသို့ သက်ရောက်မည်ဖြစ်သည်။

ဆုံးဖြတ်ချက်သည် လာမည့် သီတင်းပတ်တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ပြီး အုပ်ချုပ်ရေးမှူးများကို စားသောက်ဆိုင်နှင့် ဘားများကို စောစောပိတ်ခြင်းနှင့် ပြစ်ဒဏ်များ ချမှတ်ကျင့်သုံးရန် လုပ်ကိုင်ခွင့်ပေးမည် ဖြစ်ကြောင်း သိရသည်။

ကာနာဂါဝါ အုပ်ချုပ်ရေးမှူး ကူရိအီဝါယူဂျီက အသွင်ပြောင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုများ တိုးလာကြောင်းနှင့် ယခုမှစပြီးနေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူဦးရေ တိုးလာနိုင်ခြေရှိကြောင်း ပြောသည်။

အိုဆာကာ တွင်လည်း ဆေးဘက်ဆိုင်ရာ စနစ်များ အကျပ်အတည်း ဖြစ်နေကြောင်း အုပ်ချုပ်ရေးမှူး ဟီရိုဖူမီက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# အာဖရိကတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း လေးသန်းကျော်ရောက်ရှိလာ

**အဒစ္စအဘာဘာ ဧပြီ ၁၅**

အာဖရိက၏ အတည်ပြု ကိုဗစ်-၁၉ ကူးစက်လူနာအရေအတွက်သည် ဧပြီ ၁၅ ရက်အထိ ၄၃၈၃၁၆၈ ဦးအထိရောက်ရှိလာပြီဖြစ်ကြောင်း အာဖရိက ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိက စီဒီစီ) က ပြောကြားလိုက်သည်။

အာဖရိကစီဒီစီက ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်းမှာ ၁၁၆၇၂၇ ဦးရှိကြောင်း ဖော်ပြလိုက်သည်။ ထို့အတူ အာဖရိကတစ်ဝန်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၃၉၃၃၉၃၉ ဦးရှိကြောင်း ဖော်ပြခဲ့သည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနှင့် အီဂျစ်နိုင်ငံတို့သည် အာဖရိကတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိက စီဒီစီ၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

အာဖရိကတောင်ပိုင်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး၊ မြောက်ပိုင်းအာဖရိကနှင့် အရှေ့ပိုင်းအာဖရိကဒေသတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှု အများဆုံးဒေသများ ဖြစ်ကြသည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း အာဖရိကကျန်းမာရေးအေဂျင်စီက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၁၇၇ ဦးတိုးလာ

**ဂျကာတာ ဧပြီ ၁၅**

အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၁၇၇ ဦးတိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၅၈၉၃၅၉ ဦးရှိလာခဲ့သည်။ ထို့အပြင် နောက်ထပ် ၁၆၇ ဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၃၀၇၃ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၁၅ ရက်တွင် သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ဖော်ပြချက်အရ နောက်ထပ်ဆေးရုံမှ ဆင်းလာသူ ၆၃၆၂ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၁၄၃၈၂၅၄ ဦး ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်နယ်ပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့ဖြစ်ပွားလျက်ရှိသည်။

အထူးသဖြင့် လွန်ခဲ့သော ၂၄ နာရီအတွင်း ဂျကာတာတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၃၃၀၊ အနောက်ဂျာဗားတွင် ၁၂၁၆ ဦး၊ အလယ်ဂျာဗားတွင် ၈၄၁ ဦး၊ အရှေ့ဂျာဗားတွင် ၂၉၄ ဦးနှင့် ရီယူတွင် ၂၆၉ ဦး ရှိကြောင်း သိရသည်။

မာလူကူပြည်နယ်တွင် နောက်ထပ် ကိုဗစ်-၁၉ လူနာ သတင်းဖော်ပြချက်မရှိကြောင်း သိရသည်။

ဆင်ဟွာ



အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး စမ်းသပ်ထိုးနှံမှုတွင် ပါဝင်သူတစ်ဦးအား ဆေးဝန်ထမ်းတစ်ဦးက ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

# အီရန်အပေါ်ပိတ်ဆို့ထားရှိမှုများကို ဖယ်ရှားပေးရန် အမေရိကန်က ဆန္ဒရှိဟုဆို

ကေကေစိုး

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရသည် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီမှုနှင့် မကိုက်ညီဘဲ အီရန်အပေါ် ချမှတ်ထားသည့် ပိတ်ဆို့ထားမှုများကို ဖြေလျှော့ပေးရန် တံခါးတစ်ချပ်ဖွင့်ပေးခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လက်ထက်တွင် အီရန်အပေါ် ပိတ်ဆို့မှုများပြုလုပ်ခဲ့ရာ ယင်းပိတ်ဆို့မှုများကြောင့် စီးပွားရေးနယ်ပယ်အတွင်း အကျိုးအမြတ်များရရှိစေရေး အီရန်အတွက် အဟန့်အတားများဖြစ်ခဲ့ရသည်။



တောင်ကိုရီးယားရေနံတင်သင်္ဘော အီရန်ဆိပ်ကမ်းမှထွက်ခွာလာသည်ကိုတွေ့ရစဉ်။

## အကျိုးဖြစ်ထွန်းမှုရှိ

အီရန်နှင့် အမေရိကန်တို့ကြား ပြုလုပ်သည့် သွယ်ဝိုက်သောဆွေးနွေးပွဲတွင် ပထမအကျော့၌ အီရန်ဘက်မှ ၂၀၁၅ခုနှစ် နျူကလီးယားသဘောတူညီမှုပါအချက်များကို လိုက်နာပါက အမေရိကန်ဘက်မှ ပြန်လည်လုပ်ဆောင်ပေးဖွယ်ရာရှိသည်များနှင့် အီရန်ဘက်မှ တောင်းဆိုမှုများကို ကမ်းလှမ်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲမှာ အပြုသဘောဆောင်ပြီး အကျိုးဖြစ်ထွန်းမှုရှိသည်ဟု အရာရှိများက ပြောကြသည်။ လာမည့်သီတင်းပတ်များအတွင်း နောက်တစ်ကျော့ ဆွေးနွေးပွဲကို ပြန်လည်စတင်နိုင်မည်ဟု အရာရှိများက ခန့်မှန်းထားကြသည်။

## အလေးပေးဆွေးနွေး

တိုက်ရိုက်ဆွေးနွေးပွဲမပြုလုပ်ဟု အီရန်ဘက်မှ အခိုင်အမာပြောဆိုမှုများရှိခဲ့ပြီး သွယ်ဝိုက်သောဆွေးနွေးပွဲသို့ အမေရိကန်ဘက်မှ အထူးသံတမန်ရောဘတ်မှုလေက ဦးဆောင်၍ တက်ရောက်သည်။ စားပွဲဝိုင်းတစ်ဝိုင်းအတွင်း ဆွေးနွေးခြင်းမရှိပါက အခြေအနေများဆိုးလာနိုင်သည်ဟု အမေရိကန်ဘက်မှ အရာရှိက ပြောသည်။ ၎င်းတို့ အလိုရှိသည့်အရာထက် ပိုမိုဆိုးရွားသည့်အရာများဖြစ်လာနိုင်သည်ဟု ၎င်းက ပြောသည်။ စေ့စပ်ညှိနှိုင်းမှုများမှာ ရှုပ်ထွေးပြီး ကနဦးအကျော့ ဆွေးနွေးပွဲမှာ နျူကလီးယားသဘောတူညီမှုအတွက် နှစ်ဖက်စလုံးမှ လိုက်နာဖွယ်ရာရှိသည်များကို ပြင်ဆင်ကြရန် အလေးပေးဆွေးနွေးခဲ့ကြသည်။

## ယူရေနီယံသန့်စင်မှုများပြုလုပ်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် လွန်ခဲ့သည့်သုံးနှစ်ခန့်က အီရန်နျူကလီးယား သဘောတူညီမှုမှ နုတ်ထွက်ခဲ့သည်။ အီရန်နျူကလီးယား သဘောတူညီမှုမှ အမေရိကန်တို့ နုတ်ထွက်သွားသည့်အချိန်မှစတင်ကာ အီရန်သည် ယူရေနီယံသန့်စင်မှုကို အရင်ကထက်ပို၍ ပမာဏများများ ပြုလုပ်ခဲ့သည်။ ၂၀၁၅ နျူကလီးယားသဘောတူညီမှုတွင် ကန့်သတ်ထားသည့်ပမာဏထက်ပို၍ ယူရေနီယံသန့်စင်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အီရန်အပေါ် နျူကလီးယားလှုပ်ရှားမှုနှင့်ပတ်သက်ပြီး ပိတ်ဆို့ထားမှုများကို ဖယ်ရှားရန် ဆန္ဒရှိသည်ဟု သတင်းများထွက်ပေါ်ပြီးနောက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးအသိုင်းအဝိုင်းအတွင်းသို့ အီရန်ပြန်လည်ဝင်ရောက်လာနိုင်ရေးအတွက် ဖိတ်ခေါ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်ခဲ့သည်။ ယင်းသို့ပြုလုပ်နိုင်လျှင် အမေရိကန်ပြည်ထောင်စုကို စိုးရိမ်စရာမလိုဘဲ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုများကို ပြုလုပ်နိုင်မည်ဖြစ်သည်။

## ချောင်ပိတ်မိနေလိမ့်မည်

အမေရိကန်သမ္မတ ထရမ့်သည် အီရန်နျူကလီးယားသဘောတူညီမှုမှ နုတ်ထွက်ပြီးသည့်နောက်တွင် အီရန်အပေါ် ပိတ်ဆို့မှုအားလုံး ပြန်လုပ်ရုံသာမက ပိတ်ဆို့မှုပေါင်း ၁၅၀၀ ကျော်ကိုလည်း ထည့်သွင်း ပြုလုပ်ခဲ့သည်။ ပိတ်ဆို့မှုအများစုမှာ နျူကလီးယားလှုပ်ရှားမှုကြောင့်ဟု အမည်မတပ်ထားသော်လည်း အကြမ်းဖက်မှုများကို အားပေးမှုဟု စွပ်စွဲကာ ပိတ်ဆို့မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ပိတ်ဆို့ခံရမှုများတွင် အီရန်ဗဟိုဘဏ်နှင့် အခြားသော ဘဏ္ဍာရေးအဖွဲ့အစည်းများလည်း ပါဝင်သည်။ အီရန်ဘက်မှ ရပ်တည်ချက်မှာမူ နျူကလီးယားသဘောတူညီမှုကို လိုက်နာခြင်းမပြုမီ အီရန်အပေါ်ထားရှိသည့် အမေရိကန်၏ ပိတ်ဆို့မှုအားလုံးကို ဖယ်ရှားပေးရမည်ဟု ပြောဆိုခဲ့သည်။ အကယ်၍ ပိတ်ဆို့မှုအားလုံးကို ဖယ်ရှားပေးရမည်ဟု အီရန်ဘက်က တစ်ထစ်ချတောင်းဆိုနေပါက ဆွေးနွေးပွဲမှာ ရှေ့မတိုးသာနောက်မဆုတ်သာနှင့် ချောင်ပိတ်မိနေလိမ့်မည်ဟု အရာရှိတစ်ဦးက ပြောသည်။

## ဖယ်ရှားနိုင်ခဲ့

အမေရိကန်သမ္မတဟောင်း ထရမ့်လက်ထက်က ချမှတ်ခဲ့သည့် ပိတ်ဆို့မှုအားလုံးကို ဖယ်ရှားပေးရမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗက်ဇာအစ်ဖ်က ပြောသည်။ မေ ၉ ရက်ကလည်း လွန်ခဲ့သောသုံးလခန့်က သိမ်းဆည်းထားသည့် တောင်ကိုရီးယားသင်္ဘောနှင့် သင်္ဘောကပ္ပတိန်ကို ပြန်လွှတ်ပေးလိုက်ပြီဟု ကြေညာခဲ့သည်။ တီဟီရန်နှင့် ဝါရှင်တန်တို့ကြား တင်းမာမှုအရင်းအမြစ်တစ်ခုကို ဖယ်ရှားနိုင်ခဲ့သည်။

## စွပ်စွဲမှုများထွက်ပေါ်

အီရန်တပ်ဖွဲ့သည် ဇန်နဝါရီလအတွင်းက ပါရှန်းပင်လယ်ကွေ့ရှိ တောင်ကိုရီးယားသင်္ဘောကို ကြားဖြတ်ရယူခဲ့ပြီး သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည်ဟုဆိုကာ အဆိုပါသင်္ဘောကို ထိန်းသိမ်းထားခဲ့သည်။ အမေရိကန်၏ ပိတ်ဆို့မှုကြောင့် တောင်ကိုရီးယားတွင် သောင်တင်နေသည့် ဒေါ်လာ ၇ ဘီလီယံခန့်ကို ပြန်လိုချင်သည့်အတွက် ယင်းကဲ့သို့ လုပ်ဆောင်ရခြင်းဖြစ်ကြောင်းလည်း စွပ်စွဲမှုများ ထွက်ပေါ်ခဲ့သည်။

## အရိပ်အမြွက်ပြောကြား

ဗီယင်နာမြို့တွင် ဆွေးနွေးမှုများကြောင့် အီရန်၏ လှုပ်ရှားမှုများ မည်မျှအထိသွားမည်ကို ခန့်မှန်းရန် မလွယ်ကူသေးပေ။ ပိတ်ဆို့ခံထားရသည့် အီရန်၏ငွေကြေးများ ပြန်လည်ရရှိရေးမှာလည်း ကျယ်ပြန့်သည့် စေ့စပ်ညှိနှိုင်းမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အီရန်နှင့် အင်အားကြီး ခြောက်နိုင်ငံတို့ကြား နျူကလီးယားသဘောတူညီမှု ပြန်လည်ရှင်သန်လာစေရေးအပေါ် ကျယ်ပြန့်သည့် ဆွေးနွေးမှုလည်းဖြစ်သည်။ တောင်ကိုရီးယားတွင် ပိတ်မိနေသောငွေကြေးများ ပြန်လည်ရရှိရေးသည် ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေသည့် အမေရိကန်နှင့် ဆွေးနွေးမှုအတွက် လမ်းစဖြစ်နိုင်သည်ဟု အီရန်ဘက်မှ အရိပ်အမြွက်ပြောကြားခဲ့သည်။

## ပုံမှန်အစည်းအဝေးပြုလုပ်

အဆိုပါငွေကြေးများသည် ဆွစ်ဇာလန်နိုင်ငံမှတစ်ဆင့်ဖြတ်သန်းကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများ၊ ဆေးပစ္စည်းများ ဝယ်ယူရန်အတွက် အသုံးပြုသွားမည်ဟု အီရန်အရာရှိကပြောကြားခဲ့သည်။ အီရန်နှင့် အမေရိကန်တို့၏ သွယ်ဝိုက်သော ဆွေးနွေးပွဲကို အိမ်ရှင်အဖြစ်ပြုလုပ်ပေးသော ဥရောပသမဂ္ဂသည်လည်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အီရန်နှင့် နျူကလီးယား အစီအစဉ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် နိုင်ငံများသည် မေ ၉ ရက်က ပုံမှန်အစည်းအဝေးပြုလုပ်ခဲ့သည်ဟု ကြေညာခဲ့သည်။ ယင်းအစည်းအဝေးတွင် အမေရိကန် ပါဝင်ခဲ့ခြင်းမရှိပေ။

## တိုးမြှင့်လုပ်ဆောင်

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ၂၀၁၅ခုနှစ် အီရန်နျူကလီးယားသဘောတူညီမှုကို ဆက်လက်ရှင်သန်စေလိုသည်။ အပြန်အလှန်အားဖြင့် ပိတ်ဆို့မှုများ ဖြေလျှော့ပေးမည်ဖြစ်သည်။ ဆွေးနွေးမှုများကိုမူ ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် အီရန်နျူကလီးယား သဘောတူညီမှုမှ အမေရိကန်နုတ်ထွက်ခဲ့ပြီး အီရန်အပေါ် ယခင်ပိတ်ဆို့မှုများနှင့် နောက်ထပ်ပိတ်ဆို့မှုများကို ထပ်မံပြုလုပ်ခဲ့သည်။ အပြန်အလှန်အားဖြင့် အီရန်ခေါင်းဆောင်များသည်လည်း ယူရေနီယံသန့်စင်မှုပမာဏကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

အီရန်နျူကလီးယား သဘောတူညီမှုအောက်တွင် သဘောတူထားသည့် အချက်အလက်များကို ကျော်လွန်ကာ နျူကလီးယားလှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။ အမေရိကန်နှင့် မဟာမိတ်များသည်လည်း စိုးရိမ်ခဲ့ကြရသည်။ အီရန်ဘက်ကမူ ၎င်းတို့အနေဖြင့် နျူကလီးယားလက်နက် ပြုလုပ်မည်မဟုတ်ဘဲ အဏုမြူဓာတ်ပေါင်းဖို အတွက်သာ ယူရေနီယံသန့်စင်မှုများ ပြုလုပ်နေခြင်းဖြစ်သည်ဟု အခိုင်အမာ ပြောဆိုခဲ့သည်။ ။

**ကိုးကား - ဝါရှင်တန်ပို့စ်**

**"အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ၂၀၁၅ခုနှစ် အီရန်နျူကလီးယား သဘောတူညီမှုကို ဆက်လက်ရှင်သန်စေလိုသည်။ အပြန်အလှန်အားဖြင့် ပိတ်ဆို့မှုများ ဖြေလျှော့ပေးမည်ဖြစ်သည်။ ဆွေးနွေးမှုများကိုမူ ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် အီရန်နျူကလီးယား သဘောတူညီမှုမှ အမေရိကန်နုတ်ထွက်ခဲ့ပြီး အီရန်အပေါ် ယခင်ပိတ်ဆို့မှုများနှင့် နောက်ထပ်ပိတ်ဆို့မှုများကို ထပ်မံပြုလုပ်ခဲ့သည်။ အပြန်အလှန်အားဖြင့် အီရန်ခေါင်းဆောင်များသည်လည်း ယူရေနီယံသန့်စင်မှုပမာဏကို တိုးမြှင့်လုပ်ဆောင်ခဲ့"**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၅–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၄–၄–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၅–၄–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း (၆၆၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၅၇,၇၂၄)ခုအား စစ်ဆေးခဲ့ပြီး COVID– 19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၁၄၂,၆၁၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၈၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁၅-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၁၅၄၀၃၅ | ၂၄၆၉၆၂၃၀ | ၅၇၈၁၄၄ |
| ၂။ | အိန္ဒိယ | ၁၄၁၀၆၄၅၅၉ | ၁၂၄၅၄၆၂၈ | ၁၇၃၅၂၆ |
| ၃။ | ဘရာဇီး | ၁၃၆၇၇၅၆၄ | ၁၂၁၇၀၇၇၁ | ၃၆၂၁၈၀ |
| ၄။ | ပြင်သစ် | ၅၁၄၉၈၃၄ | ၄၀၀၈၃၃၁ | ၉၉၇၇၇ |
| ၅။ | ရုရှား | ၄၆၇၅၁၅၃ | ၄၃၀၁၄၄၈ | ၁၀၄၃၉၈ |
| ၆။ | ဗြိတိန် | ၄၃၈၀၉၇၆ | ၄၁၁၃၃၃၈ | ၁၂၇၁၉၁ |
| ၇။ | တူရကီ | ၄၀၂၅၅၅၇ | ၃၄၈၀၁၄၆ | ၃၄၇၃၄ |
| ၈။ | အီတလီ | ၃၈၀၉၁၉၃ | ၃၁၇၈၉၇၆ | ၁၁၅၅၅၇ |
| ၉။ | စပိန် | ၃၃၈၇၀၂၂ | ၃၁၁၈၄၃၇ | ၇၆၇၅၆ |
| ၁၀။ | ဂျာမနီ | ၃၀၇၉၈၉၅ | ၂၇၃၆၁၀၀ | ၈၀၀၀၄ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၅ – ၄ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၅၈၉၃၅၉ | ၁၄၃၈၂၅၄ | ၄၃၀၇၃ |
| ဖိလစ်ပိုင် | ၉၀၄၂၈၅ | ၇၀၅၁၆၄ | ၁၅၅၉၄ |
| မလေးရှား | ၃၆၇၉၇၇ | ၃၄၉၀၃၉ | ၁၃၆၃ |
| မြန်မာ | ၁၄၂၆၁၇ | ၁၃၁၈၈၄ | ၃၂၀၆ |
| စင်ကာပူ | ၆၀၇၃၅ | ၆၀၄၁၇ | ၃၀ |
| ထိုင်း | ၃၇၄၅၃ | ၂၈၃၈၃ | ၉၇ |
| ကမ္ဘောဒီးယား | ၅၂၁၈ | ၂၃၁၉ | ၃၆ |
| ဗီယက်နမ် | ၂၇၅၈ | ၂၄၄၅ | ၃၅ |
| ဘရူနိုင်း | ၂၂၁ | ၂၀၆ | ၃ |
| လာအို | ၅၃ | ၄၉ | ၀ |

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေး

**နေပြည်တော် မေ ၁၅**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများကို COVID–19 ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀)မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၇၂ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ)

သတင်းစဉ်



❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။
နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

# ၉-၄-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*(ဧပြီ ၁၂ ရက်မှအဆက်)*

၁၃။ ပထမဦးစွာ **Voice Of Myanmar(VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က မဲလက်မှတ်များကို မည်သည့်နေရာတွင် ရိုက်နှိပ်ခဲ့ပါသလဲ၊ မည်မျှရိုက်နှိပ်ခဲ့ပါသလဲ၊ မည်သူတာဝန်ယူ လုပ်ခဲ့ပါသလဲ၊ တင်ဒါပေးခြင်းလား၊ ကော်မရှင်က လုပ်ဆောင်ခြင်းလားဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**မှန်ကန်အောင် စိစစ်**

၁၄။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က ဆန္ဒမဲလက်မှတ်များနှင့် ပတ်သက်ပြီး ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲများတွင် ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ ကျင်းပပြီးခဲ့သည့် ၂၀၁၀၊ ၂၀၁၅၊ ကြားဖြတ်ရွေးကောက်ပွဲအားလုံး၏ မဲလက်မှတ်များကို ပြန်ကြားရေးဝန်ကြီးဌာနကိုသာ အပ်နှံကြောင်း၊ မဲလက်မှတ်လုပ်ငန်းများက အရေးကြီးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနကို အပ်နှံကြောင်း၊ အပ်နှံသည့်အရေအတွက်မှာ ၁၃၉၃၃၁၂၀ အပ်ခဲ့ခြင်းဖြစ်ကြောင်း၊ UEC က လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရကြောင်း၊ ရိုက်နှိပ်သည့်အချိန်မှာ ရန်ကုန်နှင့် နေပြည်တော် တပ်ကုန်းတို့တွင် ရိုက်နှိပ်ကြောင်း၊ ရိုက်နှိပ်သည့်အချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ပုံနှိပ်ရေးအဖွဲ့များ၊ UEC က တာဝန်ရှိသော ညွှန်ကြားရေးမှူးအထက် ကိုယ်စားလှယ်တစ်ယောက်အပါအဝင် စုပေါင်းပြီး မှန်ကန်အောင် စိစစ်ခြင်းများ၊ ရိုက်နှိပ်မှုများကို ဆောင်ရွက်ရကြောင်း၊ ထုတ်ပေးသည့်အချိန်တွင်လည်း ပူးပေါင်းပြီး ထုတ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၁၅။ **Sankei Shimbun သတင်းဌာနမှ သတင်းထောက် ဒေါက်တာဇော်သန်း**က ပြီးခဲ့သည့်သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်တစ်ဦးက UEC ကို PR စနစ်နှင့်ပတ်သက်ပြီး မေးခွန်းထုတ်ခဲ့သည်ကို သတိပြုမိကြောင်း၊ မိမိအနေဖြင့် ထိုမေးခွန်းကို Follow up လိုက်ပြီးမေးချင်ကြောင်း၊ PR စနစ်နှင့် ပတ်သက်ပြီး ကျင့်သုံးနိုင်မှုအလားအလာ၊ အကယ်၍ အလားအလာရှိခဲ့ပါက မည်သည့်ပုံစံဖြင့်သွားမည်ကို သိချင်ကြောင်း မေးမြန်းသည်။

**PR စနစ်နှင့် ပတ်သက်၍ရှင်းလင်း**

၁၆။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က PR စနစ်နှင့်ပတ်သက်ပြီး (အချိုးကျ စနစ်)၊ ယခုမြန်မာနိုင်ငံတွင် ကျင့်သုံးနေသည်မှာ FPTP (အများဆုံးကို တစ်ဦးတည်းအနိုင်ယူသည့်စနစ်) ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံသည့်အချိန် တွင် နိုင်ငံရေးပါတီများက တင်ပြခဲ့မှုလည်း ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ကိုက်ညီမည့် အချိုးကျကိုယ်စားပြု စနစ် (PR) ကို ကျင့်သုံးနိုင်ရေးကို ဆောင်ရွက်ပေးရန် ထိုကိစ္စနှင့် ပတ်သက်ပြီး ပြီးခဲ့သည့်သတင်းစာ ရှင်းလင်းပွဲတွင်လည်း တင်ပြခဲ့မှုရှိကြောင်း၊ နိုင်ငံရေးပါတီများကို PR စနစ်နှင့် ပတ်သက်ပြီး စာတမ်းများပေးပို့ရန် အကြောင်းကြားထားကြောင်း၊ နိုင်ငံရေးပါတီသုံးပါတီက PR စနစ်နှင့် ပတ်သက်သည့် အကြောင်းပြန်ချက်များ၊ စာတမ်းများ ရရှိခဲ့မှုလည်း ရှိကြောင်း၊ ယခုမှသာ PR စနစ်က ပေါ်ပေါက်ခြင်း မဟုတ်ကြောင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်း၌ အမျိုးသားလွှတ်တော်တွင် ကိုယ်စားလှယ်တစ်ဦးက အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရေးကို လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေး လုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တိုက်တွန်းကြောင်း အဆိုတင်သွင်းခဲ့ကြောင်း၊ ၎င်းအဆိုသည် အမျိုးသားလွှတ်တော်တွင် အောင်မြင်ခဲ့ကြောင်း၊ ထို့နောက် PR စနစ် ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့မှုရှိကြောင်း၊ ဖွဲ့စည်းပြီး ကော်မရှင်ကို အစီရင်ခံစာတင်သွင်းမှုကိုလည်း တွေ့ရကြောင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း နိုင်ငံရေးပါတီ ၁၀ ပါတီခန့်က FPTP စနစ်ကနေ PR စနစ်ကို ပြောင်းရန်အတွက် အကြံပြုချက်စာတမ်းများ ကော်မရှင်ကို တင်ပြခဲ့မှုလည်း တွေ့ရကြောင်း၊ PR စနစ် (အချိုးကျကိုယ်စားပြုစနစ်) အဓိပ္ပာယ်က မဲဆန္ဒနယ်ဧရိယာကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပြီး ထိုမဲဆန္ဒနယ်မှာ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေပါ သတ်မှတ်ကြောင်း၊ ပြီးနောက် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလများ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း၊ ယှဉ်ပြိုင်ပြီးပါက ပါတီအလိုက် သို့မဟုတ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များက ရရှိသည့် ထောက်ခံဆန္ဒမဲလက်မှတ်အပေါ် မူတည်ပြီး ရွေးကောက်ခံရသည့် ကိုယ်စားလှယ်အရေအတွက်ကို အချိုးကျသတ်မှတ်ကာ ရွေးချယ်သည့်စနစ်ဟု အကြမ်းဖျင်းပြော၍ရကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် PR စနစ်မျိုးကွဲများစွာရှိကြောင်း၊ အဓိကအသုံးပြုနေသည်မှာ သုံးမျိုးခန့်ရှိကြောင်း၊ နိုင်ငံပေါင်း ၈၀ တွင် အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံဖွဲ့စည်းတည်ဆောက်မှုနှင့် နိုင်ငံရေးသမိုင်းကြောင်းတို့အပေါ်မူတည်ပြီး ကျင့်သုံးသင့်ကြောင်း၊ အဓိက PR စနစ်သုံးမျိုးမှာ ပါတီအမည်စာရင်းကိုမူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ် (Party List Propotional Representation System)၊ ပါတီနှင့် အမတ်လောင်းနှစ်ခုလုံး တစ်ပါတည်းရွေးချယ်သည့်စနစ်၊ ပေါင်းစပ်ထားသည့် အချိုးကျရွေးချယ်သည့်စနစ်၊ တစ်နည်းအားဖြင့် (Mix Member Propo-tional System)၊ ထိုအချက်မှာ ပါတီ၊ ကိုယ်စားလှယ်များပါ နာမည်ပေးပြီး အချိုးကျရွေးသည့်စနစ်၊ နောက်တစ်ခုမှာ လွှဲပြောင်း၍ရသည့် တစ်မဲတည်းမဲပေးစနစ် (Single Transferable Volt – STV ) ဖြစ်ကြောင်း၊ ထို PR စနစ်သုံးမျိုးထဲမှာမှ အမှတ်စဉ်တွင် ပထမနှစ်မျိုးက အများစုအသုံးပြုကြကြောင်း၊ တတိယဖြစ်သည့် လွှဲပြောင်းပေးရသည့်မဲများက တွက်ချက်ရ ခက်ခဲခြင်း၊ နားလည်မှုခက်ခဲခြင်း၊ ရှုပ်ထွေးမှုရှိခြင်းတို့ကြောင့် ကျင့်သုံးမှုနည်းပါးသည်ကို တွေ့ရကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးမည်ဆိုပါက စဉ်းစားသုံးသပ်ရန် လိုအပ်သည့် အချက်များကိုလည်း လေ့လာထားကြောင်း၊ ထိုအချက်များက ဥပဒေရေးရာမူဘောင်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအပါအဝင် ရွေးကောက်ပွဲဥပဒေများနှင့် ကိုက်ညီမှုရှိ/မရှိ၊ ပြင်ဆင်ရန်လို/မလို၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ပေးအပ်ထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတို့၏ အနေအထားများကို သက်ရောက်မှု၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်သုံးရပ်တွင် PR စနစ်ကို ကျင့်သုံးနိုင်မှု အနေအထား၊ PR စနစ်ဖြင့် ကိုက်ညီသည့် ပြင်ဆင်ချက်များ ဆောင်ရွက်နိုင်မှုအနေအထား၊ PR စနစ်ဖြင့် ကိုက်ညီမည့် မဲဆန္ဒနယ်သတ်မှတ်ခြင်း အပါအဝင် ပါတီအလိုက် အချိုးကျကိုယ်စားလှယ်အရေအတွက် တွက်ချက်သည့်နည်းစနစ်များ၊ မဲရလဒ်စာရင်းများ ရေတွက်သည့်နည်းစနစ်များဖြစ်ပြီး ထိုအချက်များသည် လေ့လာရမည့် အချက်များဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်များလည်း ရှိကြောင်း၊ ထိုလုပ်ငန်းစဉ်များမှာ သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ State Holder များဖြစ်သည့် ပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများလည်း လိုအပ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းစဉ်များ ပြင်ဆင်၊ ရေးဆွဲ၊ ထုတ်ပြန်ရန်လည်း လိုအပ်ကြောင်း၊ ထို့နောက် ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များကိုလည်း လေ့ကျင့်ပေးရန်လည်း လိုအပ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများကိုလည်း အသိပေးရန်လည်း လိုအပ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးမည့်အပိုင်းတွင်လည်း စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ကြောင်းကို အကျဉ်းချုပ်တင်ပြခြင်းဖြစ်ကြောင်း၊ အချုပ်အားဖြင့် မိမိနိုင်ငံနှင့် ကိုက်ညီသင့်လျော်ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း လွယ်ကူစွာ သိရှိနားလည်သည့် ရိုးရှင်းလွယ်ကူသော စနစ်ကို ရွေးချယ်သုံးသပ်ပြီး ဆောင်ရွက်နိုင်ကြောင်းနှင့် လက်ရှိအခြေအနေတွင် ကနဦးစိစစ်တွေ့ရှိမှုများကိုသာ တင်ပြခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၊ သက်ဆိုင်သည့်အဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားနိုင်မည့်အနေအထားဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသော လက်နက်ကိရိယာများအား သတင်းမီဒီယာများက ကြည့်ရှုလေ့လာစဉ်။

**ပါတီအသစ်များ မှတ်ပုံတင်ရေး**

၁၇။ **Myanmar Public Press သတင်းဌာနမှ တာဝန်ခံအယ်ဒီတာ ဒေါက်တာစိုးမြင့်ဦး**က မဲမသမာမှုများနှင့် ပတ်သက်ပြီး ပါတီများ၏ ရပ်တည်မှုကို ထိခိုက်နိုင်ပါသလား၊ နောက်လာမည့် ရွေးကောက်ပွဲ ကာလတွင် ထိုပါတီများ၏ရပ်တည်မှု အခြေအနေ မည်သို့ရှိနိုင်မလဲ၊ ပါတီအသစ်များအတွက် မှတ်ပုံတင်၍ရပြီလား၊ မည်သည့်အချိန်ကာလတွင် မှတ်ပုံတင်၍ရမလဲကို သိလိုကြောင်း မေးမြန်းသည်။

၁၈။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက** မဲမသမာမှုများ၊ မဲစာရင်း စစ်ဆေးမှုများအပိုင်းကို လက်ရှိအချိန်အထိ ၁၀၀ ကျော်ပြီဖြစ်၍ သုံးချိုးတစ်ချိုးခန့်ရှိပြီ ဖြစ်ကြောင်း၊ ထုတ်ပြန်ပြီးသည်မှာ သုံးချိုး တစ်ချိုးရှိပြီး ထိုထက်ကျော်ကြောင်း၊ တစ်ဝက်နီးပါး လုပ်ဆောင်ထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း ထုတ်ပြန်မှုအဆင့်မှာ ကျန်ရှိနေသေးကြောင်း၊ အားလုံးသိရှိရန်အတွက် တစ်ဝက်ကျော်ခန့် ကျန်ရှိသည့်အနေအထားမျိုး ရှိကြောင်း၊ ထို့ကြောင့်အားလုံးကို လွှမ်းခြုံပြီး ကျူးလွန်မှု၊ ဖောက်ဖျက်မှု၊ မဲမသမာမှုအတိုင်းအတာသည် စိစစ်နိုင်မှုအနေအထားမျိုးဖြစ်ကြောင်း၊

*စာမျက်နှာ ၁၇ သို့*

# သတင်းစာရှင်းလင်းပွဲ မှတ်တမ်း

*စာမျက်နှာ ၁၆ မှ*

ပါတီများနှင့်ပတ်သက်၍ ပါတီမှတ်ပုံတင်ခြင်းအပိုင်းမှာ ပြီးခဲ့သည့်ကော်မရှင်လက်ထက် ကြေညာခဲ့မှုရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပခါနီးဖြစ်သည့်အတွက် Large State ပေးပြီး မှတ်ပုံတင်ခွင့်ကို ဤကာလနောက်ပိုင်း မပေးဘူးဆိုပြီး ပြောဆိုခဲ့မှုရှိကြောင်း၊ လက်ရှိကော်မရှင်အနေဖြင့် ပါတီများမှတ်ပုံတင်ခွင့် ပြန်လည်ဆောင်ရွက်နိုင်သည့်အနေအထားကို ကော်မရှင်အားတင်ပြပြီး အသိပေး ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်နိုင်သည့်အနေအထားကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

၁၉။ **ရဲရဲတောက်ဂျာနယ် အယ်ဒီတာချုပ် အမတ်ဒိန်**က Democracy Destruction ဖြစ်၍ မိမိတို့နိုင်ငံတွင် ယနေ့အရေးပေါ်ကာလ ဖြစ်ပေါ်လာကြောင်း၊ အကြောင်းအချက် (၁) မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် UEC ကို သမ္မတက ခန့်ခွင့်ပြုခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအားလုံး UEC အဆုံးအဖြတ်သာ အတည်ဖြစ်သည်ဆိုသည့် အားနည်းချက်ကြောင့် ရေးလူကြီးများက သမ္မတနှင့် UEC ကို ယုံကြည်မှုကဲပြီး ဤကဲ့သို့ထင်ခဲ့ကြောင်း၊ ယခုအတိုင်း ထိုအားနည်းချက်ဖြင့်သာ ဆက်သွားပါက မိမိတို့၏ကျေးဇူးခံ၊ ကျေးဇူးစားများ စနစ်အပေါ်တွင် မိမိတို့ ဒီမိုကရေစီမှာ လမ်းချော်မြဲချော်နေမည်ဖြစ်ကြောင်း၊ မိမိမေးချင်သည်မှာ ယနေ့ UEC အနေဖြင့် ယခုသွားနေသည့်လမ်းကြောင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ခွင့်ပြုထားသောကိစ္စများကို မည်သည့်နည်းလမ်းဖြင့် ရွေးကောက်ပွဲလုပ်ရမည်ဟု သတ်မှတ်ထားသည်ကို မတွေ့ရကြောင်း၊ ထို့ကြောင့် PR ကဲ့သို့ နည်းလမ်းဖြင့် ဆောင်ရွက်မည်ဆိုပါက ဒီမိုကရေစီလမ်းချော်မှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဟု ထင်ကြောင်း၊ တချို့ပါတီများကလည်း ထိုကိစ္စကို စိတ်ဝင်စားမှုရှိကြောင်း၊ ထို့ကြောင့် UEC အနေဖြင့် ပါတီများနှင့် ထိပ်တိုက်ဆွေးနွေးပြီး ထိုကိစ္စကို ဆောင်ရွက်ရန် အစီအစဉ်ရှိပါသလား၊ မည်သည့် ကာလတွင်ဖြစ်မည်ကို သိလိုကြောင်း မေးမြန်းသည်။

## တိုးတက်မှုအခြေအနေကို ထပ်မံတင်ပြမည်

၂၀။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး**က အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ဖေဖော်ဝါရီလ ၂၆ ရက်နေ့ ပါတီများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြောပြီးဖြစ်ကြောင်း၊ PR စာတမ်းများကို တောင်းထားပြီး နှစ်လ၊ သုံးလခန့်တွင် ပြန်ဆုံကာ PR နှင့် ပတ်သက်သည့်စာတမ်းများကို ဖတ်မည်၊ ဆွေးနွေးမည်ဖြစ်ကြောင်း၊ ပြီးမှ ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်ကြမည်ကို ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သတ်မှတ်ကာလအတွင်း ထိုကိစ္စများနှင့် ပတ်သက်ပြီး မိမိအနေဖြင့် တိုးတက်မှုအခြေအနေကို ထပ်မံ တင်ပြမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၂၁။ ဆက်လက်၍ **ရဲရဲတောက်ဂျာနယ် အယ်ဒီတာချုပ် အမတ်ဒိန်**က မိမိတို့နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်း သွေဖည်မှုအကြောင်း(၂) မှာ နိုင်ငံခြားအထောက်အပံ့ဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့်ပါတီများ ရှိခဲ့၍ဖြစ်ကြောင်း၊ ထိုပါတီများရှိခဲ့မှုကို မိမိအထောက်အထားတစ်ခု တင်ပြမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီလ ၁၀ ရက်နေ့က နေပြည်တော် Hilton Hotel တွင် အမေရိကန်သံရုံး၏ ဆက်ဆံရေးရုံး ပန္နက်တင်ပွဲ၌ အမေရိကန်သံအမတ်စကော့မာစီရယ်က **"မြန်မာပြည်ကို ထောက်ပံ့မှုများမရှိကြောင်း၊ သို့သော်လည်း NLD ပါတီကို အမေရိကန်ဒေါ်လာ ၉၅၀ သန်း ထောက်ပံ့ခဲ့သည်"** ဟု တရားဝင်အဖွင့်မိန့်ခွန်းတွင် ပြောသွားကြောင်း၊ ထိုကဲ့သို့ပြောသွား၍ အမျိုးသားဒီမိုကရက်တစ်ပါတီဟု ထင်ကြောင်း၊ ပါတီဥက္ကဋ္ဌ ဦးစိုးမောင်က ကန့်ကွက်မှုလည်းရှိကြောင်း၊ ထိုကိစ္စသည် ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့ကြောင်း၊ နောက်အကြောင်းမှာ ရွေးကောက်ပွဲကာလတွင် အမေရိကန်သံရုံးက ရွေးကောက်ပွဲအတွက် အမေရိကန်ဒေါ်လာ ၄၆ သန်း ပံ့ပိုးသည်ဟု ပြောကြောင်း၊ ထိုအချိန်က UEC ဥက္ကဋ္ဌက တစ်ဒေါ်လာမှမရဘူးဟု ပြန်လည်ပြောကြောင်း၊ ထိုကိစ္စသည်လည်း ဟိုးလေးတကျော်ကျော် ဖြစ်သွားကြောင်း၊ ထိုအချိန်၌ NLD ပါတီပြောရေးဆိုခွင့်ရှိသူက ဤသည်မှာ အစိုးရ၏ လုပ်ပိုင်ခွင့်ထဲတွင် ဆက်လုပ်ခြင်းဖြစ်ကြောင်းနှင့် အစိုးရက စီမံခန့်ခွဲမည်ဟုပြောကြောင်း၊ အမှန်တကယ် မုံရွာအောင်ရှင်က အစိုးရကိုယ်စားလှယ်မဟုတ်ဘဲ ပါတီကိုယ်စားလှယ်ဖြစ်ပြီး ပါတီကိုယ်စားလှယ်က အစိုးရကိုယ်စားလှယ်၏စကားကို ဝင်ရောက်ပြောဆိုပြီး ငွေစီမံခန့်ခွဲသည့်ကိစ္စကို အဖြေထုတ်ကြောင်း၊ အားလုံးကလည်း ဆက်လက်ပြီး မပြောတော့ကြောင်း၊ သို့သော်လည်း ထိုကိစ္စသည် UEC ကို ကန့်ကွက်ထားမှုလည်းရှိကြောင်း၊ ထိုကိစ္စများသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်း သွေဖည်သွားခြင်းသည် နိုင်ငံခြားအထောက်အပံ့များ ယူထား၍ သွေဖည်သွားခြင်းသည် သေချာသည့် အချက်အလက်များဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ ကိစ္စများကို စိစစ်ဆောင်ရွက်ရန်၊ ယခု UEC က ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိပါလား ဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပါရှိသည့် ရှေ့လုပ်ငန်းစဉ် နံပါတ်(၁)ကိုလည်း အလေးထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည့် PR စနစ်ကဲ့သို့သော ကိစ္စရပ်များနှင့် ပတ်သက်၍ Review လုပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ရွေးကောက်ပွဲဥပဒေများနှင့် ပတ်သက်ပြီး အချိန်နှင့်တစ်ပြေးညီ တစ်ပြိုင်နက်တည်း ဆောင်ရွက်နေသည့် အနေအထားရှိကြောင်း၊ ဆောင်ရွက်ပြီးရလဒ်များ၊ ဆုံးဖြတ်ချက်များ ထွက်ရှိလာပါက အသိပေးကြေညာသွားမည်"**

## ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်

၂၂။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး** က ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း (၉) အနေဖြင့် ရွေးကောက်တင်မြှောက်ခြင်း၊ အခန်း (၁၀) နိုင်ငံရေးပါတီများ၊ အခန်း (၁၁) အရေးပေါ်ကာလဆိုသည့် ပြဋ္ဌာန်းချက်များရှိကြောင်း၊ မိမိတို့နှင့် သက်ဆိုင်သည်မှာ အခန်း (၉) နှင့် အခန်း (၁၀)ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံရေးပါတီများနှင့် ပတ်သက်ပြီး ပုဒ်မ ခြောက်ခုသာရှိကြောင်း၊ အလားတူနိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ လည်းရှိကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင် ဥပဒေတွင် **ပါတီတစ်ခုသည် ပုဒ်မ ၆ ပါ အချက်အလက်များကို လိုက်နာရမည်**ဟု ပါရှိကြောင်း၊ **ပုဒ်မ ၁၂ ကို ကျူးလွန်ပါက ပါတီအတွက် ရပ်တည်ခွင့်မရှိ**ဟု ပါရှိကြောင်း၊ သို့သော်လည်း အရင်းအမြစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိကြောင်း၊ ၎င်းမှာ ပုဒ်မ ၄၀၇ ဖြစ်ကြောင်း၊ **နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း**- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၇ တွင် **"နိုင်ငံရေးပါတီ တစ်ရပ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိစေရ" - (က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊ (ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူ အဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊ (ဂ) နိုင်ငံခြားတိုင်းပြည် တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြား အထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊ (ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း**ဆိုသည့် လေးချက်တွင် ပါရှိပြီးဖြစ်ကြောင်း၊ နိုင်ငံခြားတိုင်းပြည်တစ်ခု၊ အစိုးရ၊ ဘာသာရေးအဖွဲ့များမှ အထောက်အပံ့ယူပါက ရပ်တည်ပိုင်ခွင့်မရှိဟု ပါရှိပြီးဖြစ်ကြောင်း၊ ထိုအချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိပြီးဖြစ်ကြောင်း၊ အလားတူ နိုင်ငံရေးပါတီဥပဒေ၊ နည်းဥပဒေများတွင်လည်း ပါရှိပြီးဖြစ်ကြောင်း၊ ထိုအချက်များနှင့် ပတ်သက်ပါက ခိုင်လုံသော အကြောင်းအချက်အလက်နှင့် အတိအကျ မိမိတို့ ကော်မရှင်အနေဖြင့် လက်ခံရရှိပြီးပါက ဆောင်ရွက်မည်ဆိုပါက အဆိုပါဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၂၃။ **ရဲရဲတောက်ဂျာနယ် အယ်ဒီတာချုပ် အမတ်ဒိန်**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သက်တမ်းသည် တစ်နှစ်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် UEC ကလုပ်ဆောင်ရမှာသည် နံပါတ် (၁) နှင့် နံပါတ် (၅) အချက်ဖြစ်ကြောင်း၊ နံပါတ် (၁) အချက် လုပ်ဆောင်သည်မှာ သုံးလရှိပြီဖြစ်သော်လည်း တစ်ဝက်သာပြီးစီးသေးကြောင်း၊ မိမိတို့လူထုက သိချင်သည်မှာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် မကိုက်ညီသည့် ပါတီများကို ရှင်းလင်းရန်၊ ပါတီအသစ်များကို လက်ခံ၍ စိစစ်အတည်ပြုရန်၊ ရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်ရန်၊ ရွေးကောက်ပွဲနီးလာသည့်အချိန် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်တို့ဖြစ်ပြီး ထိုကဲ့သို့ လုပ်ငန်းများ အများကြီးကျန်ရှိနေသေးသည်ဟု မိမိတို့နားလည်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် UEC တွင် Time Table များရှိပါသလား၊ ရှိခဲ့ပါက လူထုကသိချင်နေကြောင်း မေးမြန်းသည်။

## အသိပေးကြေညာသွားမည်

၂၄။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က အဆိုပါကိစ္စများနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပါရှိသည့် ရှေ့လုပ်ငန်းစဉ် နံပါတ်(၁)ကိုလည်း အလေးထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည့် PR စနစ်ကဲ့သို့သော ကိစ္စရပ်များနှင့် ပတ်သက်၍ Review လုပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ရွေးကောက်ပွဲဥပဒေများနှင့် ပတ်သက်ပြီး အချိန်နှင့်တစ်ပြေးညီ တစ်ပြိုင်နက်တည်း ဆောင်ရွက်နေသည့် အနေအထားရှိကြောင်း၊ ဆောင်ရွက်ပြီးရလဒ်များ၊ ဆုံးဖြတ်ချက်များ ထွက်ရှိလာပါက အသိပေးကြေညာသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၂၅။ **NP News (National Post) သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း**က ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည့်ပုံစံမျိုးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြေညာထားပြီးဖြစ်၍ အကယ်၍ ရွေးကောက်ပွဲ ပြန်လည်ကျင်းပသည့်အချိန်တွင် ပြည်သူလူထုက ရွေးကောက်ပွဲ ကျင်းပခြင်းကို လုံးဝအယုံအကြည်မရှိကြောင်း၊ လုံးဝလက်မခံကြောင်းဆိုပြီး မဲလာမပေးခဲ့ပါက သို့မဟုတ် ပါတီတချို့ တော်တော်များများက ဝင်ရောက် မယှဉ်ပြိုင်ခဲ့ပါက မည်သို့ဖြစ်မည်ကို သိလိုကြောင်း မေးမြန်းသည်။

၂၆။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတ်မှတ်ထားသော လုပ်ငန်းစဉ် တိုင်းတွင် ဥပဒေ၊ နည်းဥပဒေများရှိကြောင်း၊ ဆောင်ရွက်ရသည့် ရွေးကောက်ပွဲစက်ဝန်းပါလုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲကာလတွင် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များအပြည့်အဝရှိကြောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုအထဲတွင်လည်း ပြဋ္ဌာန်းချက်များအပြည့်အစုံရှိကြောင်း ရှင်းလင်းပြောကြားသည်။

၂၇။ **NP News (National Post) သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်း**က ဆိုလိုသည်မှာ လုံလောက်သည့် လူဦးရေမဲစာရင်းမပေးခဲ့ပါက ရွေးကောက်ပွဲ အထမမြောက်ဖြစ်သွားနိုင်လား၊ ဘာဆက်ဖြစ်သွားနိုင်လဲကို သိလိုကြောင်းမေးမြန်းသည်။

၂၈။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ရွေးကောက်ပွဲလုပ်ငန်းစဉ်အတိုင်း ကော်မရှင်ကကြေညာမည်၊ မှတ်ပုံတင်သည့်သူက မှတ်ပုံတင်မည်၊ မိမိတို့က ထိုအချက်များကြုံရသည့် အနေအထားလည်း မဟုတ်သေးကြောင်း၊ မိမိတို့က ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ဆောင်သည့်အချိန်တွင် သတ်မှတ်သောဘောင်အတိုင်းသာ ယခင် ရွေးကောက်ပွဲများတွင်လည်း ထိုကဲ့သို့စိန်ခေါ်မှုများ၊ အခက်အခဲများကြားက အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ လက်ရှိလာမည့်ရွေးကောက်ပွဲကိုလည်း သတ်မှတ်သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်လက်စွဲများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း အောင်မြင်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် ဧပြီ ၁၅

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့်အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ဖြင့်ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပါသည်။

## ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | Khay Sett Thwin https://www.facebook.com/khaysett.thwin.58 | ခေးဆက်သွင် | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၂ | PhoneSett Thwin https://www.facebook.com/phonesett.thwin | ဘုန်းဆက်သွင် | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၃ | Ni Phyo Kyaing https://www.facebook.com/NPK13.VodKa | နီဖြိုးကြိုင် | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၄ | Mya Sandi Htun https://www.facebook.com/mya.s.htun | မြစန္ဒီထွန်း | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ခေတ္တစင်ကာပူနိုင်ငံ) | ၅၀၅-က | |
| ၅ | Myat Thu Htet https://www.facebook.com/myatthuhtetsc | မြတ်သူထက် | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၆ | Nyan Kyal Say (ညာဏ်ကျယ်စေ) https://www.facebook.com/NyanKyalSay | နိုင်ကောင်းညာဏ် | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၇ | Ye Tun Oo https://www.facebook.com/yto.vivo | ရဲထွန်းဦး | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၈ | Nyein Chan Aung https://www.facebook.com/100056919183654 | ငြိမ်းချမ်းအောင် | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၉ | Aung Ko Swe https://www.facebook.com/100008449395379 | အောင်ကိုဆွေ | မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က | |
| ၁၀ | တင်မောင်ထွေး https://www.facebook.com/lawkapala.lkpl | တင်မောင်ထွေး | ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က | |
| ၁၁ | Ko Ko Ye (Ko Ko Ye) https://www.facebook.com/kokoye2007 | ကိုကိုရဲ | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၁၂ | Hnin Nway Oo Hlaing (မိသဲ) https://www.facebook.com/hninoohlaing.hlaing | နှင်းဦးလှိုင် | သုဝဏ္ဏမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၁၃ | Ye Hein (YH Photography) https://www.facebook.com/yeheinmu | ရဲဟိန်း | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၁၄ | KO Lin Aung https://www.facebook.com/profile.php?id=100008058496307 | လင်းအောင် | မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၁၅ | ZayMyo Lin (လင်းဖမ်မလီ) https://www.facebook.com/Mrlynn.MMCP | ဇေမျိုးလင်း | ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က | |
| ၁၆ | ဒီ မို ဇော် https://www.facebook.com/100037066038936 | ဇော်မင်းပိုင် | သုံးဆယ်မြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က | |
| ၁၇ | May Zabu https://www.facebook.com/madi.khinmyanmarcotton | မေဇဗ္ဗူ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၁၈ | Thidar https://www.facebook.com/100021654071842 | သီတာ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၁၉ | Nyi Min San https://www.facebook.com/stw.soethuwin | ညီမင်းစံ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |
| ၂၀ | Thein Than Hein https://www.facebook.com/theinthan.naing | သိန်းသန်းနိုင် | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က | |

## ဧပြီလ၏ ပျမ်းမျှအပူချိန်

နေပြည်တော် ဧပြီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်နှင့် ကရင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မိုး/ဇလ

# အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ(၈)တွင် ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် တိုင်းရင်းသား လူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှုများကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်းကို ဖြစ်စေနိုင်သည့် အကြောင်းအရာများကိုသော်လည်းကောင်း ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရန် ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် ပုံနှိပ်စက်များ၊ ပုံနှိပ်တိုက်များ၊ **Digital Printing Machine** များဖြင့် လုပ်ငန်းဆောင်ရွက်သည့် **ဗီနိုင်းပုံနှိပ် လုပ်ငန်းများ၊** အင်တာနက်သတင်းဖြန့်ချိသောနည်းဖြင့် လုပ်ငန်းဆောင်ရွက်နေသော သတင်းအေဂျင်စီများသည် အထက်ဖော်ပြပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာများကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန




# ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/ ၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၄ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီဆွေ၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၅**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်သည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ ဖြိုးပိုင် (အထူးကု) | ပခုက္ကူ ပြည်သူ့ဆေးရုံ | မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါက်တာ ယဉ်မိုးနိုင် (အထူးကု) | စစ်တွေ ပြည်သူ့ဆေးရုံ | စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ ခင်သီတာအေး (ဒုညွှန်မှူး) | အခြေစိုက်ဇဟို ဆေးသိုလှောင်ရေးဌာန ဒဂုံမြို့နယ် | ကျောက်မြောင်း၊ ရန်ကုန်မြို့။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ ဝင်းဇော်ဦး (လ/ထ ဆရာဝန်) | ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ဆေးရုံကြီး | ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ ရဲမြတ် (လ/ထ ဆရာဝန်) | မတ္တရာ ပြည်သူ့ဆေးရုံ | မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ ချယ်ရီမြင့် (လ/ထ ဆရာဝန်) | ပေါင်းတည် တိုက်နယ်ဆေးရုံ | နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | **ဒေါက်တာ အောင်ရဲလွင်** (လ/ထ ဆရာဝန်) | ဘုရားကလေး တိုက်နယ်ဆေးရုံ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ နန်းဝင်း (လ/ထ ဆရာဝန်) | ဝါးဂါမဏိတိုက်နယ် ဆေးရုံ | ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ ပြည်သိမ်း (အထူးကု) | ဥတ္တရသီရိအရိုးရောဂါ အထူးကုဆေးရုံကြီး | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ စိုင်းရယ် (အထူးကု) | ဥတ္တရသီရိအရိုးရောဂါ အထူးကုဆေးရုံကြီး | သုဝဏ္ဏမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ ဖြိုးသီဟညို (အထူးကု) | ဥတ္တရသီရိအရိုးရောဂါ အထူးကုဆေးရုံကြီး | ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ ဇော်ဇော်ထွေး (အထူးကု) | ဥတ္တရသီရိအရိုးရောဂါ အထူးကုဆေးရုံကြီး | ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၃ | ဒေါက်တာ ဝေဇန်ကျော် (အထူးကု) | ဥတ္တရသီရိအရိုးရောဂါ အထူးကုဆေးရုံကြီး | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ ဇာနည်သက် (အထူးကု) | ဥတ္တရသီရိအရိုးရောဂါ အထူးကုဆေးရုံကြီး | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ မေသန္တာကျော် (အထူးကု) | ဥတ္တရသီရိအရိုးရောဂါ အထူးကုဆေးရုံကြီး | မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ ခိုင်ငြိမ်းအေး (အထူးကု) | လွိုင်ကော် ပြည်သူ့ဆေးရုံ | လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ မေသက်ထွန်း (အထူးကု) | လွိုင်ကော် ပြည်သူ့ဆေးရုံ | လွိုင်ကော်မြို့၊ ကယားပြည်နယ်။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ စိုးအောင်သန်း (အထူးကု) | သထုံ ပြည်သူ့ဆေးရုံ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာ နှင်းအေးခိုင် (အထူးကု) | သထုံ ပြည်သူ့ဆေးရုံ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာ နီလာသန္တာငြိမ်း (အထူးကု) | သထုံ ပြည်သူ့ဆေးရုံ | မြေနီကုန်းရပ်၊ မော်လမြိုင်မြို့။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် လွိုင်ကော်ပြည်သူ့ဆေးရုံမှ ဒေါက်တာခိုင်ငြိမ်းအေး(အထူးကု)သည် မင်းသုခအထူးကုဆေးခန်းနှင့် ဆေးဆိုင်၌လည်းကောင်း၊ လွိုင်ကော်ပြည်သူ့ဆေးရုံ (နား/နှာခေါင်း/လည်ချောင်း)မှ ဒေါက်တာ မေသက်ထွန်း (အထူးကု)သည် မြတ်တော်ဝင်အထူးကုဆေးခန်း၌ လည်းကောင်း၊ သထုံပြည်သူ့ဆေးရုံမှ ဒေါက်တာ စိုးအောင်သန်း(ခွဲစိတ်အထူးကု)သည် ဒီဃာယုဆေးခန်း၌ လည်းကောင်း၊ သထုံပြည်သူ့ဆေးရုံမှ ဒေါက်တာ နှင်းအေးခိုင်(အထူးကု)သည် ဆေးခန်းဖွင့်လှစ်၍ လည်းကောင်း၊ သထုံပြည်သူ့ဆေးရုံ(ဓာတ်မှန်)မှ ဒေါက်တာ နီလာသန္တာငြိမ်း(အထူးကု)သည် စံပြအထူးကုဆေးခန်း၌ လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရသည်။




ဒေါက်တာ ခိုင်ငြိမ်းအေး(ကလေးအထူးကု၊ လွိုင်ကော်ပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် “မင်းသုခ”အထူးကုဆေးခန်း မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ခိုင်ငြိမ်းအေး

စာမျက်နှာ ၂၁ သို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်
### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာ ဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*စာမျက်နှာ ၂၀ မှ*



ဒေါက်တာ မေသက်ထွန်း(နား/နှာခေါင်း/ လည်ချောင်း၊ လှိုင်ကော်ပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "မြတ်တော်ဝင်" အထူးကုဆေးခန်း မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ မေသက်ထွန်း



ဒေါက်တာ စိုးအောင်သန်း(ခွဲစိတ်အထူးကုဆရာဝန်၊ သထုံပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် "ဒီဃာယု"ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ စိုးအောင်သန်း



ဒေါက်တာ နှင်းအေးခိုင်(အထူးကုဆရာဝန်၊ သထုံပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ နှင်းအေးခိုင်



ဒေါက်တာ နီလာသန္တာငြိမ်း(ခေတ်မှန်အထူးကုဆရာဝန်၊ သထုံပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "စံပြ"အထူးကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ နီလာသန္တာငြိမ်း

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်း ပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်း မဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

❖ ခေတ်သစ်နယ်ချဲ့ အလိုကျ ရှုးရှူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြွေလွင့်ကြရမယ်။ မကောင်းမှု ရှောင်ကာ ကောင်းမှု ဆောင်နိုင်ကြပါစေ။ စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။

# ပူဇော်ထိုက်သူကို ပူဇော်ရခြင်းဆိုသည့် မင်္ဂလာတရားတော်တို့နှင့် ပြည့်စုံနိုင်ကြပါစေ

---- ကိုထွန်းခင် ----

အာစရိယဂုဏော အနန္တော- အနန္တောအနန္တ ငါးပါးတွင် တစ်ပါး အပါအဝင်ဖြစ်သော ဆရာသမားတို့၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့သည် အဆုံးမရှိ ကျယ်ဝန်းလှပါ၏။

### ဂုဏ်ကျေးဇူးကြီးမား

နယနည်းနာ၊ အဖြာဖြာကို၊ လိမ္မာစေကြောင်း မေတ္တာလောင်း၍၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်လျက်၊ နှုတ်မြွက်သံချို၊ ဆုံးမဆိုသား၊ အဟိုများစွာ၊ သံသရာဝယ်၊ သုံးသွယ်သောကပ်၊ လေးရပ်အပါယ်၊ ရှစ်သွယ်ရပ်ပြစ်၊ ဆိုးညစ်ယုတ်မာ၊ ပယ်စွန့်ခွာ၍၊ ခေမာဘုမ္မိ၊ ဘေးမရှိသည့်၊ သန္တိသုခ၊ မုချကေန်၊ နိဗ္ဗာန်အရောက်၊ ညွှန်ထောက်သွန်သင်၊ ပွဲပြင်ပေးတတ်၊ ဆရာမြတ်ကို၊ အဟံ - ဘုရားတပည့်တော်သည်၊ ဝန္ဒာမိ - သဒ္ဓါညွတ်ကျိုးလွန်မြတ်နိုးလျက်၊ ရှိခိုးပါ၏ဟု မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကြီးမားသည့်အတွက် အနန္တော အနန္တ ငါးပါးနှင့် တစ်ဂိုဏ်းတည်းထားကာ နေ့စဉ် ရှိခိုးကန်တော့ရခြင်း ဖြစ်ပါသည်။

ငယ်စဉ်က စာရေးသူ၏ အဘွားထံမှ ကြားဖူးနေကျ ဖြစ်ရပ်တစ်ခုကို အမှတ်ရမိပါသည်။ အဘွား၏သူငယ်ချင်း ခင်မေကြီးဆိုသည့် ကျောင်းသူလေးတစ်ဦးအကြောင်း ဖြစ်ပါသည်။ ခင်မေကြီးက ကျောင်းတက်ရမည်ကို အလွန်ပျင်းပါ၏။ ကျောင်းတက်ရမှာ ပျင်းသည့်အတွက် စာသင်ပေးနေသည့် ဆရာကို နေ့စဉ် ကျိန်ဆဲပါသည်။ သူ၏ ကျိန်ဆဲမှုများကြောင့် ဆရာမှာ ဘာမှမဖြစ်သွားသော်လည်း ထိုကလေးမလေးသည် အသက်ရှည်ရှည်မနေရဘဲ ငယ်ရွယ်စဉ်မှာပင် ရောဂါတစ်ခု ကပ်ငြိပြီး အသက်ဆုံးရှုံးသွားသည်ဟု ဆိုပါသည်။

ထိုဖြစ်ရပ်ကို အဘွားက အိပ်ရာဝင်ပုံပြင်အဖြစ် မကြာခဏပြောပြခဲ့ပြီး "ဆရာသမားဆိုတာ ဘုရားနဲ့ တစ်ဂိုဏ်းတည်းထား ကိုးကွယ်ရမယ်၊ မပြစ်မှား မစော်ကားရဘူး၊ မပြစ်မှား မစော်ကားသင့်သူကို ပြစ်မှားစော်ကားမိရင် အသက်တိုတတ်တယ်" ဟု ဆုံးမခဲ့ဖူးသည့်အတွက် ယနေ့တိုင်နားထဲ စွဲမြဲနေပါသည်။

မဃဒေဝလင်္ကာတွင် ဆရာ့ဂုဏ်ကို "ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလေ့" ဟု ဖွင့်ဆိုထား၏။

ပထမအရွယ်ပညာရှာချိန်တွင် ဆရာတို့ချော့ကာ၊ ခြောက်ကာ သင်ကြားပေးလိုက်သော အသိပညာ၊ အတတ်ပညာများဖြင့် ဒုတိယအရွယ်နှင့် တတိယအရွယ်တို့တွင် ဘဝရပ်တည် အသက်မွေးကြရသည်။ မြတ်ဆရာတို့ သင်ကြားပေးလိုက်သည့် ပညာတွေကြောင့်သာ လူ့လောကအလယ် မပင်မပန်း၊ မနွမ်းမနယ်၊ အထက်တန်းကျကျ မျက်နှာပန်းလှလှ ရပ်တည်ရှင်သန်နိုင်ခြင်းဖြစ်ပါသည်။ ရှာဖွေ၍ရသမျှ စည်းစိမ်ဥစ္စာတို့သည် ငယ်ရွယ်စဉ်က ပညာသင်ကြားပေးခဲ့ကြသည့် မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကြောင့်ဟု ဆိုရပါမည်။

ထို့အတူ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာလည်း ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသော၊ အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန် အခြေခံမှာလည်း အတန်းပညာ တတ်မြောက်မှ ဖြစ်လိမ့်မည်။

သို့သော် ပြီးခဲ့သည့်ပညာသင်နှစ်တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသောကြောင့် စာသင်ကျောင်းများကို ပိတ်ထားခဲ့ရပြီး ကျောင်းသား ကျောင်းသူများသည် ပညာသင်ခွင့် မရသည့်အတွက် နိုင်ငံနှင့်ပြည်သူ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများမှာ နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

### သွေးထိုးလှုံ့ဆော်

ဖေဖော်ဝါရီလ ၁ ရက်နေ့ နိုင်ငံတော်အာဏာကို တပ်မတော်မှ ထိန်းသိမ်းရယူလိုက်ချိန်မှ စတင်ကာ ပြည်သူများ လမ်းပေါ်သို့ ရောက်ရှိလာအောင်၊ နိုင်ငံရေးအပေါ် သိတတ်နားလည်မှု မရှိသေးသော အပြစ်ကင်းစင်သည့်အရွယ် ကျောင်းသား ကျောင်းသူများကို ဆူပူဆန္ဒပြမှုဖြစ်စဉ်တွင် ပါဝင်လာအောင် နိုင်ငံရေးသမားအရေခြုံတို့က ကိုယ်ကျိုးစီးပွားအတွက် သွေးထိုးလှုံ့ဆော်ကြသည်။

**ငြိမ်းချမ်းစွာဆန္ဒပြမှုမှသည် ဆူပူမှု၊ အကြမ်းဖက်မှု၊ မီးရှို့မှုများအထိ ဖြစ်ပွားလာခဲ့သည်။ ကလေးသူငယ်များအား လူအများ ထိခိုက်ဒဏ်ရာရရှိစေသည့် လက်နက်များကို ကိုင်ဆောင်စေခြင်း၊ ဥပဒေမဲ့လုပ်ရပ်များ လုပ်ဆောင်ရန် အားပေးအားမြှောက်ပြုလုပ်ကာ ငွေကြေး၊ ဆုလက်ဆောင်ပေးခြင်းများဖြင့် မက်လုံးပေးစည်းရုံးခြင်း၊ စိတ်ကြွဆေး၊ မူးယစ်ဆေးများ တိုက်ကျွေးခြင်း၊ ကော်ရှူစေခြင်းတို့ဖြင့် လူငယ်တို့ကို ပုံမှန်အသိစိတ်မှ ကင်းလွတ်စေပြီး သွေးဆူကာ အကြမ်းဖက်လုပ်ရပ်များအထိ လုပ်ဆောင်ရန် စေခိုင်းကြသည်။**

ကျောင်းသား ကျောင်းသူများသည် တရားမဲ့ပါတီနိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှု၊ နိုင်ငံရေးမှိုင်းတိုက်မှုများကြောင့် ဆူပူအုံကြွမှုများတွင် ရှေ့တန်းမှပါဝင်လာပြီး ကိုယ်ကျိုးရှာသူများ၏ အသုံးချခံဖြစ်လာကာ ၎င်းတို့ကို ပညာသင်ကြားပေးမည့် ဆရာ ဆရာမများကိုပင် ရန်သူသဖွယ် ထင်မြင်ပြုမူနေကြ၏။

ကျောင်းသား ကျောင်းသူ၊ လူငယ်မောင်မယ်တို့ကို ပညာပြည့်ဝ နှလုံးသားလှအောင် လမ်းညွှန်ပြသသင်ကြားပေးနေသူ ဆရာ ဆရာမများကို စာမသင်နဲ့ဆိုကာ ကျောင်းတံခါးများ ပိတ်ထားရလေအောင် နှောင့်ယှက်ဟန့်တားကြလေ၏။

"နိုင်ငံရေးအယူအဆတစ်ရပ်၏ သိမ်းသွင်းမှုကြောင့် ဂျန်နရေးရှင်းဇက်တို့၏ Social Bullying၊ မင်းမဲ့စရိုက်ဆန်ဆန်လုပ်ရပ်သည် အပြုသဘောထက် အပျက်သဘောသို့ ဦးတည်ကာ ဒီမိုကရေစီလမ်းကြောင်းနှင့် ဖီလာဆန့်ကျင်နေ၏။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲဖြင့် သူတစ်ပါး၏ ညွှန်ကြားစေခိုင်းမှုအတိုင်း ကြိုးဆွဲရာလိုက်ပါပြီး ကိုယ်ပိုင်ရပ်တည်ချက် ပျောက်ဆုံးနေကြသည်"

အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ဆိုသည်နှင့် အညီ ဘယ်လိုအခြေအနေမျိုးမှာမဆို မြတ်ဆရာတို့ စာသင်ကြားပေးနေခြင်းသည် ကျင့်ဝတ်ဖောက်ဖျက်နေခြင်းမဟုတ်၊ ဆရာ့တာဝန်ကို လေးစားလိုက်နာခြင်းသာ ဖြစ်ပါသည်။

မြန်မာလူငယ်များသည် အနန္တဂိုဏ်းဝင် ဆရာ ဆရာမများကို ကျောင်းတက်လို့၊ CDM မှာ မပါဝင်လို့ "လူသတ်ကောင်ကို ကျွန်ခံတဲ့ Non CDM အလိုမရှိ၊ ဆ- ဆရာမ ...မ။ ဆ-ဆရာကြီး . . . ကြီး" စသည်ဖြင့် ဆဲဆိုကြပါ၏။ ဝေဖန်အပြစ် ပြောရဲကြပါ၏။ ဆရာ ဆရာမတွေကို ဓာတ်ပုံရိုက်၊ ဗီနိုင်းဖောက်ပြီး လူမှုကွန်ရက်စာမျက်နှာပေါ်တင် အရှက်ခွဲပါ၏။ Social Bullying လုပ်ကြပါ၏။

### အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာ

ကျောင်းသားအရွယ်လူငယ်များသည် မိမိတို့ ပညာသင်ကြားရေးကို အထောက်အပံ့ပြု စီမံခန့်ခွဲနေသည့် မြို့နယ်ပညာရေးမှူးရုံးကိုပင် လက်လုပ်ဗုံးပစ်ခြင်းများအထိ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာကြသည်။ လူနေရပ်ကွက်များအတွင်း မသင်္ကာသူများကို ခေါ်ထုတ်စစ်ဆေးကာ သူခိုး၊ ဒလန်၊ သူလျှိုစသည်ဖြင့် အမည်အမျိုးမျိုးတပ်ကာ အပြစ်ပေးသည့်အနေဖြင့် နှိပ်စက်သတ်ဖြတ်ကြသည်။

CDM တွင် ပါဝင်ခြင်းမရှိသည့် ပညာရေးဝန်ထမ်းများကို CDM တွင် ပါဝင်လာစေရန်၊ ဆန္ဒပြသည့် လူစုလူဝေးများတွင် ပါဝင်လာစေရန်၊ ပညာရေးဝန်ထမ်းများကို မွမ်းမံသင်တန်းများ တက်ရောက်ခြင်းမပြုရန် လူမှုကွန်ရက်များမှ စည်းရုံးလှုံ့ဆော်နေကြသည်။

အာဏာရရန်၊ ပြိုင်ဘက်များကို ဖယ်ရှားနိုင်ရန် လူငယ်များအားမှိုင်းသွင်းပြီး မြှောက်ပေး၊ သွေးထိုးပေးနေခြင်းများကြောင့် အချို့ဆိုလျှင် ဆပ်၍မကုန်နိုင်သည့် ကျေးဇူးတရားကြီးမားလှသည့် မိဘအရင်းကိုပင် တပ်မတော်သားဖြစ်နေသည့်အတွက်၊ ယုံကြည်ချက်မတူသည့်အတွက် ရန်သူသဖွယ် သတ်မှတ်လိုက်သည့် သားသမီးများ၊ မိဘအဖြစ်က စွန့်လွှတ်သည့် ဖြစ်စဉ်ဖြစ်ရပ်များအထိ စိတ်မကောင်းဖြစ်ဖွယ်၊ ဝမ်းနည်းကြေကွဲဖွယ် တွေ့မြင်လာရသည်။

**နိုင်ငံရေးအယူအဆတစ်ရပ်၏ သိမ်းသွင်းမှုကြောင့် ဂျန်နရေးရှင်းဇက်တို့၏ Social Bullying၊ မင်းမဲ့စရိုက်ဆန်ဆန်လုပ်ရပ်သည် အပြုသဘောထက် အပျက်သဘောသို့ ဦးတည်ကာ ဒီမိုကရေစီလမ်းကြောင်းနှင့် ဖီလာဆန့်ကျင်နေ၏။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲဖြင့် သူတစ်ပါး၏ ညွှန်ကြားစေခိုင်းမှုအတိုင်း ကြိုးဆွဲရာလိုက်ပါပြီး ကိုယ်ပိုင်ရပ်တည်ချက် ပျောက်ဆုံးနေကြသည်။**

ပညာသင်ကြားရမည့်အရွယ်တွင် ဝါဒမှိုင်းများကြောင့် မှောင်မိုက်ကာ ရည်ရွယ်ချက်များ ပျောက်ရှနေကြသည်။ ကျေးဇူးပြုဖူးသူများကိုပင် အမြင်မတူသည့်အတွက် ရန်သူသဖွယ် ချေမှုန်းတိုက်ခိုက်လာကြ၏။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးနှင့် မိမိတို့အား ပညာအလင်းပေးမည့် ကျေးဇူးရှင်မြတ်ဆရာတို့ကို အမြင်၊ အကြားဖြင့် မှားတယ်၊ မှန်တယ် ဆုံးဖြတ်လုပ်ကိုင်နေကြသည်။

### သတိမမူနိုင်ကြ

ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားသည့် မြန်မာနိုင်ငံတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မတွေးရဲစရာ၊ အပါယ်ငရဲကျနိုင်သည့် လုပ်ရပ်များအထိ တရားလက်လွတ်ကျူးလွန်လာကြသည်။ အနန္တောအနန္တငါးပါးကို ပြစ်မှားကျူးလွန်မိသူသည် ပစ္စုပ္ပန်သာမက သံသရာအထိပါ အကျိုးဆုတ်ယုတ်ပျက်စီးနိုင်သည်ကို လူငယ်မောင်မယ်တို့ သတိမမူနိုင်ကြတော့ပြီ။

အနာဂတ်၏ ခေါင်းဆောင် လူငယ်အပေါင်းတို့သည် အမှားကိုသိလျှင် အမှန်ပြင်ဖို့ရာ နောက်မတွန့်သင့်ပါ။ နောင်မှတသည့် မိုက်နောင်တ မဖြစ်ရန်မှာ အချိန်မီလမ်းမှန်ပေါ်သို့ ရောက်အောင် ရုန်းထွက်သင့်ပါသည်။

အဓမ္မကို ဓမ္မအဖြစ် ရှုမြင်ကာ အဓမ္မတရား မကြီးစိုးစေရေးအတွက် လူငယ်တို့သည် အသေဝနာ စ ဗာလာနံ - လူမိုက်ကို ရှောင်ကြဉ်ခြင်း၊ ပဏ္ဍိတာနဉ္စ သေဝနာ - ပညာရှိသူတော်ကောင်းကို ပေါင်းသင်းခြင်း၊ ပူဇာ စ ပူဇနေယျာနံ- ပူဇော်ထိုက်သူကို ပူဇော်ရခြင်းဆိုသည့် မင်္ဂလာတရားတော်တို့နှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

"ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားသည့် မြန်မာနိုင်ငံတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မတွေးရဲစရာ၊ အပါယ်ငရဲကျနိုင်သည့် လုပ်ရပ်များအထိ တရားလက်လွတ်ကျူးလွန်လာကြသည်။ အနန္တောအနန္တငါးပါးကို ပြစ်မှားကျူးလွန်မိသူသည် ပစ္စုပ္ပန်သာမက သံသရာအထိပါ အကျိုးဆုတ်ယုတ်ပျက်စီးနိုင်သည်ကို လူငယ်မောင်မယ်တို့ သတိမမူနိုင်ကြတော့ပြီ"

# ပြည်သူတွေရဲ့ နားနဲ့မျက်စိတွေ အမှန်ကိုမြင်နိုင် ကြားနိုင်ကြပါစေ

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁၃)

ဒေါင်

မနက်မိုးလင်းသည်နှင့် ကိုသံချောင်း အတော်ကို စိတ်ကသိကအောက် ဖြစ်နေရရှာပါတယ်။ တိုင်းပြည်အတွက်၊ အမှန်တရားအတွက်၊ ပြည်သူတွေအတွက်၊ ရပ်ကွက်သူ ရပ်ကွက်သားတွေအတွက် သူဘယ်လောက်ပြောပြော "ဟောရင်း သာ.. ပျံလွန်တော်မူရရှာတဲ့..ဆရာတော်ဘုရား" လို သူ့ပြောစကားများကို ရေပက်မဝင်ကြ။ အမှားတွေကိုပဲ အမှန်ထင်နေတတ်ကြတာ။ စဉ်းစားရင်း အိမ်ရှေ့လမ်းမထက်ဝယ် ကိုသံချောင်းတစ်ယောက် လမ်းထိပ်သို့ ခြေဦးလှည့်ပါတယ်။

"ဆိုပါဦးရှင့် ရေးကြီးသုတ်ပျာနဲ့ ဘယ်သွားမလို့လဲ.." မစာဥက မေးလည်းမေးရင်း ကိုသံချောင်း သွားရာလမ်းမရှေ့ ဖြတ်၍တား၏။

"နိုင်ငံပိုင်သတင်းစာ သွားဝယ်မလို့ဗျ။ တိုင်းရေးပြည်ရေးမှာ ဖေ့စ်ဘွတ်ကသတင်းတွေက အမှန်လား၊ အမှားလားသိရဖို့က MRTV ကြည့်ရမယ်။ ပိုပြီးရှင်းလင်းအောင် နိုင်ငံပိုင်သတင်းစာ ဝယ်ဖတ်မယ်"

"ရှင်ကလေ ရပ်ကွက်ထဲက ဂျန်–ဇီတွေ ပြောတဲ့အတိုင်းဖြစ်နေပြီ။ အခုဆိုရင် ရပ်ကွက်ထဲက ကလေးတွေက ရှင့်ကို Cow Than Kyo ကိုသံချောင်း အပိုတွေသိပ်ကို ပြောဆိုပြီး ကွယ်ရာမှာရော၊ ဖေ့စ်ဘွတ်ပေါ်မှာပါ စကြနောက်ကြတယ်ရှင့်။ သတင်းတွေ သိချင်ရင် ပုဂ္ဂလိကလိုင်းတွေ ကြည့်လို့ရပ့ါရှင်။ တစ်နိုင်ငံလုံး ဘယ်နေရာမှာ ပစ်နေတယ်၊ ဘယ်နေရာမှာ ဆန္ဒပြနေတယ်၊ ဘယ်သူတွေက ဘယ်လိုလုပ်နေတယ်ဆိုတာ ကွက်ကွက်ကွင်းကွင်း ရှင်မြင်ရလိမ့်မယ်။ အဲဒါတွေကမှ သတင်းအမှန်တွေရှင့်"

"တော်ပါတော့ မစာဥရယ်။ ခင်ဗျားတို့ တီဗွီလိုင်းတွေက ပြနေတဲ့ပုံရိပ်တွေ ကျွန်တော်ဖြင့် အော့နှလုံးနာလိုက်တာ။ ဆန္ဒပြတဲ့နေရာတွေက တဖြည်းဖြည်းနည်းလာတော့ ခင်ဗျားတို့ တီဗွီလိုင်းတွေ ခက်နေကြပြီကော မဟုတ်လား။ ဆန္ဒပြသူနည်းနည်းလေးကို အနီးကပ်ဆွဲပြီးရိုက်၊ အဝေးပြကွက်လေး တစ်ကွက်နှစ်ကွက်ထည့်နဲ့ တက်ကြွတဲ့ ဘက်လိုက်မီဒီယာတွေပါဗျာ။ ကျွန်တော်အခု နိုင်ငံပိုင်သတင်းစာသွားဝယ်တာက အစိုးရဘာတွေလုပ်နေတယ်၊ ဘယ်လိုသွားနေတယ်၊ နိုင်ငံကို ဘယ်လိုစီမံအုပ်ချုပ်ကိုင်တွယ်နေတယ်ဆိုတာကို သိရအောင် ဝယ်ဖတ်မှာ။ ဒါတွေကို နားမထောင်ဘဲ ခင်ဗျားတို့ ဆန္ဒပြပွဲတွေ ဘယ်မှာဘယ်လိုဆိုတာချည်း လိုက်ကြည့်နေရုံနဲ့ ပြီးမလားဗျ။ အစိုးရ ဘယ်လမ်းကြောင်းက သွားတယ်၊ ဘယ်လိုရည်မှန်းချက်ထားတယ်၊ ဦးတည်ရာက ဘယ်လိုဆိုတာသိရမှ ကျွန်တော်တို့၊ ခင်ဗျားတို့ ပြည်သူတွေအားလုံး အခြေအနေမှန်ကို သိရမှာပေ့ါဗျာ"

"မလိုပါဘူး ကိုသံချောင်းရယ်။ ကျွန်မတို့က လွတ်လပ်တဲ့ မီဒီယာကိုပဲ ယုံကြည်တယ်။ လွတ်လပ်တဲ့ မီဒီယာကမှ မျှတပြီး ဘက်မလိုက်မှာပေ့ါရှင့်"

"အမယ်လေးဗျာ။ လွတ်လပ်တဲ့ မီဒီယာ ဟုတ်လား။ ခင်ဗျားမသိဘူးလား။ လွတ်လပ်တဲ့ မီဒီယာလို့ ဆိုလိုက်ရင် အမှီအခိုကင်းရမယ်၊ ဘက်မလိုက်ဘဲ မျှတရမယ်ဗျ။ အခုဟာက အဖွဲ့အစည်း တစ်ခုခုရဲ့ လက်အောက်ခံမီဒီယာတွေဟာ ခင်ဗျားတို့လိုလူတွေ သည်းခြေကြိုက် ဆန္ဒပြနေတာတွေ လွှင့်

**"နိုင်ငံတော်ရဲ့ အရေးပေါ်အခြေအနေ ကြေညာရတာရဲ့ နောက်ဆက်တွဲ မဲမသမာမှုအတွက် ထုတ်ဖော်စစ်ဆေးနေတဲ့ မြေပြင်အခြေအနေကိုလည်း အစိုးရသတင်းစာတွေမှာ ရွေးကောက်ပွဲကော်မရှင်က စာရင်းဇယားနဲ့ နေ့စဉ်သတင်းထုတ်ပြန်ပေးနေတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဆောင်ရွက်ချက်တွေကိုလည်း သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲလုပ်ဆောင်တဲ့အခါမှာလည်း အပြည့်အစုံ ဖော်ပြပေးနေတာပါဗျ"**

မယ်။ လူထုသွေးဆူလာအောင်၊ မျက်ရည် ကျလာအောင်၊ လမ်းပေါ်ထွက်လာအောင်နဲ့ နိုင်ငံ ပျက်စီးဖို့ တက်တက်ကြွကြွနဲ့ စုပေါင်းပြီး အမှားတွေ လုပ်ကြရအောင် မြှောက်ပေးနေတာမျိုးက ဘက်မလိုက်တဲ့မီဒီယာတဲ့လား မစာဥရယ်"

"ထားပါတော့ရှင်။ အစိုးရပိုင်တဲ့မီဒီယာတွေကရော အစိုးရကို မှီခိုတာမျိုးမဟုတ်ဘူးလားရှင့်။ အဲဒီတော့ အမှီအခိုမကင်းဘူး၊ ဘက်လိုက်ပြီး အစိုးရဘက်ကိုပဲ တစ်ဖက်စောင်းနင်းရေးတာမျိုး မဖြစ်နိုင်ဘူးလား"

"အဲဒါဆိုရင်တော့ နိုင်ငံပိုင် အစိုးရမီဒီယာတွေကို ခင်ဗျားမကြည့်ဖြစ်ဘူးထင်တယ်။ အဲဒီမှာ ပြည်သူတွေရဲ့ခံစားချက်တွေပါတယ်ဗျ။ ခင်ဗျားခံစားနေရတာရှိရင်လည်း အယ်ဒီတာထံပေးစာလို ကဏ္ဍမှာ ရေးသားပေးပို့နိုင်တယ်ဗျ။ နိုင်ငံ့အရေးကို တကယ်ကို စေတနာရှိပြီး ပြည်သူ့အကျိုးကိုလိုလားတဲ့ နိုင်ငံ့ဝန်ထမ်းတွေ နေ့မအား ညမနား အလုပ်လုပ်ကိုင်နေတဲ့သတင်းတွေ၊ ပြည်ပရောက်နေတဲ့ မြန်မာနိုင်ငံသားတွေ ပြည်တော်ပြန်ခွင့်ရတဲ့အကြောင်းတွေ၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးနဲ့ ဆိုင်တဲ့အကြောင်းအရာတွေ၊ လက်ရှိအစိုးရရဲ့ ဆောင်ရွက်ချက်တွေ၊ နိုင်ငံတကာသံခင်းတမန်ခင်း ဆက်ဆံရေးတွေ၊ နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေသူတွေကို အရေးယူဆောင်ရွက်နေမှုတွေ၊ အမျိုး၊ ဘာသာ၊ သာသနာ တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်း ဆောင်ရွက်နေမှုတွေ၊ နိုင်ငံတကာသတင်းတွေ အစုံလို့ပါဗျာ။ ခင်ဗျားပြောတဲ့ ဆန္ဒပြပွဲသတင်းတွေလည်း ပါပါတယ်ဗျာ။ ဒါပေမယ့် ခင်ဗျားတို့လို မှိုင်းမိနေသူတွေဖြစ်စေချင်သလို မျက်ရည်ချူတဲ့သတင်းမျိုးတော့ မဟုတ်ဘူးပေ့ါ။ လက်တွေ့ကျကျ၊ ဖြစ်စဉ်အမှန်အတိုင်း ဖော်ပြပါတယ်ဗျ"

"အဲဒါတွေတော့ ကျွန်မမသိဘူး။ ဒါပေမယ့် အားလုံးက အစိုးရမီဒီယာတွေကို တိုက်ခိုက်ကြတယ်ရှင့်။ အခုနောက်ပိုင်း မြန်မာ့အသံရဲ့ ဖေ့စ်ဘွတ်စာမျက်နှာတွေ၊ တပ်မတော်ရဲ့ သတင်းထုတ်ပြန်ရေး စာမျက်နှာတွေ၊ မြန်မာ့အလင်း၊ ကြေးမုံတို့ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာတွေဆိုရင် မမြင်တွေ့ရတော့ဘူး။ အသစ်တက်လာရင်လည်း ကျွန်မတို့က အွန်လိုင်းက ဆရာသမားတွေပြောတဲ့အတိုင်း ရီပို့ထုပစ်တာပဲ။ အဲဒီအခါကျ မမြင်ရတော့ဘူး။ နိုင်ငံပိုင်သတင်းစာတွေဆိုလည်း ပြည်သူတွေ မဖတ်အောင်၊ မဖြန့်နိုင်အောင် သိမ်းကျုံးဝယ်ပစ်လိုက်တာမျိုးတွေ ကျွန်မတို့အဖွဲ့က လုပ်ကြတယ်လို့ သိရတယ်ရှင့်"

"အဲဒါပြောတာပေ့ါ မစာဥရယ်။ သတင်းဆိုတာ အဖြစ်မှန်ပဲ တင်ဆက်ရတယ်။ သတင်းကို သတင်းလို မတင်ဆက်ဘဲ ခံစားချက်ကို ဦးစားပေး၊ ပြည်သူတွေ သည်းခြေကြိုက်ဖို့ကို ဦးစားပေးနေတာမျိုးတော့ နိုင်ငံပိုင်မီဒီယာတွေက မလုပ်ဘူးဗျ။ စစ်မှန်တဲ့ သတင်းအချက်အလက်တွေကို ပေးမယ်၊ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် ကောင်းမွန်တဲ့ အသိပညာတွေ မျှဝေမယ်။ အရေးကြီးတဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး သတင်းအချက်အလက်တွေကို ဖော်ပြမယ်ပေ့ါဗျာ။ အဲဒါတွေကို ခင်ဗျားတို့က မကြည့်ဘူးဆိုရင် လက်ရှိမြန်မာနိုင်ငံရေး အကြောင်း မသိဘဲ မျက်ကန်းတစ္ဆေတွေဖြစ်ကုန်မှာပေ့ါဗျ"

"သေချာစဉ်းစားကြည့်တော့လည်း ကိုသံချောင်း ပြောတာ ဟုတ်တုတ်တုတ်ရှင့်။ ပြီးခဲ့တဲ့ရက်က ရပ်ကွက်မှာ ဧည့်စာရင်းတိုင်ထားဖို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက အသိပေးတဲ့အခါ ရပ်ကွက်ထဲကသူတွေက မလိုဘူးလို့ဆိုကြတယ်။ အမှန်က အချို့ဥပဒေတွေ ပြင်ဆင်ထားတာတွေရှိတယ်။ မသိလို့ ကျူးလွန်မိကြရင် ဥပဒေအရ အရေးယူခံရမယ်။ အဲဒါမျိုးတွေဆိုရင်တော့ နိုင်ငံပိုင်မီဒီယာတွေကပဲ ပြည့်ပြည့်စုံစုံ ဖော်ပြပေးတာ"

"ဒါပေ့ါဗျာ။ ဥပမာဗျာ။ ခင်ဗျားခရီးတစ်ခုသွားမယ်။ လမ်းပန်းအခြေအနေ၊ ကိုဗစ်ကာကွယ်ရေး အစီအစဉ်၊ ရာသီဥတုနဲ့ ကားလိုင်းအခြေအနေ၊ ဒေသန္တရဥပဒေတွေမသိရင် အဆင်မပြေဖြစ်နိုင်တယ်။ ဒါမျိုးတွေကို နိုင်ငံပိုင်မီဒီယာတွေက မပြတ်တမ်း ဖော်ပြပေးနေတယ်။ နိုင်ငံတော်ရဲ့ အရေးပေါ်အခြေအနေ ကြေညာရတာရဲ့ နောက်ဆက်တွဲ မဲမသမာမှုအတွက် ထုတ်ဖော်စစ်ဆေးနေတဲ့ မြေပြင်အခြေအနေကိုလည်း အစိုးရသတင်းစာတွေမှာ ရွေးကောက်ပွဲကော်မရှင်က စာရင်းဇယားနဲ့ နေ့စဉ်သတင်းထုတ်ပြန်ပေးနေတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဆောင်ရွက်ချက်တွေကိုလည်း သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲလုပ်ဆောင်တဲ့အခါမှာလည်း အပြည့်အစုံ ဖော်ပြပေးနေတာပါဗျ"

"ကျွန်မက သတင်းတွေကြည့်ရင် ပုဂ္ဂလိကမီဒီယာတွေ ကြည့်ဖြစ်တယ်ရှင်။ ကြည့်ရင်လည်း အထိအခိုက်တွေမြင်ပြီး ဝမ်းနည်းလာမိတယ်။ အစိုးရသတင်းစာဆိုရင်တော့ နာရေးပဲ ဖတ်တယ်ရှင့်"

"ပြန်စဉ်းစားပါဦး မစာဥရယ်။ ကီးဘုတ်ဆရာကြီးတွေ မှန်းဆသလို ဖြစ်လာခဲ့သလား။ သေသူတွေအတွက် ဝမ်းနည်းတယ်ဆိုရင် နှစ်လတာအတွင်း ဝိုင်းပြီး Share ကြတဲ့ လမ်းပေါ်အတင်းထွက်ခိုင်းတဲ့စာသားတွေ၊ မပစ်ရဲပါဘူးဆိုပြီး ရှေ့တိုးခိုင်းခဲ့တာတွေ၊ အဓိကရုဏ်းဖြစ်ခွဲလို့ ဖိတ်စဉ်တဲ့အခါမှာလည်း သူရဲကောင်းတွေဆိုပြီး မြှောက်ပေးခဲ့ကြတာတွေကို ပြန်စဉ်းစားပြီး ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ကြပါဗျာ။

"ခင်ဗျားပြောလို့ဆက်ပြောရဦးမယ်။ နိုင်ငံပိုင်သတင်းစာတွေမှာ ခင်ဗျားဖတ်တဲ့ နာရေးတောင် တောထည့်တောင်ထည့် မရဘူးဗျ။ နာရေးဖြစ်ဖြစ်၊ သာရေးဖြစ်ဖြစ်၊ သတင်းဖြစ်ဖြစ်၊ ကြော်ငြာဖြစ်ဖြစ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိတယ်ဗျ။ နာရေးထည့်ချင်ရင် သေဆုံးကြောင်းထောက်ခံစာစတဲ့ အထောက်အထား အပြည့်အစုံပါမှ ထည့်ပေးတာဗျ။ မခိုင်မာတဲ့သတင်းဆိုရင် နာရေးတောင် နိုင်ငံပိုင်သတင်းစာမှာ မထည့်ဘူးဗျ။ ကဲ– ကျွန်တော်ကတော့ လက်ရှိအခြေအနေမှန်တွေကို သိရအောင် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတွေ ပြေးဝယ်လိုက်ဦးမယ်"

မဲ့ကာရွဲ့ကာဖြင့် ဆက်၍ ငြင်းခုံလိုဟန် ရှိသေးတဲ့ မစာဥကား လမ်းလယ်တွင် ကျန်ရစ်ခဲ့ရှာလေပြီ။ ကိုသံချောင်းကား နိုင်ငံပိုင်သတင်းစာနှစ်စောင်ကို ကိုင်လျက် နေအိမ်သို့ပြန်၍ စိမ်ပြေနပြေ ဖတ်ရှုနေ၏။ တီဗွီထက်တွင်လည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်တို့ အဆက်မပြတ်လွှင့်နေတာကို မြင်ရ၏။

လက်ရှိမြန်မာ့အရေး၊ ကမ္ဘာ့အရေးနှင့် သုတရသစုံလင်တဲ့ သတင်းတွေ ဖတ်ရှုနားဆင်ရတာဟာ ကိုသံချောင်းအတွက် နံနက်စာစိတ်နှလုံးအာဟာရပေပဲ။ တစ်လက်စတည်း တာဝန်ယူမှု၊ တာဝန်ခံမှု မရှိတဲ့ မီဒီယာအမည်ခံတော်လှန်ရေး မြှောက်ထိုးပင့်ကော်များအကြောင်းတွေးမိရင်း တိုင်းပြည်အတွက်စိတ်ပူလာမိသူက ကိုသံချောင်းပါ။ မီဒီယာတွေဟာ နိုင်ငံရဲ့စတုတ္ထမဏ္ဍိုင်ဖြစ်သလို ပြည်သူတွေရဲ့ နားနဲ့မျက်စိလည်းဖြစ်ပါတယ်။ ပြည်သူတွေရဲ့ နားနဲ့ မျက်စိကို ပိတ်ပြီး အမှန်တရားကို မမြင်အောင် ဖုံးကွယ်ထားတဲ့ အတုအယောင် မီဒီယာများကို ပြည်သူများ ရှောင်ကြဉ်ကြဖို့ လိုပါပြီဟုသာ။ ။

**""အဲဒါတွေတော့ ကျွန်မမသိဘူး။ ဒါပေမယ့် အားလုံးက အစိုးရမီဒီယာတွေကို တိုက်ခိုက်ကြတယ်ရှင့်။ အခုနောက်ပိုင်း မြန်မာ့အသံရဲ့ ဖေ့စ်ဘွတ်စာမျက်နှာတွေ၊ တပ်မတော်ရဲ့ သတင်းထုတ်ပြန်ရေး စာမျက်နှာတွေ၊ မြန်မာ့အလင်း၊ ကြေးမုံတို့ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာတွေဆိုရင် မမြင်တွေ့ရတော့ဘူး။ အသစ်တက်လာရင်လည်း ကျွန်မတို့က အွန်လိုင်းက ဆရာသမားတွေပြောတဲ့အတိုင်း ရီပို့ထုပစ်တာပဲ။ အဲဒီအခါကျ မမြင်ရတော့ဘူး။ နိုင်ငံပိုင်သတင်းစာတွေဆိုလည်း ပြည်သူတွေ မဖတ်အောင်၊ မဖြန့်နိုင်အောင် သိမ်းကျုံးဝယ်ပစ်လိုက်တာမျိုးတွေ ကျွန်မတို့အဖွဲ့က လုပ်ကြတယ်လို့ သိရတယ်ရှင့်""**

# တွံတေးမြို့မှ ရှမ်းလူမျိုးများ၏ နှစ်ဦးသဲပုံစေတီတည်ပွဲ (သို့မဟုတ်) ရှမ်းဘုရားတည်ပွဲ

**မောင်ယဉ်ဦး**

မြန်မာလူမျိုးများ၏ နှစ်သစ်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ နှစ်ဟောင်းသည်လည်း ကျန်ရစ်ခဲ့ရပေတော့မည်။ မြန်မာလူမျိုးများသည် နှစ်သစ်ကို ကုသိုလ်ကောင်းမှုများ၊ ကောင်းသော အပြောအဆို၊ ကောင်းသည့် အပြုအမူများဖြင့်သာ စတင်ပြုလုပ် ကြိုဆိုလေ့ရှိကြသည်။

မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်မှသည် ၁၃၈၃ ခုနှစ်သို့ ပြောင်းလဲရောက်ရှိလာတော့မည်ဖြစ်ရာ မြန်မာလူမျိုးများသာမက အခြားသော တိုင်းရင်းသား ညီနောင်သွေးချင်းတို့သည်လည်း မိမိတို့၏ ဘာသာဓလေ့ရိုးရာများအလိုက် နှစ်သစ်တွင် ကုသိုလ်ကောင်းမှုများပြု၍ အစပြုလေ့ရှိကြသည်။

### နှစ်ဦး စုပေါင်းအလှူပွဲတော်

နှစ်ဦးကို ကောင်းမှုကုသိုလ်နှင့်အစပြုသည့် တွံတေးမြို့မှ ရှမ်းလူမျိုးများ၏ ရိုးရာဓလေ့အရ ပြုလုပ်သည့် သဲပုံစေတီတည်ပွဲ ခေါ် ရှမ်းဘုရားတည်ထားသည့်ပွဲသည် တွံတေးမြို့၏ အထင်ကရကုသိုလ်ပြုပွဲဖြစ်သည်သာမက လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံပါဝင်၍ စုပေါင်းချစ်ကြည် ညီညွတ်စွာ နှစ်စဉ် နှစ်ဦးအစ ပြုလုပ်လေ့ရှိကြသည့် ပွဲတော်လည်း ဖြစ်သည်။

တွံတေးမြို့နှင့် ရွှေဆံတော်စေတီ၊ ရွှေဆံတော်စေတီနှင့် ရှမ်းလူမျိုးများ၏ နှစ်ဦးသဲပုံစေတီတည်ပွဲ ခေါ် ရှမ်းဘုရားတည်ခြင်း၊ ရှမ်းဘုရားတည်ခြင်းနှင့် မြို့နယ်နေပြည်သူများ၏ စုပေါင်းချစ်ကြည် ညီညွတ်မှု စွမ်းအားတို့သည်ကား ခွဲခြား၍မရသော ဖြစ်တည်မှုများဖြစ်ပြီး တွံတေးမြို့၏ အစည်ကားဆုံးသော ဘာသာရေးပွဲတော်တစ်ခုဖြစ်ကာ မြို့နယ်နေပြည်သူများ၏ ဂုဏ်ယူစရာ အထင်ကရနေ့ တစ်နေ့လည်း ဖြစ်သည်။

ဖြစ်သည်။ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးသည် သက္ကရာဇ် ၉၂၆ ခုနှစ်တွင် တည်ထောင်ပေးခဲ့သည့် မူးလမန်းကျေးရွာ၊ ညောင်တံခါးကျေးရွာ၊ ငခုမ်းမစမ်းကျေးရွာ စသောရှမ်းရွာများမှ ကလေး၊ သက်ကြီးရွယ်အို၊ ဘိုးဘွား၊ အမျိုးသား၊ အမျိုးသမီးတို့သည် သက္ကရာဇ် ၁၃၁၇ ခုနှစ်၊ နှစ်ဆန်း၁ ရက်နေ့၊ တနင်္ဂနွေနေ့တွင် (၁၃၉)ကြိမ်မြောက်အဖြစ် နှစ်ဦးသဲပုံစေတီ တည်ပွဲ(သို့မဟုတ်) ရှမ်းဘုရား တည်ပွဲအား ရှမ်းသိုင်း၊ ရှမ်းယိမ်း၊ အက၊ အဆို၊ အတီးအမှုတ်များဖြင့် ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ရင်ပြင်ပေါ်တွင် တပျော်တပါးပျော်ရွှင်စွာဖြင့် စုပေါင်းတည်ထားခဲ့ကြသည်ဟု မှတ်တမ်းများအရ သိရသည်။

မြန်မာသက္ကရာဇ်၏ အဦးအစ နှစ်ဆန်းတစ်ရက်နေ့သည် ပူပြင်းသောအချိန်ကာလဖြစ်ပြီး နေနတ်သားနှင့် မိုးနတ်သားတို့ အပြိုင်မင်းမူနေချိန်လည်းဖြစ်သည်။ ထိုကဲ့သို့ အလွန်ပူပြင်းသည့် နေပူရှိန်ကို အန်တုကာ ရှမ်းလူမျိုးများသည် မိမိတို့၏ ဓလေ့ရိုးရာဖြစ်သည့် နှစ်ဦးသဲပုံစေတီတည်ခြင်း(သို့မဟုတ်)ရှမ်းဘုရားတည်ခြင်းအား ညီညာစွာဖြင့် မဆုတ်မနစ်သော သဒ္ဓါတရားဖြင့် တည်ထားကြလေသည်။ ရှမ်းလူမျိုးတို့၏ ရိုးရာသဲပုံစေတီတည်ထားခြင်း (သို့မဟုတ်)ရှမ်းဘုရားတည်ခြင်းအား လေ့လာသော် ရှေးရိုးခေတ်တည်ထားခြင်း၊ အလယ်ခေတ်တည်ထားခြင်းနှင့် မျက်မှောက်ခေတ်တည်ထားခြင်းဟူ၍ ခွဲခြားလေ့လာနိုင်သည်။

### ရှေးရိုးခေတ် သဲပုံစေတီတည်ထားခြင်း

မြန်မာ့နှစ်ဦးတွင် ရှမ်းဘုရား ခေါ် သဲပုံစေတီ တည်ရန်အတွက် ရှမ်းရွာများမှ ရှမ်းလူမျိုး အသက်အရွယ်ကြီးသူများနှင့် သက်လတ်လူလတ်ပိုင်းတို့သည် မဟာသင်္ကြန်အခါအတွင်း ဘုန်းတော်ကြီးကျောင်းများတွင် ရှစ်ပါးသီလယူ ဥပုသ်သီလ စောင့်ကြပြီး ရွာအလိုက် လုပ်ငန်းတာဝန်ခွဲဝေကြသည်။ ထို့နောက် လိုအပ်သော ဝါးပိုးဝါး၊



တွံတေးမြို့ ရွှေဆံတော်စေတီ

ညနေစောင်း၍ စေတီတည်ပြီးသည်နှင့် ထီးတော်၊ ငှက်မြတ်နားတော်တို့ တင်လှူကာ ဘုရားအနေကဇာ တင်ကြသည်။ အနေကဇာတင်ပြီးနောက် ပင့်ဖိတ်ထားသည့် ဆရာတော်၊ သံဃာတော်တို့မှ သီလပေးတရားတော်နာ ရေစက်ချမေတ္တာပို့ပြီး ကုသိုလ်တော် အမှုပြုကြသည်။ ထိုစဉ်က သဲပုံစေတီတော်သည် ဉာဏ်တော်အားဖြင့် ၁၀ တောင်ခန့်သာရှိသည်ဟု သမိုင်းဆိုင်ရာမှတ်တမ်းများအရ လေ့လာသိရှိရသည်။

### အလယ်ခေတ် သဲပုံစေတီ တည်ထားခြင်း

ယခုခေတ်ကာလတွင် ရှမ်းဘုရား ခေါ် နှစ်ဦး သဲပုံစေတီတည်ထားခြင်းအား တနင်္ဂနွေထောင့်သို့ပြောင်းလဲတည်ထားခဲ့ကြသည်။ နှစ်စဉ် ရွာအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအား စနစ်တကျ ခွဲဝေသတ်မှတ်လာကြသည်။ ရှမ်းရွာ လေးရွာအတွက် လုပ်ငန်းလေးပိုင်း ခွဲခြားထားရာ (၁)ခွေ အဝိုင်း ငါးခွေနှင့်ပိန္နဲတိုင်၊ (၂)ရာဇမတ်နှင့် စေတီပရိဝုဏ်၊ (၃) ခေါင်းလောင်းပုံမှ ငှက်ပျောဖူးအထိ၊ (၄) ထီးတော်နှင့်ငှက်မြတ်နားတော်ဟူ၍ ဖြစ်သည်။

မိမိတို့ရွာအတွက် တာဝန်ယူထားရသည့် လုပ်ငန်းအလိုက် သဲပုံစေတီပုံစံအကြမ်းတွင် ပါဝင်ရမည့် ဝါးနှင့်ဆက်စပ်ပစ္စည်းများအား သတ်မှတ်တိုင်းတာချက်များအတိုင်း တိကျစွာပြုလုပ်ရသကဲ့သို့ ကြီးကြပ်ရေးအဖွဲ့များကလည်း ရွာစဉ်လှည့်ကာ စစ်ဆေးကြပ်မတ်ကြရသည်။ ရှမ်းရွာ လေးရွာမှ တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းများအား နှစ်ဆန်းတစ်ရက်နေ့စောစောတွင် ရွှေဆံတော်ရင်ပြင်ပေါ်ရှိ စုရပ်သို့ သတ်မှတ်ချိန်အမီ ပို့ရသည်။

စေတီတည်ရန် သတ်မှတ်ပစ္စည်းများပြည့်စုံပြီး သတ်မှတ်မင်္ဂလာအချိန် စေ့ရောက်သည်နှင့် သဲပုံစေတီအား စတင်တည်ထားကြသည်။ ဝါးခွေ ငါးဆင့်၏ အောက်ဆုံးမှ အကြီးဆုံး ခွေအား ဦးစွာချ၍ ထိုခွေ၏ ဗဟိုအား စက်ဝိုင်းဗဟိုနည်းဖြင့်ရှာကာ ဗဟိုတွင် ပိန္နဲတိုင်တည်စိုက်သဲဖြည့်ကြရသည်။ ခွေငါးခွေအပြီး သဲနှင့်ရေ ဖြည့်သိပ်ရသည်။ ပိန္နဲတိုင်အား ချိန်သီးကိုက် တည့်မတ်စေရန် အထူးဂရုစိုက်ရသည်။ နံနက်ပိုင်းတွင် ထီးတော်၊ ငှက်မြတ်နားတော်တို့အား တင်လှူပြီးစီးသည်။ သဲပုံစေတီတော် ဘုရားအနေကဇာတင်ပွဲအား ညနေ ၄ နာရီခန့်တွင် ကျင်းပပြုလုပ်သည်။ ဤအလယ်ခေတ်တွင် တည်ထားသည့် သဲပုံစေတီတော်၏ ဉာဏ်တော်မှာ ၁၅ ပေနှင့် လေးလက်မရှိကြောင်း သိရသည်။

### မျက်မှောက်ခေတ် သဲပုံစေတီ တည်ထားခြင်း

ယခုမျက်မှောက်ကာလအထိလည်း ရှမ်းလူမျိုးများသည် နှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်တွင် ရှမ်းဘုရား ခေါ် နှစ်ဦးသဲပုံစေတီတော်အား အစဉ်အလာမပြတ် ဆက်လက်တည်ထားမြဲဖြစ်သည်။

သဲပုံစေတီတော်တည်ထားရေးအတွက် ရှမ်းရွာများ၏ တာဝန်ခွဲဝေမှုနှင့်သတ်မှတ်ပုံစံအတိုင်းအတာများမှာ ပြောင်းလဲခြင်းမရှိသော်လည်း သဲပုံစေတီတည်ထားခြင်း၊ သဲပုံစေတီတော်အား အနေကဇာတင်ခြင်း၊ ရေစက်ချတရားတော်နာယူခြင်း၊ ပင့်သံဃာတော်ဆရာတော်များအား ဆွမ်းကပ်လှူခြင်းတို့အား နေ့မွန်းမလွဲမီ နံနက်ပိုင်း၁၂ နာရီမကျော်စေရပဲ ပြီးစီးအောင် ဆောင်ရွက်ရသည်မှာ မျက်မှောက်ခေတ်၏

*စာမျက်နှာ ၂၅ သို့*

**“နှစ်ဦးကို ကောင်းမှုကုသိုလ်နှင့်အစပြုသည့် တွံတေးမြို့မှ ရှမ်းလူမျိုးများ၏ ရိုးရာဓလေ့အရ ပြုလုပ်သည့် သဲပုံစေတီတည်ပွဲ ခေါ် ရှမ်းဘုရားတည်ထားသည့်ပွဲသည် တွံတေးမြို့၏ အထင်ကရကုသိုလ်ပြုပွဲဖြစ်သည်သာမက လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံပါဝင်၍ စုပေါင်းချစ်ကြည် ညီညွတ်စွာ နှစ်စဉ်နှစ်ဦးအစ ပြုလုပ်လေ့ရှိကြသည့် ပွဲတော်လည်းဖြစ်”**

### လက်ဆင့်ကမ်းအမွေ

ရှေးအခါသမယ ဘိုးစဉ်ဘောင်ဆက် ဘွားနွယ်ဆက်တို့သည် သားစဉ်မြေးဆက် မျိုးနွယ်ခက်တို့အတွက် မိမိတို့၏ လူမျိုးဘာသာအလိုက် နိဗ္ဗာန်လမ်းညွှန် အမွေကောင်းအမွေမွန်များအဖြစ် ရိုးရာဓလေ့ အစဉ်အလာကောင်းများဖြစ်သည့် ဘုရားစေတီပုထိုးနှင့် သာသနိက အဆောက်အအုံများအား ဆောက်လုပ်ချန်ထားရစ်ခဲ့ကြသည်။

မျိုးဆက်ခက်နွယ်တို့ကလည်း ထားရစ်ခဲ့သည့် အမွေကောင်းအမွေမွန်များအား ထိန်းသိမ်းစောင့်ရှောက်ရင်း ထပ်မံလက်ဆင့်ကမ်းကြပြန်သည်။

ထိုသို့ ရှေးလူတို့၏ လက်ဆင့်ကမ်းအမွေများအား မျိုးဆက်အသစ်အသစ်တို့မှ ထိန်းသိမ်းစောင့်ရှောက်ရင်းဖြင့် ယနေ့တိုင် မပျောက်မပျက်ဆက်လက်တည်တံ့ရှင်သန်လျက်ရှိသည့် ရိုးရာဓလေ့ အမွေကောင်းအမွေမွန်တစ်ခုအဖြစ်လည်း မြို့တွံတေးမှ ရှမ်းလူမျိုးတို့၏ ရှမ်းဘုရားတည်ခြင်း ခေါ် နှစ်ဦးသဲပုံစေတီတည်ခြင်း ဖြစ်သည်။

တွံတေးမြို့နယ်နေ ရှမ်းလူမျိုးများသည် မြန်မာနှစ်တစ်နှစ်၏ အစ နှစ်သစ်အခါသမယတွင် မိမိလူမျိုးများ၏ ဘာသာဓလေ့ ရိုးရာအဖြစ် ရှမ်းဘုရားတည်ခြင်း ခေါ် နှစ်ဦးသဲပုံစေတီတည်ခြင်းအား တွံတေးမြို့၏ ကျက်သရေဆောင် ဆံတော်မြတ်ခြောက်ဆူ ကိန်းဝပ်တော်မူလျက်ရှိသည့် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်ကြီး၏ ရင်ပြင်ပေါ်ရှိ အရှေ့ဘက်ထောင့်တွင် ပြုလုပ်လာကြသည်မှာ အကြိမ်ပေါင်း ၄၅၆ကြိမ်ရှိပြီဟု သိရသည်။

ရှမ်းလူမျိုးတို့၏ နှစ်ဦးသဲပုံစေတီတည်ခြင်း (သို့မဟုတ်)ရှမ်းဘုရားတည်ခြင်းသည် နေ့ ၁၂ နာရီအတွင်း အပြီးတည်ထားရခြင်း

ဝါးနက်၊ ဝါးယား၊ ထီးရိုးဝါး၊ ညောင်ကုန်းဝါး၊ ပန်းစက္ကူ၊ ရွှေရောင်ငွေရောင်စက္ကူ၊ ကော်၊ မြေစာပင်၊ ကြိမ်ဆူးညွှန့်၊ အုန်းရွက်၊ ဘုန်းဘဲဇာညွှန့်၊ အောင်သပြေပန်း ငါးမျိုးပါသော အတာအိုး ငါးလုံး၊ သဲဗန်းတစ်ရွက်/တစ်ထမ်း စသည်တို့အား နှစ်ဆန်းတစ်ရက်နေ့ စောစောတွင် ဘုရားရင်ပြင်သို့ ပို့ပေးရပြီး ဘုရားအနေကဇာတင်ရန်နှင့် သံဃာတော်များအား လှူဒါန်းရန် ခွဲဝေတာဝန်များအလိုက် ဆောင်ရွက်ကြသည်။ ဘုရားတည်နေစဉ် ရှမ်းအိုးစည်များတီး၍ ရှမ်းသိုင်းအက၊ ရှမ်းယိမ်း အကများဖြင့်လည်း ဖျော်ဖြေကြသည်။

ထို့နောက် အောက်ဆုံးပလ္လင်တော်အား စတင်ဆောင်ရွက်ကြပြီး ပစ္စယံ ငါးဆင့်၊ ခွေငါးဆင့် တင်လေသည်။ အခြေခံ ခွေငါးဆင့်မှာ ဝါးပိုးဝါးအား သဲဗွက်ပြားပေါက်ကာ လေးထောင့်ထောင်ခင်းခြင်းဖြစ်သည်။ အလျားအနံ စတုရန်းပုံကျ၍ မျက်နှာလေးဖက် တည့်တည့်နေရာချရသည်။

အနားလေးဖက် ဗဟိုတွင် (၄)ချက်၊ ထောင့်လေးထောင့်တွင်(၄)ချက် ပေါင်း(၈)ချက် ပန္နက် ရိုက်ရသည်။ ပန္နက်(၈) ချက်အား ထောင့်ဖြတ်ဆွဲကာ ဗဟိုတွင် ပိန္နဲတိုင်ထူရန် နေရာသတ်မှတ်၍ ပိန္နဲတိုင်စိုက်ထူရသည်။ စေတီပရိဝုဏ်အား နှစ်တောင်၊ အရပ်လေးမျက်နှာတွင် မုခ်ဝအကျယ် နှစ်တောင်ထားပြီး ကျန်သည့်အစိတ်အပိုင်းများအား အမြင့် နှစ်တောင်ရှိ ရာဇမတ်ရှစ်ချပ်ကာရံကာ ချပ်တန်းများဖြင့် ထိန်းချုပ်ရသည်။ ပစ္စယာ ငါးဆင့်အား သဲအပြည့်ဖြည့်၊ ရေကူကာ အပြည့်သိပ်ပြီးနောက် ခေါင်းလောင်းပုံ၊ ဖောင်းရစ်၊ ကြာမှောက်ကြာလှန်၊ ငှက်ပျောဖူးအထိ တစ်ဆင့်ပြီးတစ်ဆင့် ဝါးနှီးအသုံးပြု ရက်လုပ်ရသည်။ ထို့နောက် ရောင်စုံစက္ကူများအား နေရာအလိုက် ကပ်ခြင်းဖြင့် စေတီတော်၏ ရုပ်လုံးကို ပုံဖော်ရသည်။

# မိုင်းယောင်းမြို့၌ တန်ခိုးကြီးဘုရားများအား လှည့်လည်ရေသပ္ပာယ်ကြည်ညိုအပူဇော်ခံ

**မိုင်းယောင်း ဧပြီ ၁၅**

မြန်မာနိုင်ငံ၏ အရှေ့ဘက်အကျဆုံးမြို့ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ တန်ခိုးကြီးဘုရားဖြစ်သည့် "ရှဲန်တောင်း" ဘုရား၊ "ဖကျောက်တစ်" ဘုရားများအား မြို့တွင်းလှည့်လည် ရေသပ္ပာယ်ကြည်ညိုခံခြင်းကို သင်္ကြန်အကြတ်နေ့တွင် ပင့်ဆောင်ပူဇော်ကြောင်း မြို့နယ်ဂေါပကအဖွဲ့မှ သိရသည်။

ခတ်လုံစွမ်ယောင်း(ထပ်လုံ) စေတီတွင် တန်ခိုးကြီးသော ဉာဏ်တော် ၄၅ လက်မခန့်ရှိ ရှဲန်တောင်းဘုရား(ကြေးဖြင့်သွန်းလုပ်ထားသော သိန်းဘုရား)နှင့် ဉာဏ်တော် ၂၇ လက်မရှိ ဖကျောက်တစ်(ဆုတောင်းပြည့်)ဘုရား နှစ်ဆူရှိပါသည်။ ထိုင်း(ယိုးဒယား)များ ခေတ္တအုပ်ချုပ်ခဲ့စဉ်က တန်ခိုးကြီးဘုရားဖြစ်၍ ဆင်ဖြင့်ပင့်ရာ ဘုရားများမှ မကြွလိုသဖြင့် ဆင်ကိုလေးလံစေသောကြောင့် ဆင်မထနိုင်ဘဲ အော်၍နေသည်ကို လူနှစ်ယောက်အသာပင် ပင့်မ၍ မူလနေရာဟောင်း ခတ်လုံစွမ်ယောင်းတွင် ပြန်လည်ထားခဲ့ရကြောင်း သိရသည်။

အဆိုပါကြေးဘုရားဖြစ်သော ရှဲန်တောင်းဆင်းတုတော်လိုပင် တန်ခိုးကြီးသောဘုရား ရှမ်းပြည်နယ်အရှေ့ပိုင်း (သံလွင်အနောက်)နှင့် ထိုင်းတွင် သုံးဆူသာရှိကြောင်း၊ တာချီလိတ်မြို့နယ်မှ မိုင်းလင်းတွင် လန့်တောင်းဘုရား(ကြေးဖြင့် သွန်းလုပ်ထားသော သန်းဘုရား)နှင့် ထိုင်းနိုင်ငံ ချင်းမိုင်အနီးရှိ ကျင်းရှဲန်မြို့တွင် လန့်တိတောင်းဘုရား(ဆယ်သန်းဘုရား)ရှိကြောင်း သိရသည်။

ဝမ်တောင်းရှိ ဘုရားကုန်းမြေသည် မြို့နှင့် ခုနစ်မိုင်ခန့်ဝေးပြီး ယခင်နယ်မြေ မငြိမ်းချမ်းသည့်နေရာဖြစ်နေ၍ အဆိုပါ "ရှဲန်တောင်း"ဘုရားနှင့် "ဖကျောက်တစ်"ဘုရားနှစ်ဆူကို တောင်းပန်ပင့်ဖိတ်ပြီး မြို့တွင်းရှိ ဟိုခုံကျောင်း၌ ယနေ့တိုင်တည်ထားရှိ ကိုးကွယ်လျက်ရှိကြောင်း သိရသည်။

သင်္ကြန်အကြတ်နေ့တွင် ဒေသခံတိုင်းရင်းသား ပြည်သူများသည် မိမိနေအိမ်နှင့် မိမိတို့၏ ကျေးရွာဘုန်းတော်ကြီးကျောင်းရှိ ကိုးကွယ်ပူဇော်ထားသော ဘုရားဆင်းတုတော်များကိုလည်း ကင်ပွန်းရည်၊ အမွှေးနံ့သာရည်များဖြင့် သပ္ပာယ်ကြည်ညိုပူဇော်ကြသည်။

ထို့ပြင် ရှေးဟောင်းသမိုင်းဝင် ခတ်လုံစွမ်ယောင်းစေတီတော်၊ သမိုင်းဝင် ဗောဓိရွှေညောင်ပင်၊ ဈာန်ရကိုရင်ကြီးတောရကျောင်း၊ စွန်ဟိန်းဂူ၊ ထပ်ပူခမ်း၊ မဟာမြတ်မုနိဘုရားကြီးစသော တန်ခိုးကြီးဘုရားများ၌ ဘုရားရေသပ္ပာယ်ကြည်ညိုခြင်းကို ဓလေ့ရိုးရာနှင့်အညီ ပြုလုပ်ပူဇော်ကြကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



# ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ပြည်သူများစိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**ပုသိမ် ဧပြီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တည်ထားကိုးကွယ်လျက်ရှိသော ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးတွင် မဟာသင်္ကြန်ကာလအတွင်း ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဝတ်ပြု ကြည်ညိုလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများကို ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ကြည်ညိုဖူးမြော်၊ ဝတ်ပြု တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပေးပြီးနောက် သမိုင်းဝင်ရွှေမုဋ္ဌောမဟာ စေတီတော်မြတ်ကြီးတွင်လည်း ပြည်သူများစိတ် အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိကြောင်း၊ ယခင်က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နံနက် ၇ နာရီမှ ၁၁ နာရီနှင့် မွန်းလွဲ ၂ နာရီ မှညနေ ၅ နာရီ အချိန်ထိ ဖူးမြော်ခွင့်ပြုထားသော်လည်း ယခုအခါ နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဖူးမြော်ကြည်ညိုခွင့်တိုး၍ ဖွင့်လှစ်ထားသည်။

ထို့အပြင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ဦးမောင်ကြီးတန်ဆောင်း၌လည်း သင်္ကြန်ကာလအတွင်း ဥပုသ်သီလ ဆောက်တည်နိုင်ရေးအတွက် စီစဉ်ထားရှိပြီး သင်္ကြန်ကာလ နံနက် ၈နာရီခွဲအချိန်တွင် သီလပေးတရားများ ဟောကြားပေးနေကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**



# တာချီလိတ်မြို့နယ်၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**တာချီလိတ် ဧပြီ ၁၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်ကုန်ကျေးရွာတွင် ကျေးရွာအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွာအဝင်အထွက်လမ်းများကို ကျေးရွာနေပြည်သူများ သွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် လွယ်ကူမြန်ဆန်စေရေးအတွက် ရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် လမ်းအရှည် ပေ ၈၅၀၊ အနံ ၁၂ ပေ၊ ထုထည် ၆ လက်မရှိ လမ်း ကို ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်ကုန်ကျေးရွာမှကျေးရွာနေ ပြည်သူများက လုပ်အားဒါနပြု ပူးပေါင်းပါဝင်မှုဖြင့် ဧပြီလ ၁၂ ရက်က လုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

**အောင်ကျော်မိုး ( ပြန်/ဆက်)**

**စာမျက်နှာ ၂၄ မှ**

ထူးခြားမှု ဖြစ်သည်။ ထို့အပြင် ရှမ်းလူမျိုးများ၏ နှစ်စဉ် ရှမ်းဘုရားခေါ် နှစ်ဦးသဲပုံစေတီတော် တည်ထားပူဇော်ရာတွင် ပင့်သံဃာတော် ဆရာတော်များအားငခုမ်းမစမ်းရွာဇာတိ ဖခင်ကြီး ဦးသာအေးနှင့် မိခင်ကြီး ဒေါ်ခင်ကြီးတို့၏သမီး ဒေါ်အေးချစ်+ဦးမောင်အေးတို့က နှစ်စဉ် နှစ်ဆန်းတစ်ရက်နေ့၏ ရာသက်ပန် ဆွမ်းဒါယကာ ဆွမ်းဒါယိကာမ အလှူရှင်အဖြစ် ခံယူခဲ့သည်။

သဲပုံစေတီတည်ရန် သဲအလှူပြုလိုသူများသည် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ သဲများအား ရွှေဆံတော်စေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့် ဆံတော်ဆေးရေတွင်းအနီး လာရောက်စုပုံထားရသည်။ သဲပုံစေတီတော်ပုံစံ အတိုင်းအတာ ကြီးကြပ်ရေးအဖွဲ့များသည် သင်္ကြန်ကာလအတွင်း တာဝန်ခွဲဝေလုပ်ကိုင်နေကြသည့် ရွာများသို့ လှည့်လည်စစ်ဆေးကြရသည်။ စေတီတော်တည်ထားရန်လိုအပ်သည့် သတ်မှတ်ပစ္စည်းများအား သင်္ကြန်အတက်နေ့ ညနေ ၅ နာရီ အရောက် ရွှေဆံတော်ရင်ပြင်ရှိ ရွှေမန်းဓမ္မာရုံသို့ ကြိုတင်ပေးပို့ထားရသည်။

နှစ်ဆန်းတစ်ရက်နေ့ နံနက် ၅ နာရီခွဲအချိန်မှစတင်ကာ ရှမ်းဘုရား ခေါ် နှစ်ဦးသဲပုံစေတီအား တည်ကြလေသည်။ တွံတေးသူ၊ တွံတေးသား၊ ကလေးလူကြီး၊ လူမျိုးဘာသာမရွေး မည်သူမဆို နံနက်စောစောလာရောက်ကြကာ ဆံတော်ဆေးရေတွင်းအနီးမှ သဲများအား တစ်ဗန်း၊ တစ်ရွက်၊ တစ်ဆွဲ၊ တစ်ပုံးစီဖြင့် စေတီတော်တည်မည့်နေရာသို့ ပျော်ရွှင်စွာ သယ်ပို့ကြသည်။ သဲသယ်၍ လုပ်အားကုသိုလ်ပေးလှူကြသည့် လူများမှာ ပျားပန်းခပ်မျှဖြစ်ကြောင်း တွံတေးမြို့၏ ထိုနေ့ ထိုမြင်ကွင်းသည်ကား လွန်စွာမှပင် စည်ကား၍ အလွန်ကျေနပ်ပီတိဖြစ်ဖွယ်ဖြစ်ကြောင်းသိမီခဲ့သူများ၏ ပြောစကားများအရ သိရသည်။

သဲပုံစေတီ၏ အခြေခံခွေ ငါး ခွေအား နံနက် ၈ နာရီခန့်တွင် သဲအပြည့်ခင်းလှူပြီး နံနက် ၁၀ နာရီမကျော်ခင် ထီးတော်၊ ငှက်မြတ်နားတော်တို့အား တင်လှူပြီးဖြစ်သည်။ ဆက်လက်၍ အနေကဇာတင်ခြင်း၊ ရေစက်ချတရားနာကြားခြင်းတို့အားနံနက် ၁၀ နာရီ ၄၅ မိနစ်တွင်ပြီးစီးအောင် ဆောင်ရွက်ကြရပြီး နှစ်တစ်နှစ်၏ အဦးအစဖြစ်သည့် နှစ်ဆန်းတစ်ရက်နေ့တွင် ကျင်းပပြုလုပ်မြဲဖြစ်သည့် ရှမ်းလူမျိုးများ၏ ရှမ်းဘုရား ခေါ် နှစ်ဦးသဲပုံစေတီတော်တင်လှူပူဇော်ခြင်း ကုသိုလ်တော်အမှုသည် နေ့ ၁၂ နာရီမကျော်ခင် အောင်မြင်စွာဖြင့် ပြီးစီးလေသည်။

နှစ်စဉ် မြန်မာနှစ်သစ်ကူးသည့် နှစ်သစ်ဦး နှစ်ဆန်းတစ်ရက်နေ့တိုင်း ပြုလုပ်မြဲဖြစ်သည့် ရှမ်းလူမျိုးများ၏ ရှမ်းဘုရားတည်ခြင်း (ခေါ်) နှစ်ဦးသဲပုံစေတီတည်ခြင်းအလှူတော်မင်္ဂလာသည် တွံတေးမြို့ရှိ ရှမ်းလူမျိုးချည်းသာ တည်ထားခြင်းမဟုတ်ဘဲ တွံတေးမြို့သူ တွံတေးမြို့သားတိုင်း စုပေါင်းပါဝင် ကုသိုလ်တော်ပြုကြခြင်းဖြစ်၍ မြို့သူမြို့သားတို့၏ ချစ်ကြည်ရင်းနှီးမှုအားဖြစ်ပေါ်စေခဲ့သည်။ အဆိုပါနေ့အား ရှမ်းလူမျိုးတို့သာ မျှော်လင့်ခဲ့ကြသည်မဟုတ်ဘဲ မြို့သူမြို့သားတိုင်း မျှော်လင့်နေကြသည့် ရက်လည်းဖြစ်သည်။

လွန်ခဲ့သည့်နှစ် မြန်မာနှစ်သစ်ကူး နှစ်ဦးအစ နှစ်ဆန်းတစ်ရက်နေ့ ရှမ်းလူမျိုးများ၏ နှစ်ဦးသဲပုံစေတီ ခေါ် ရှမ်းဘုရားတည်ခြင်းအား စတိ အနေနဲ့ ပြုလုပ်ခဲ့ကြောင်း ယခုနှစ်တွင်(၄၅၆)ကြိမ်မြောက်အဖြစ် ရှမ်း ဘုရားတည်ထားခြင်းအား ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ပြုလုပ်သွားမည်ဖြစ်ကြောင်း တွံတေးမြို့နယ် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဥက္ကဋ္ဌထံမှ သိရသည်။

တွံတေးမြို့နယ် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တွင် နှစ်စဉ် မြန်မာနှစ်ဆန်း(၁)ရက်နေ့တိုင်း ကျင်းပပြုလုပ်မြဲဖြစ်သည့် ရှမ်းဘုရားတည်ခြင်း ခေါ် နှစ်ဦးသဲပုံစေတီ တည်ထားပူဇော်ခြင်းသည် လူမျိုးတစ်မျိုးဖြစ်သည့် ရှမ်းလူမျိုးများ၏ ဘာသာ ဓလေ့အရပြုလုပ်သည့် ဘာသာရေးပွဲတော်တစ်ခုဖြစ်သော်လည်း တွံတေးမြို့သူ တွံတေးမြို့သားများနေထိုင်ရာ တွံတေးမြို့၏စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် တွံတေးမြို့နယ်၏ အထင်ကရ ဘာသာရေးပွဲတော်တစ်ခုလည်းဖြစ်ပေသည်။ ။

**ကိုးကား**

**ဆရာဦးသန်းဝေ ရေးသားပြုစုသည့်**

**ရှမ်းလူမျိုးများ၏ နှစ်ဦးသဲပုံစေတီတည်ပွဲခေါ်**

**ရှမ်းဘုရားတည်ခြင်းသမိုင်း**

# ရခိုင်သင်္ကြန်နှင့် သင်္ကြန်အကြို ဘုရားရေချိုးပွဲဓလေ့

**ကောင်းစံရှိ**

ပိတောက်ဝါဝါ ငုဝါဝါတို့ သိန်သရေ ထိန်ဝေလို့ တောက်ခဲ့ပြီ။ ငုနှင့်ပိတောက်တို့ အလှချင်းဆိုင်၊ ဂုဏ်ချင်းပြိုင်နေကြပြီ။ သင်္ကြန်မိုးပြေးလေး တစ်ဖြိုက်ရွာအပြီးတွင် ပိတောက်ပန်းတို့ အစွမ်းကုန် ပွင့်လန်းကာ ပင်လုံးကျွတ်ထိန်ဝေနေသည်မှာ ရွှေစင်ရွှေမှုန်တို့ကပ်ငြိနေသည်သို့ ထင်မှတ်ရသည်။ ပိတောက်ပင်၏ အောက်ခြေမြေတလင်း၌ ပြန့်ကြဲနေသည့်ပိတောက်ပန်းကြွေတို့မှာလည်း နင်းရက်စရာမရှိ။ ရွှေစင်ရွှေစက်တို့အား ပက်ဖျန်းကြဲပက်ထားသည့်အလား။ ပိတောက်ပန်း၏ ရနံ့ကလည်း စူးရှ မွှေးမြနေသည်။

အဝေးအသံချဲ့စက်မှ သင်္ကြန်တေးသံကလွင့်ပါလာသည်။ တီးလုံးတီးကွက်က မြိုင်မြိုင်ဆိုင်ဆိုင်။ ဗွီစီဒီခွေဖြင့် ဖွင့်ထားသည့်တေးသံဖြစ်လိမ့်မည်ထင်သည်။ ကြားနေရသော သင်္ကြန်သံချပ်သံနှင့်အတူ ဖြတ်သန်းခဲ့ရသော ငယ်ဘဝကိုတမ်းတဖြစ်မိပြန်သည်။ မနက်ဖြန်သင်္ကြန်ကျတော့မည် ကောလား။ အိမ်ရှိမြေးမငယ်လေးယောက်တို့ကလည်း တူညီဝတ်စုံကလေးများဖြင့် မြူးကြွနေကြပြီ။ ရေဖလားလေးတွေကိုယ်စီဖြင့် သင်္ကြန်တွင် ဝင်နွှဲရန်အားယူစိုင်းပြင်းနေကြပြီ။ သင်္ကြန်ရေနှင့် ဆော့ကစားဖို့ အားသန်နေကြသည်။ တကယ်တော့ သင်္ကြန်မကျသေး။ သင်္ကြန်အကြိုရက်သာ ရှိသေးသည်။

သင်္ကြန်ကာလတွင် သင်္ကြန်အကြိုရက်၊ သင်္ကြန်အကျရက်၊ သင်္ကြန်အကြတ်ရက်နှင့်သင်္ကြန် အတက်ရက်တို့ ရှိကြသည်။ စာရေးသူတို့ ရခိုင်ဒေသတွင်တော့ သင်္ကြန်မကျမီ သင်္ကြန်အကြိုပွဲကို တခမ်းတနား ပြုလုပ်ကျင်းပလေ့ရှိကြသည်။ တစ်နည်းပြောရလျှင် နံ့သာသွေးပွဲနှင့် ဘုရားရေချိုးပွဲ (ရေသပ္ပာယ်ပွဲ)ဖြစ်သည်။ နံ့သာသွေးပွဲကို သင်္ကြန်အကြိုရက်မတိုင်မီ ညတွင်ပြုလုပ်လေ့ရှိကြသည်။ ရခိုင်တိုင်းရင်းသားတို့ အလေးအမြတ်ထားကြသည့် ပွဲလည်းဖြစ်သည်။ ကျေးလက်တောရွာများတွင် ကျေးရွာလူကြီးများ၏ အိမ်ရှေ့တလင်းမှာ သို့မဟုတ် ရွာလယ်ခွဆုံက တလင်းပြင်မှာ အောက်လင်းဓာတ်မီးတွေထွန်းပြီး တပျော်တပါးစုဝေးပြီး နံ့သာသွေးကြသည်။ သနပ်ခါးကျောက်ပျဉ်ကိုယ်စီ၊ အမွှေးနံ့သာတုံးကိုယ်စီဖြင့် ကျေးရွာမှလုံမငယ်တို့ အလှဆုံးဖြီးလိမ်းပြင်ဆင်ကာ လာရောက်စုဝေးပြီး နံ့သာသွေးကြမည်။ မြို့ပြများတွင်တော့ ရပ်ကွက်အလိုက် ရပ်ကွက်တွင်းက ရွာလယ်ခွဆုံတွင် တပျော်တပါးစုဝေးပြီး နံ့သာသွေးတတ်ကြသည်။ ယခုနောက်ပိုင်းတော့ လူငယ်အစုအဖွဲ့များကလည်း အစုအဖွဲ့အလိုက် စုရပ်ထားပြီး နံ့သာသွေးလေ့ရှိနေကြပြီ။ နံ့သာသွေးပွဲပြုလုပ်ရာညတွင် ရပ်ရွာ၊ ရပ်ကွက်အတွင်းမှ လူရွယ်လူငယ်များကလည်း အတီး၊ အမှုတ်၊ အကအခုန်များဖြင့် မြူးမြူးကြွကြွ ရှိနေတတ်ကြသည်။ သင်္ကြန်တေးသီချင်းတွေ တမြိုင်မြိုင် သီဆိုကခုန်ကြရင်း မောရပန်းရမှန်းပင် မသိကြ။ နံ့သာသွေးနေသည့် ချစ်ရသူ၏အပြုံးမြမြနှင့် မျက်စောင်းတစ်ချက်အဝင့်ကို ကြည့်ရင်း ဆိုင်းချက်တီးကွက်နှင့်အညီ လိုက်၍ ကခုန်ကြသည်မှာလည်း အားပါးတရရှိနေကြသည်။ ကြည်နူး၊ ရွှင်မြူးရသည့်ညပင် ဖြစ်သည်။

မောင်မောင်တို့က တပျော်တပါးဖြင့် ကကြ၊ ခုန်ကြ၊ သံချပ်တွေ၊ သီချင်းတွေဆိုကြ၊ မမတို့ကလည်းအပြုံးမြမြဖြင့် နံ့သာသွေးကြသည်မှာ ည ၁၁ နာရီ ၁၂ နာရီတိုင်တော့သည်။ သွေးပြီး နံ့သာရည်များကို မင်းကျွန်မကြီးများ (လင်ရပြီးမိန်းမများ) က ရေဖလားကြီး၊ ငွေဖလားကြီးများဖြင့် ခံယူစုဆောင်းရယူထားကြသည်။ သွေးပြီးနံ့သာရည်များက နောက်တစ်နေ့(သင်္ကြန်အကြိုနေ့)ဘုရားရေချိုးရာတွင် အမွှေးနံ့သာရည်အဖြစ် အသုံးပြုရန်ဖြစ်သည်။ ရခိုင်တို့က ဘုရားရေသပ္ပာယ်ခြင်းကို ဘုရားရေချိုး၊ ရေတော်ချိုးသည်ဟုပင် လွယ်လွယ်သုံးလိုက်ခြင်းဖြစ်သည်။

### ဘုရားရေတော်ချိုး ရေသပ္ပာယ်ပွဲ

ဘုရားရေတော်ချိုး၊ ရေသပ္ပာယ်ပွဲကိုသင်္ကြန်အကျနေ့တွင် မိမိတို့ကိုးကွယ်ရာ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ပြုလုပ်လေ့ရှိသည်။ အကြိုညက သွေးယူထားသော နံ့သာရည် များကို နံ့သာခွက်ကလေးများတွင်ထည့်၍ မိန်းမရွယ်ငယ်များက ကိုယ်စီကိုင်၍ စီတန်းလျှောက်လှမ်းလိုက်ပါကြမည်။ မိန်းမကြီး၊ မိန်းမလတ်၊ မင်းကျွန်မများက ဆွမ်းအုပ်များ ကိုယ်စီခေါင်းတွင် ပင့်ချီရင်း လိုက်ပါစီတန်း လျှောက်လှမ်းကြမည်။ ဘုန်းတော်ကြီးကျောင်းသို့အသွား စီတန်းလှည့်လည်ရာ ရှေ့ဆုံးမှသက်ကြီးများ၊ မင်းကျွန်များ (မိန်းမရပြီးအသက် ၃၀ ကျော် ၄၅ နှစ်အရွယ်လူကြီးများ)က အလှူပစ္စည်းများ၊ တံခွန်၊ ကုက္ကားများကိုကိုင်၍ လျှောက်လှမ်းလိုက်ပါကြမည်။ နောက်ဆုံးတွင် ကာလသားလူငယ်များက ပဒေသာပင်ကို ကိုင်ချီရွက်ထမ်းကာ တီးဝိုင်းနှင့်အက မရိုးနိုင်သော ရခိုင်သင်္ကြန်သီချင်းများ၊ သံချပ်များကို ဆိုတီးကခုန် လိုက်ပါကြမည်။ လူငယ် လူရွယ်များအဖို့ အတက်ကြွဆုံး၊ အမြူးကြွဆုံး၊ အပျော်ဆုံး ကာလလေးတစ်ခုဖြစ်သည်။ သင်္ကြန်တွင် ကကြသည့်အကကား ယိမ်းနွဲ့ပျော့ပျောင်းသော ကဟန်တစ်ခုတော့မဟုတ်။ လက်နှစ်ဖက်ကို အပေါ်မြှောက်ထားပြီး ခန္ဓာကိုယ်အားဘယ်နွဲ့ညာနွဲ့ဖြင့် ကကြခြင်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ဟန်ချက်ညီချင်မှညီမည်။ သင်္ကြန်အခါသည် လူငယ်တို့အား တက်ကြွကြည်နူးမှုကိုပေးနေသလို သက်ကြီးများကိုလည်း ငယ်မူငယ်သွေးပြန်စေသည့်အခါပေတကား။



ရခိုင်အမျိုးသမီးငယ်တစ်ဦး အမွှေးနံ့သာရည်ဖြင့် ဘုရားရေသပ္ပာယ်နေစဉ်။

ရွာဘုန်းတော်ကြီးကျောင်းကို ရောက်တော့ ကျောင်းကိုလက်ယာရစ် သုံးပတ် သို့မဟုတ် ခုနစ်ပတ် လှည့်ပတ်၍ ပူဇော်ကြမည်။ ပြီးတော့ ကျောင်းထိုင် ဆရာတော်ကြီးထံတွင်လှူဖွယ်ပစ္စည်းများဆက် ကပ်ကြ၊ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ကျောင်းဆောင်တစ်ခုလုံးအား လှည်းကျင်းသန့်စင်ကြမည်။ ကျောင်းခြံဝင်းရှိ ချုံနွယ်အမှိုက်သရိုက်များကို ရှင်းလင်းကြမည်။ ကျောင်းဘုရားခန်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ရေချိုးသပ္ပာယ်ပေးကြမည်။ ရောင်တော်ဖွင့် ပူဇော်ကြမည်။ မိန်းမပျိုများက ရေတွင်းမှရေကိုခပ်ယူ၊ သယ်ယူပေးကြ၊ ယောက်ျား လူငယ်များက ဆေးကြောသန့်စင်ပေးကြမည်။ ချစ်ရသူခပ်ပေးသည့်ရေဖြင့် ဘုရားရေသပ္ပာယ်ပြီး ကုသိုလ်ယူခဲ့သည့် ငယ်ဘဝကို တွေးမြင်မိရင်း စာရေးသူပြုံးလိုက်မိသည်။ ထိုစဉ်တုန်းကချစ်သူ၏ အပြုံးမြမြသည် ရင်ကိုခုန်စေခဲ့သည်။ အပျော်ဓာတ် တို့ ဖြန့်ကြက် စီးဆင်းလျက်။ ထိုစဉ်ကတော့ နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် ဘဝအမေမောများကို မစဉ်းစားမိခဲ့ကြ။ အမှန်တော့ သင်္ကြန်အကြိုပွဲသည် လူငယ်တို့၏ ပွဲဖြစ်သည်ဆိုလျှင်လည်း မမှား။

### ရေကစားခြင်း

ရခိုင်ဒေသတွင်ဘုရားရေချိုး၊ ရေသပ္ပာယ်ပြီးမှသာရေပက်ကစားကြသည်။ မဟုတ်လျှင် ရေကစားခြင်းမပြုကြရ။ ဘုရားရေမချိုးမီရေပက်ကစားလျှင် ငရဲကြီးတတ်သည်ဟု လူကြီးသူမများက ပြောဆိုဆုံးမတတ်သည်။ ကျောင်းကန်ဘုရားများကို ဆေးကြောသန့်စင်အပြီး ရေစက်ချအနုမောဒနာတရားနာယူပြီးသည့် အခါတွင်တော့ ရေပက်ကစားနိုင်ကြပြီ။ ကျောင်းရေတွင်းမှ ရေကို ကမန်းကတန်း ပြေးလွှားခပ်ယူပြီး ချစ်ဦးသူအား သူများထက် အရင်ဦးအောင် ရေပက်နိုင်ရန် ကြိုးစားရေပက်ခဲ့ရသည်ကိုလည်း မမေ့နိုင်သေး။ ချစ်ရသူ၏ မျက်စောင်းတစ်ချက်အဝင့်တွင် ရင်လှိုင်းခတ်လှုပ်ရှားခဲ့ရသည်ကိုလည်း တွေးမိပြန်သည်။

### နှစ်ဆန်းတစ်ရက်နေ့အထိ ရေကစား

သင်္ကြန်အကြိုရက်၊ အကျရက်၊ အကြတ်ရက်၊ အတက်ရက်နှင့် နှစ်ဆန်းတစ်ရက်နေ့များကို သင်္ကြန်ကာလဟု သတ်မှတ်ထားကြသည်။ စာရေးသူတို့ ရခိုင်ဒေသတွင် သင်္ကြန်အကြိုနေ့မတိုင်မီ ညပိုင်းတွင် နံ့သာသွေးပွဲကိုပျော် ပျော်ပါးပါး ဆင်နွှဲကြပြီး သင်္ကြန်ကို ကြိုကြသည်။ သင်္ကြန်အကြိုနေ့တွင် ဘုရားကျောင်းကန်များသို့သွားရောက်ပြီး ကျောင်းကန်များကို လှည်းကျင်းသန့်စင်ပြီး ဗုဒ္ဓဆင်းတုတော်များကို ရေချိုး၊ ရေသပ္ပာယ် ပူဇော်ပြီးမှ သင်္ကြန်ကျသည်။ သင်္ကြန်ရေကစားခြင်းကို လူငယ်များက နှစ်ဆန်းတစ်ရက်နေ့အထိ ကစားလေ့ရှိပြီး အဆိုပါနေ့တွင် သက်ကြီးရွယ်အိုများအားပူဇော်ကန်တော့ခြင်းမှာ အစဉ်အလာတစ်ခုပင်ဖြစ်သည်။

ယခုတော့ရခိုင်သင်္ကြန်ရက်များသည် လွမ်းမောဖွယ်ကျန်ရစ်ခဲ့ပြီ။ တေးချက်၊ တီးကွက်မြိုင်မြိုင်ဖြင့်ရိုးရာသင်္ကြန်တေးသီချင်းသံများ၊ သံချပ်သံများကိုမကြားရတော့။ ဆူညံပေါက်ကွဲသံစဉ်များဖြင့် ကခုန်နေကြသည့်လူငယ်များကိုသာ တွေ့နေရပြီ။ ယိမ်းနွဲ့နွဲ့ကဟန်များကိုလည်း မမြင်ရတော့။ စည်းချက်မဲ့ ကခုန်နေကြသူများကိုသာ မြင်တွေ့နေရတော့သည်။ အရိုးကို အရွက်မဖုံးစကောင်းဟု ဆိုကြသည်။ ခေတ်နှင့်အညီပြောင်းလဲမှုများရှိလာသည့်တိုင် ရိုးရာအစဉ်အလာဖြစ်သော နံ့သာသွေးပွဲ၊ ဘုရားရေချိုးပွဲများရှိနေခြင်းကပင် ဝမ်းသာစရာတစ်ခုဖြစ်ကြောင်း စာရေးသူ ဆင်ခြင်ဖြစ်မိသည်။

စာရေးသူကတော့ ငယ်စဉ်ကာလ၊ အရွယ်နုပျိုစဉ်တုန်းကတွေ့ကြုံ ခံစားခဲ့ရသည့်သင်္ကြန်အကြိုကာလ နံ့သာသွေးပွဲပုံရိပ်ကို ခံစားပုံဖော်ဖြစ်နေမိသည်။ အဝေးမှလွင့်ပျံ့လာသော သင်္ကြန်တေးများကို နားစွင့်ရင်း ငယ်မူငယ်သွေး၊ ငယ်စိတ်တို့ဖြစ်ပေါ်လာပြီး နုပျိုလန်းဆန်းသလိုပင် ခံစားရသည်။ သင်္ကြန်နှင့်အတူ အားသစ် အင်သစ်တို့ စီးမျောဝင်လာသည်။ သင်္ကြန်အကြိုပွဲနှင့်အတူ စာရေးသူသည် နှစ်တစ်နှစ်၏အစကို လှမ်းလင့်ကြိုဆို နေမိတော့သည်။ ။

> **“သင်္ကြန်ကာလတွင် သင်္ကြန်အကြိုရက်၊ သင်္ကြန်အကျရက်၊ သင်္ကြန်အကြတ်ရက်နှင့် သင်္ကြန်အတက်ရက်တို့ ရှိကြသည်။ စာရေးသူတို့ရခိုင်ဒေသတွင်တော့ သင်္ကြန်မကျမီ သင်္ကြန်အကြိုပွဲကို တခမ်းတနား ပြုလုပ်ကျင်းပလေ့ရှိကြသည်။ တစ်နည်းပြောရလျှင် နံ့သာသွေးပွဲနှင့် ဘုရားရေချိုးပွဲ (ရေသပ္ပာယ်ပွဲ)ဖြစ်သည်။ နံ့သာသွေးပွဲကို သင်္ကြန်အကြိုရက်မတိုင်မီ ညတွင် ပြုလုပ်လေ့ရှိကြသည်။ရခိုင်တိုင်းရင်းသားတို့ အလေးအမြတ်ထားကြသည့် ပွဲလည်းဖြစ်သည်။ ကျေးလက်တောရွာများတွင် ကျေးရွာလူကြီးများ၏ အိမ်ရှေ့တလင်းမှာ သို့မဟုတ် ရွာလယ်ခွဆုံက တလင်းပြင်မှာ အောက်လင်းဓာတ်မီးတွေထွန်းပြီး တပျော်တပါးစုဝေးပြီး နံ့သာသွေးကြသည်”**

# မြို့နယ်အချို့၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ရုပ်ပုံကားချပ်များ၊ ဗီနိုင်းစများ ကိုင်ဆောင်လှည့်လည် ဆူပူဆန္ဒပြသူများကို ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၅

**လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့၊ မြို့ပေါ်ရပ်ကွက်များအတွင်း၌ လှည့်ကင်းဆောင်ရွက်စဉ် ကန်ရှေ့ရပ်ကွက် အရှေ့မြို့ပတ်လမ်း "ရွှေကမ္ဘာ" ကားဂိတ်ရှေ့၌ 4F/7618 Mitsubishi ယာဉ်သည် အမြင့် ၉ ပေခွဲခန့်ရှိ ကော်ပိုက်အဖြူရောင်ထိပ်တွင် လက်သုံးချောင်းပုံပါ အနီရောင်အလံကို ကားပေါ်တွင် ထောင်၍ မော်တော်ယာဉ် ၆ စီး၊ ဆိုင်ကယ် ၅ စီးတို့ဖြင့် လှည့်လည်ဆန္ဒပြနေသည်ကို တွေ့ရှိသဖြင့် ဖမ်းဆီးခဲ့ရာ 4F/7618 Mitsubishi ယာဉ်နှင့်အတူ ယာဉ်မောင်း ကန်ရှေ့ရပ်ကွက်နေ ဖြိုးဝေစိုး(ခ)Sachin Phatia(၂၁)နှစ်(ဘ)ဦးSK ပါ ၃ ဦးကို ဖမ်းဆီးရမိခဲ့သည်။**

အလားတူ နံနက် ၁၁ နာရီခွဲတွင် ကျောက်တံတား မြို့နယ် ပန်းဆိုးတန်းခုံးကျော်တံတားပေါ်၌ "United We Stand Divided We Fall" စသည့် နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ပိတ်စ နှစ်ခုအား ချိတ်ဆွဲနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ သာကေတမြို့နယ် အနော်မာရပ်ကွက်နေ ဖြိုးငြိမ်းကျော် (၂၇နှစ်) (ဘ) ဦးမျိုးမြင့်ပါ ငါးဦးကို နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ ပိတ်စ နှစ်ခုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့အဝင် ကြိုဆိုပါ၏ ဆိုင်းဘုတ်နှင့် ယင်းဝါရေလှောင်တမံတို့တွင် လုံခြုံရေးဆောင်ရွက်နေစဉ် ကော့သောင်းမြို့သီရိမြိုင်ရပ်ကွက် Welcome To Kawthaung ဆိုင်းဘုတ်အနီးတွင် ရွှေပြည်သာရပ်ကွက်နေ စစ်နိုင်(၁၈နှစ်) (ဘ)ဦးမြင့်စိုးပါ ငါးဦးကို ဆိုင်ကယ် နှစ်စီး၊ A 4 စာရွက်ပေါ်တွင် We Need R2P၊ We Support R2P ၊ We Want Democracy စာသားနှင့် ပိတ်စပေါ်တွင် သကြိုန်အကြတ် နှင်းဆီ သပိတ်စာသားများပါ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများ ရေးသားထားသော ပိတ်စများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ (အပေါ်ပုံ)



အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပူးပေါင်းပါဝင်သူများကို ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ် တနိုင်းမြို့၏ အနောက်တောင်ဘက် မီတာ ၂၅၀၀၀ အကွာရှိ တပ်မတော် စခန်းတစ်ခုကို KIA အဖွဲ့က အကြောင်းမဲ့လာရောက်နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် မေ ၁၅**

ကချင်ပြည်နယ်၊ တနိုင်းမြို့၏ အနောက်တောင်ဘက် မီတာ ၂၅၀၀၀ (၁၅ မိုင်) အကွာရှိ တပ်မတော်က နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော နန်ဗျူစခန်းကို ယနေ့နံနက်ပိုင်းတွင် KIA အဖွဲ့က အကြောင်းမဲ့ လာရောက်နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။

ဖြစ်စဉ်မှာ နယ်မြေဒေသလုံခြုံရေးအတွက် တပ်မတော်က လိုအပ်သည့် လုံခြုံရေးများ ဆောင်ရွက်ပေးလျက်ရှိသော နန်ဗျူစခန်းကို ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် KIA အဖွဲ့မှ အင်အား ၁၀၀ ခန့်သည် စခန်း၏ အနောက်တောင်ဘက် မီတာ ၄၀၀ ခန့် အကွာမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ကြောင်း၊ ထိုသို့ ပစ်ခတ်လာခြင်းကြောင့် တပ်မတော်မှ လိုအပ်သည့် လက်နက်ကြီးပစ်ကူ၊ လေကြောင်း ပစ်ကူ၊ စစ်ကူများဖြင့် အချိန်မီပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရကြောင်း သိရှိရသည်။

KIA အဖွဲ့မှ အကြောင်းမဲ့နှောင့်ယှက်ပစ်ခတ်ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိသော်လည်း နယ်မြေဒေသလုံခြုံရေးကို ဆောင်ရွက်ပေးလျက်ရှိသော တပ်ဖွဲ့ဝင်များအပေါ် ယခုကဲ့သို့ နှောင့်ယှက်ပစ်ခတ်လာသဖြင့် တပ်မတော်စစ်ကြောင်းများက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်သူများကို ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်တွင် ပုသိမ်မြို့ မြကျွန်းသာ အိမ်ရာအနောက်ဘက်ရှိ လယ်ကွင်းမှ မီးပုလင်း ၁၅ လုံး၊ ဂျင်ကလိ ၁၆၈ ချောင်း၊ အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယနေ့တွင် တောင်ကြီးမြို့ ကန်သာရပ်ကွက် နယ်မြေ(၂)၊ ရွှေညောင်ပင်လမ်းရှိ ရွှေညောင်ပင်ဗလီ၌ ဦးဝင်းထိန်(ခ)မိုဟာမက်အလီ(ဘ) ဦးမောင်ကိုနှင့် ဦးမင်းစိန်(ခ)မိုဟာမက်အကဗတ်(ဘ) ဦးမောင်ကိုတို့ နှစ်ဦးကို ဒေသန္တရ လက်ပစ်ဗုံး ၂ လုံးနှင့်လည်းကောင်း၊ တန့်ဆည်မြို့ ဗိုလ်ချုပ်ကြေးရုပ်အနီး၌ ဆူပူအကြမ်းဖက်သူ အမျိုးသား ငါးဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များကို တုတ်၊ ဓားများဖြင့် ရန်ပြုတိုက်ခိုက်လာသဖြင့် လူစုခွဲခဲ့ရာ ၎င်းတို့အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အထက်ပါ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပုသိမ်မြို့ မြကျွန်းသာအိမ်ရာအနောက်ဘက်ရှိ လယ်ကွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည်ကို တွေ့ရစဉ်။

# ဆူပူအကြမ်းဖက်သူလူစုအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံနှင့် တံတားများအား မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်

**နေပြည်တော် မေ ၁၅**

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံနှင့် တံတားများကို မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ခြင်းကဲ့သို့သော လုပ်ရပ်များကို နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူများ၏ သွေးထိုးမှုများ ယုံကြည်ကာ အမြော်အမြင် အဆင်အခြင်မဲ့စွာဖြင့် ပိုမိုလုပ်ဆောင်လာသည်ကို တွေ့ရှိရသည်။

ထိုသို့ လုပ်ဆောင်ရာတွင် ယနေ့နံနက် ၃ နာရီ မိနစ် ၂၀ တွင် ပျဉ်းမနားမြို့နယ် ရန်အောင်(၁) ရပ်ကွက်ရှိ ပျဉ်းမနားမြို့နယ် အခွန်ဦးစီးရုံးကို အကြမ်းဖက်သူလူအုပ်စုမှ မီးရှို့ခဲ့မှုကြောင့် မီးလောင်မှုဖြစ်ပွားလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့မှ သွားရောက်၍ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းပြီး ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အလျားပေ ၈၀၊ အနံ ၂၄ ပေရှိ အဆောက်အဦတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၉ နာရီတွင် တမူးမြို့နယ်၊ ကွမ်းတောင်းကျေးရွာဟောင်းနှင့် ကွမ်းတောင်းကျေးရွာသစ်ကြားရှိ "ကွမ်းတောင်းချောင်း" ဘေလီတံတားအား ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အရှည်ပေ ၁၈၀၊ အကျယ် ၁၀ ပေခန့်ရှိ သံပေါင်သစ်သားခင်း "ကွမ်းတောင်းချောင်း" ဘေလီတံတားမှာ အကြမ်းဖက်သူများ၏ မီးရှို့ခဲ့မှုကြောင့် အရှည် ၁၅ ပေခန့် မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



တမူးမြို့နယ်ရှိ "ကွမ်းတောင်းချောင်း" ဘေလီတံတားအား ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့သည်ကို တွေ့ရစဉ်။

## နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

ဆူပူအကြမ်းဖက်မှုကို လိုလားပြီး နိုင်ငံ၏ အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ထိုသို့ လုပ်ဆောင်နေမှုများကို ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ ကမ်းနားလမ်း၌ ဆီဆိုင်ဖွင့်လှစ်ရောင်းချနေထိုင်သူ ဝင်းလွင်ဦး(ဘ) ဦးမြင့်လွင်သည် ၎င်း၏ Win Lwin Oo Facebook Account ဖြင့် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သောသတင်းများရေးသား၍ CDM လှုပ်ရှားမှုတွင်ပါဝင်လာအောင် လှုံ့ဆော်ခြင်း၊ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်ခြင်း၊ သံပုံးတီး၍ လှုံ့ဆော်ဆန္ဒပြခြင်းနှင့် CRPH အား ထောက်ခံကြောင်းရေးသားခြင်းများ ဆောင်ရွက်ခဲ့သဖြင့် မေ ၁၅ ရက်တွင် ၎င်း၏နေအိမ်၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး မြိတ်မြို့မ ရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သဖြင့် အမှုဖွင့်လှစ်ခံထားရသူများဖြစ်သည့် ရုပ်ရှင်သရုပ်ဆောင် ဇင်ဝိုင်း(ခ)ဌေးလွင်နှင့် အဆိုတော်သရုပ်ဆောင် ပိုပို(ခ)ဝတ်ရည်မိုးတို့ ၂ ဦးကို ၎င်းတို့၏နေအိမ်များ၌ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၅

**နိုင်ငံတော်ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သဖြင့် အမှုဖွင့်လှစ်ခံထားရသူများဖြစ်သည့် ရုပ်ရှင်သရုပ်ဆောင် ဇင်ဝိုင်း (ခ) ဌေးလွင်နှင့် အဆိုတော်သရုပ်ဆောင် ပိုပို(ခ)ဝတ်ရည်မိုးတို့ ၂ ဦးကို ၎င်းတို့၏နေအိမ်များ၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ မေ ၁၅ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုင်ငံတော်ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သူများနှင့် လှုံ့ဆော်မှုများတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ တောင်ဥက္ကလာပမြို့မ ရဲစခန်း၌ မတ် ၁၂ ရက်တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်အမှုဖွင့်လှစ်ခံထားရသည့် တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ယင်းမာလမ်း၊ အမှတ်(၁၃၄/၂)နေ အဆိုတော်သရုပ်ဆောင် ပိုပို(ခ)ဝတ်ရည်မိုးကို မွန်းလွဲ ၃ နာရီတွင် ၎င်း၏နေအိမ်၌ Military Coup End စသည့်စာသားပါဆန့်ကျင်စာသားများ ရေးသားထားသော ကတ်ထူဆိုင်းဘုတ်များ၊ ဖိုက်ဘာဦးထုပ် ၃ လုံး၊ မီးခိုးကာမျက်နှာဖုံး ၁ ခု၊ လက်ကိုင်ဖုန်း ၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဗဟန်းမြို့မရဲစခန်း၌ မတ် ၁၂ ရက်တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံထားရသည့် ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်(၁၀၃)၊ တိုက်-ဘီနေ ရုပ်ရှင်သရုပ်ဆောင် ဇင်ဝိုင်း (ခ) ဌေးလွင်ကို ညနေ ၅ နာရီ မိနစ် ၂၀ တွင် ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူ ရုပ်ရှင်သရုပ်ဆောင် ဇင်ဝိုင်း (ခ) ဌေးလွင်နှင့် အဆိုတော်သရုပ်ဆောင် ပိုပို (ခ) ဝတ်ရည်မိုးတို့ ၂ ဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



ဇင်ဝိုင်း (ခ) ဌေးလွင် (ရုပ်ရှင်သရုပ်ဆောင်)




ပိုပို(ခ) ဝတ်ရည်မိုး (အဆိုတော်)

**သတင်းစဉ်**

## ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၈ သန်း ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၈ သန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် လွိုင်လင်မြို့နယ် လွိုင်လင်-တောင်ကြီးသွား ကားလမ်း ဟိုတင့်ကျေးရွာအနီးတွင် နေမျိုးအောင် (၃၃ နှစ်)၊ မောင်းနှင်လာသည့် ALPH-ARD မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၈ သန်း ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ဖမ်းဆီးရမိသော စိတ်ကြွရူးသွပ်ဆေးပြားများအား တာဝန်ခံ သယ်ဆောင်သူ သောင်းလှိုင် (၃၅ နှစ်)နှင့် ညီအောင်မြင့် (၄၃ နှစ်)တို့ ၂ ဦးကို မွန်းလွဲ ၃ နာရီခန့်တွင် ဟိုတင့်ကျေးရွာနှင့် နှစ်မိုင်ခန့်အကွာ လွိုင်လင် - တောင်ကြီးသွားကားလမ်းတွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိသောစိတ်ကြွရူးသွပ်ဆေးပြားများကို ကျေးသီးမြို့နယ် ဝမ်ဟိုင်းကျေးရွာမှ တောင်ကြီးမြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။


**သတင်းစဉ်**



# ဘဝနတ်ထံပျံလွန်တော်မူ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်ကွက်၊ မိုးကောင်းစာသင်တိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၆၃)ဝါအရ ၁၃၈၂-ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ (၁၅-၄-၂၀၂၁)၊ ကြာသပတေးနေ့၊ နံနက် (၁၀:၄၇)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

### နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်ကွက်၊ မိုးကောင်းစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ လှည်းသွင်းကျေးရွာ၊ ခမည်းတော် ဦးဘဒင်+မယ်တော် ဒေါ်မော်တို့မှ ၁၃၀၀ - ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်သည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ လှည်းသွင်းကျေးရွာ၊ လှည်းသွင်းကျောင်းဆရာတော် ဘဒ္ဒန္တကုမာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပြီး၊ ၁၃၁၉-ခုနှစ်၊ တပေါင်း လဆန်း ၁၅ ရက်နေ့တွင် ရေဦးမြို့၊ ဗိုလ်အောင်ဇေယျ ရပ်ကွက်၊ ဝါဆိုပါဠိတက္ကသိုလ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရေဦးမြို့၊ အောင်မင်္ဂလာ ရပ်ကွက်၊ ဒေါ်စိန်မြနှင့် တူ/တူမများ၏ ပစ္စယာနုဂ္ဂဟဖြင့် မြတ်မြင့်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ရေဦးမြို့နယ်၊ လှည်းသွင်းကျေးရွာ၊ လှည်းသွင်းကျောင်းဆရာတော် ဘဒ္ဒန္တကုမာရ၊ ရေဦးမြို့၊ ဝါဆို ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ၊ တမ္ပဝတီဆရာတော် ဘဒ္ဒန္တအရိယာဘိဝံသ၊ အမရပူရဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ၊ တာရာမင်းကျောင်း ဆရာတော် ဘဒ္ဒန္တပညာဇောတာဘိဝံသ၊ ရွှေရေးဆောင်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍဝါဘိဝံသ၊ တောင်ပြင်ထီးလင်းတိုက် ဆရာတော်ဘဒ္ဒန္တပုညာနန္ဒာဘိဝံသ၊ အနောက်ပြင် တောင်သမန်တိုက် စာချအကျော် ဆရာတော်ဘဒ္ဒန္တကေသဝါဘိဝံသ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပြီး၊ သာသနဓဇဓမ္မာစရိယ၊ ပရိယတ္တိသာသန ဟိတဓမ္မာစရိယ၊ သံယုတ္တနိကာယပါရဂူ ဘွဲ့တို့ကို ရရှိအောင်မြင်တော်မူခဲ့သည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ တာဝန်များ ထမ်းဆောင်တော်မူခဲ့ပြီး ၂၀၁၉-ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။


**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**


ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ဆရာတော်ကြီးအား ၂၀၀၈-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ၊ ၂၀၁၄-ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ၂၀၁၈-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်တို့ကို နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၆၃)ဝါအရ ၁၃၈၂-ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ (၁၅-၄-၂၀၂၁)၊ ကြာသပတေးနေ့၊ နံနက်(၁၀:၄၇) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော် မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စု နယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၃၉၁၀၆၉၀၀၊ ၀၃၆-၃၁၀၀၅

(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
မာရဝိဇယဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။


## အမြို့မြို့ အနယ်နယ် ပျံ့နှံ့သည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းဖော်ပြလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း - ၀၉ - ၄၃၀၂၇၃၃၇၊ ၀၉ - ၄၃၀၁၉၁၆၂
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း - ၀၉ - ၄၃၀၃၆၀၃၀၊ ၀၉ - ၄၂၀၁၁၄၀၀၅၊
  ၀၉ - ၄၂၀၁၁၅၀၅၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း - ၀၉ - ၄၅၀၀၂၅၁၄၅၊ ၀၉ - ၅၁၆၆၅၄၃၊
  ၀၉ - ၄၂၀၁၃၆၉၆၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း - ၀၉ - ၂၀၅၁၆၈၃၊ ၀၉ - ၆၉၆၁၁၃၆၉၉
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း - ၀၉ - ၂၅၄၄၃၆၆၃၀၊ ၀၉ - ၈၉၃၉၇၅၅၃၈
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း - ၀၉ - ၂၅၀၂၀၄၆၅၁၊ ၀၉ - ၄၂၂၂၁၉၈၅၃
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း - ၀၉ - ၆၈၇၉၀၂၇၁၇၊ ၀၉ - ၆၇၃၄၅၄၄၀၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း - ၀၉ - ၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း - ၀၉ - ၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း - ၀၉ - ၉၇၅၃၂၈၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း - ၀၉ - ၅၁၇၁၁၂၃
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း - ၀၉ - ၂၅၉၀၈၅၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း - ၀၉ - ၂၅၈၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း - ၀၉ - ၇၈၁၉၀၇၈၀၇

Email (သို့) Viber ဖြင့်
ပေးပို့၍လည်း ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်-

မြန်မာ့အလင်း
mmalygn544@gmail.com
(+95)9420 114 005

ကြေးမုံ
newstest.ygn@gmail.com
(+95)951 66 543

**တစ်လအတွင်း** မြန်မာ့အလင်း ကျပ်(၅၀)သိန်း။ ကြေးမုံ ကျပ် (၇၅)သိန်းဖိုးနှင့်အထက် ကြော်ငြာပြီး

5% Discount

အမြန်ဆုံး ရယူလိုက်ပါ



စစ်တွေကမ်းခြေ၌ သင်္ကြန်အကြတ်နေ့တွင် လာရောက်ရေကစားသူများဖြင့် စည်ကားနေစဉ်။ ဓာတ်ပုံ-ဝင်းမင်းစိုး(ပြန်/ဆက်)

# သင်္ကြန်အကြတ်နေ့ စစ်တွေမြို့၌ ပျော်ရွှင်စွာ ရေကစားသူများဖြင့် အထူးစည်ကား

**စစ်တွေ မေ ၁၅**

နှစ်သစ်ကူး မဟာသင်္ကြန်အကြတ်နေ့တွင် စစ်တွေမြို့ မြို့ပေါ်ရပ်ကွက်များနှင့် စစ်တွေကမ်းခြေ၌ ယနေ့ မွန်းလွဲပိုင်းမှစ၍ ရေကစားသူများနှင့် ရေပက်ခံထွက်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မဟာသင်္ကြန်အကြတ်နေ့တွင် စစ်တွေမြို့၌ ရေပက်ခံထွက်သူများ၊ ရေကစားကြသူများ မိမိတို့နေအိမ်ရှေ့များတွင် ရခိုင်ရိုးရာခနိလက်(ရေအုန်းလက်)များနှင့် ရေကစားမဏ္ဍပ်များ ဆောက်လုပ်ကာ ရေကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

သင်္ကြန်အကြတ်နေ့တွင် မြို့ပေါ်ရပ်ကွက်များသို့ ရေပက်ခံထွက်လာသည့် စစ်တွေမြို့ မောလိပ်ရပ်ကွက်မှ ကိုထွန်းရွှေမောင်က "စစ်တွေမြို့မှာ ပွဲလမ်းသဘင်တွေလည်းမရှိတာ မကျင်းပတာကြာပြီဆိုတော့ သင်္ကြန်ပွဲမှာ ပိုပြီးတော့ပျော်ကြတာပေါ့။ အခုဆိုရင် ရခိုင်ပြည်နယ်က အေးချမ်းတည်ငြိမ်လျက်ရှိတယ်။ အရင်နှစ်တွေကဆိုရင် တိုက်ပွဲတွေဖြစ်တယ်။ နောက်ပြီးတော့ ကိုဗစ်-၁၉ ရောဂါကလည်းဖြစ်တော့ ပျော်ပွဲရွှင်ပွဲတွေ မကျင်းပဖြစ်ကြပေ့ါ။ အခုဆိုရင် ကိုဗစ်ရောဂါကလည်း မရှိသလောက်ဖြစ်သွားပြီ ဒေသကလည်း တည်ငြိမ်အေးချမ်းနေတယ်ဆိုတော့ သင်္ကြန်ပွဲတော်ကို ပျော်ပျော်ပါးပါး ဆင်နွှဲကြတာပေ့ါ။ နှစ်သစ်မှာ ရခိုင်ပြည်နယ်ကြီး အခုထက်ပိုပြီးတော့ သာယာအေးချမ်းပါစေ။

*စာမျက်နှာ ၇ ကော်လံ ၁* ❖




## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်သို့ ရီးရဲမက်ဒရစ်တို့ လီဗာပူးကို အနိုင်ယူပြီး တက်ရောက်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့အဖြစ် လီဗာပူးနှင့် ရီးရဲမက်ဒရစ်အသင်းတို့ ဧပြီ ၁၅ ရက် နံနက်ပိုင်းက လီဗာပူး အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိ သရေကျခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်း ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

လီဗာပူးအသင်းသည် ယနေ့ပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ကန်သွင်းမှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ သို့သော်လည်း လိုအပ်နေသည့် ဂိုးများကို မြင်တွေ့ခဲ့ရခြင်းမရှိဘဲ ဂိုးမရှိ သရေဖြင့်သာ ကျေနပ်ခဲ့ရပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယနေ့ပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းကို သရေကျခဲ့သောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်အသင်းနှင့် တွေ့ဆုံခဲ့သည့် နောက်ဆုံးငါးကြိမ်တွင် တစ်ပွဲသရေကျပြီး လေးပွဲအထိ ရှုံးနိမ့်ထားသည့်အတွက် နိုင်ပွဲမရရှိသည့် မှတ်တမ်းကို ပိုင်ဆိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့ခြင်းမှာ ၂၀၁၆ ခုနှစ် ဧပြီလ နောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ ထိုစဉ်က ရီးရဲမက်ဒရစ်အသင်း သည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်၌ မန်စီးတီးအသင်းနှင့် ဂိုးမရှိ သရေကျခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၄* ●

**ယနေ့ သ တင်း အ ညွှန်း**


**အီရန်အပေါ် ပိတ်ဆို့ထားရှိမှုများကို ဖယ်ရှားပေးရန် အမေရိကန်က ဆန္ဒရှိဟုဆို**

*နိုင်ငံတကာရေးရာ* စာ » ၁၄

..................................

**ပူဇော်ထိုက်သူကို ပူဇော်ရခြင်းဆိုသည့် မင်္ဂလာတရားတော်တို့နှင့် ပြည့်စုံနိုင်ကြပါစေ**

*ဆောင်းပါး* စာ » ၂၂

..................................

**ရခိုင်သင်္ကြန်နှင့် သင်္ကြန်အကြို ဘုရားရေချိုးပွဲဓလေ့**

*ဆောင်းပါး* စာ » ၂၆